
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စမ်းမာန်ဆောင်မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ကိုယ်ရဲ့တစ်ကိုယ်တော်လေဒီ

## ရှင်မိထယ်

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မီထယ်

## ကိုယ့်ရဲ့တစ်ကိုယ်တော်လေဒီ

စီစဉ်သူ - မယမင်းလတ်

စာမူခွင့်ပြုချက်အမှတ် –

အဖုံးခွင့်ပြုချက်အမှတ် –

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျော်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် ၁၂၊ သရဖီလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊

၂၀၁၂၊ ဇန်နဝါရီလ

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

၈၉၅.၈၃

ရှင်မီထယ်

ကိုယ့်ရဲ့တစ်ကိုယ်တော်လေဒီ / ရှင်မီထယ် ။ ရန်ကုန်၊

သိန်းမင်းစာပေ ၊ ၂၀၁၁ ။

၂၃၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ကိုယ့်ရဲ့တစ်ကိုယ်တော်လေဒီ

လူတိုင်း လူတိုင်းမှာ
တကယ်ချစ်ရသည့်
ချစ်သူတစ်ဦးတစ်ယောက်တော့
ရှိမှာအမှန်ပါ၊
အဲဒီချစ်သူမျိုးကို
ခင်ဗျားတို့ ဘယ်လိုတင်ပွန်းတပ်ချင်ပါသလဲ၊
ကျွန်တော်ကတော့
ကိုယ့်ရဲ့တစ်ကိုယ်တော်လေဒီလို့
တင်ပွန်းတပ်ချင်တယ်၊

နေတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရည်းစားများတဲ့
ယောက်ျားတစ်ယောက်က
ကိုယ့်ကိုလာချစ်တာ
ဘယ်မိန်းကလေးမှ
မနှစ်မြို့နိုင်ခဲ့ပေမယ့်
အဲဒီယောက်ျားရဲ့
အတည်တကျ ချစ်ခြင်းကိုတော့
ရင်ခုန်သာယာမိသေးတာပေါ့ကွယ်။

ရွှေဝန်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

BURMESE CLASSIC .com

Super Market ထဲမှာ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည့် နေတိုင်းကိုကြည့်ပြီး စိတ်ထဲမှာ မျက်မုန်းအကျိုးကြီးကျိုးနေသူက တော့ ရန်လင်းရယ်ပါ။

ရန်လင်း မျက်မုန်းကျိုးဆိုလည်း ကျိုးစရာကောင်းလောက် အောင် နေတိုင်းမှာ နိစ္စဓူဝ ဘော်ဒါတွေနှင့် မအားမလပ် ဖုန်း ဒိုင်ခံ ပြောနိုင်သူ ဖြစ်သည်။

ပြောခဲ့သည့်စကားတွေမှာလည်း တစ်ခါမှ ရန်လင်းနားထဲ အရာရောက်သည့်စကားတွေ မပါခဲ့သလို . . .

သူ့ရဲ့သူငယ်ချင်း,မက ရည်းစားမကျ ကောင်မလေးတွေနှင့်

ရွှေမင်းနီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စေ အေးစေ ခင်းနေခဲ့တာချည်းပင် ဖြစ်ခဲ့သည်။

အခုလည်း နေ့တိုင်း ဖုန်းတစ်လုံးနှင့် အိပ်နေတာကို နား ကလောလွန်းလို့ ရန်လင်း တစ်ဖက်လှည့်နေခဲ့ပေမယ့် နေတိုင်းအသံ က အတိုင်းသား ကြားနေရသေးသည်။

"အေး ဟေး ဟေး . . . ဟုတ်တယ် ဟုတ်တယ်ကွ၊ အဲဒီ ကောင်မလေးက ကိုယ့်ကို အသားလွတ်ကို လိုက်ကပ်နေတာကွ၊ ကိုယ်က သူ့ကိုကြောက်လွန်းလို့၊ ဟား ဟား . . . ရယ်ရတယ်၊ အလည်မ ပန်ကာ၊ သူနဲ့ကိုယ် လုံးဝဘော်ဒါ မဟုတ်ဘူးနော်၊ ကိုယ်က ရိုးရိုးသားသားပဲ၊ အင်း . . . ဒါပေမဲ့ မြို့ကိုတော့ ဟဲ ဟဲ . . . သဘော ပေါက်တယ်နော်"

ပြောချင်တာတွေကို ညက်ညက် ညက်ညက်နှင့် ပြောပြီးလို့ Hand Phone ကလေးပိတ်ပြီး ခါးကြားထိုးကာ ရန်လင်းကို လမ်း လျှောက်နေရာမှ လှည့်လိမ်ပြီး စောင်းကြည့်လိုက်တော့ သူ့ကို လက် ကြီးပိုက်ပြီး မကျေနပ်သလို ကြည့်နေတာ တွေ့လိုက်ရတာမို့ သူက ပခုံးတစ်ချက်တွန့်ကာ ရန်လင်းကို ဖျတ်ခနဲ မျက်စိမှိတ်ပြလိုက်သည်။

"ဟော့ကောင် . . . မင်း ငါ့ကို မှိတ်စိမှိတ်မပြနဲ့၊ ငါ မင်း ရည်းစားမဟုတ်ဘူး"





"ရည်းစားဆိုရင် မင်းကို ဘယ်မှိတ်ပြတော့မလဲ"

"ဘာလုပ်မှာလဲ"

"ဟဲ ဟဲ . . . Kiss မှာ Kiss မှာ"

သူက ရန်လင်းကို ပခုံးနှစ်ဖက်တွန့်ပြပြီး လမ်းဆက်လျှောက် လိုက်သည်။

"နေတိုင်း . . . မင်း လမ်းလျှောက်တာ စတိုင်လ်နဲ့ကွ"

"ဟ . . . ဘာကြောင်တာလဲကွ"

ရန်လင်းက သူ့ကို တံတောင်နှင့်တွတ်ပြီး ခပ်မမ ပြောလိုက် တော့ သူ့စိတ်ထဲမှာ ကျေနပ်ခံစားလိုက်ရသည်။

အင်း . . . ရန်လင်းက သူ့စတိုင်လ်ကို ကြိုက်သတဲ့။

သူကလည်း သူ့စတိုင်လ် သူကြိုက်ပါသည်။

ကိုယ့်ကိုယ်ကိုယ် လူအများ စိတ်ဝင်စားအောင် ခေါင်းလေး ငဲ့ကာ ငဲ့ကာနှင့် ကွတစ် ကွတစ် လမ်းလျှောက်ပြီး မျက်လုံးကို ကြာ ပါပါကြည့်ခဲ့တာ သူ တမင်ထွင်သည့် သူ့စတိုင်လ်ကို သူကလည်း ကြိုက်သလို မိန်းကလေးအတော်များများကလည်း ခိုက်ကြပါသည်။

ခိုက်ဆိုလည်း မပြောနှင့် . . . သူ့စတိုင် သူ့ဟန်က ခေတ်ရှေ့ ပြေးနေပြီး လန်ထွက်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တချို့ ဘွားတော်တွေကဆို သူ့ကိုမြင်တာနှင့် နှာခေါင်းရှုံ့ကြသည်။

သူ ဝတ်စားထားတာက အမွေးအမျှင်ဘောင်းဘီတွေ၊ ကြိုးတိုးလိုးတွဲလောင်းတွေ၊ ဒိုင်ခွက်နာရီကြီးကြီးနှင့် စိန်နားကပ် တစ်ဖက်ရယ်၊ ဖိုင်ဘာအမည်းလက်ကောက် ဆယ်ကွင်းလောက်ကို ညာလက်မှာလည်း ရှုပ်ယှက်ခတ်အောင် ဝတ်ထားသေးတော့ သူ့ကိုမြင်တာနှင့် ဘွားတော်များက အလိုလို မျက်စောင်းခဲပြီး ကျော်ခိုင်းသွားကြတာ သူကလည်း စိတ်မဆိုး။

အင်း . . . တစ်နေ့ကတောင် ဘွားတော်တစ်ယောက်က သူ့ကို မကြည်သလို ကြည်သလို ကြည့်လို့ သူ မျက်စိမှိတ်ပြလိုက်သေးသည်။

ကဲ . . . ဘယ့်နှယ်ရှိစ။

ဘွားတော်တွေ ဘိုးတော်တွေက သူ့ကိုကြည့်မရ၊ မျက်မုန်းကျိုးခဲ့ပေမယ့် ရန်လင်းကတောင် သူ့စတိုင်လ်ကို ကြိုက်တယ်လို့ ပြောတော့ သူကလည်း နယ်ကနေ အခုမှရောက်လာသည့် ရန်လင်းကို Fashion ဒီဖိုင်းတွေထွင်ကာ ရန်လင်းအတွက် အဝတ်အစားတွေကို ဒီကုန်တိုက်ကပဲ တစ်ပွေ့တစ်ပိုက်ကြီး ဝယ်ပေးလိုက်တော့သည်။





သူဝယ်သည့် အဝတ်အစားတွေကိုကြည့်ပြီး ရန်လင်း မျက်လုံးပြူးကြည့်ကာ . . .

"မင်းဝယ်တဲ့ အဝတ်အစားတွေ များလိုက်တာကွာ၊ ဂျင်းဘောင်းဘီ အတိုအရှည်တွေကလည်း များလိုက်တာ၊ စူပါအိတ်ပါ ကူထည့်မှရမယ်"

"ဟဲ ဟဲ . . . ငါက ငါ့အတွက်ပဲ ဝယ်မလားကွ၊ မင်းအတွက် ပါ ပါတာပေါ့"

"ဟာ . . . ဟန်တယ်ဗျို့၊ ဒါဆို မြန်မြန်လစ်ကြစို့ကွာ၊ ငါ စတိုင်လ်မိမိ ဝတ်ကြည့်ချင်ပြီ"

အင်း . . . ဟုတ်ပေသားပဲ။

တစ်သက်လုံး ပိုက်ဆံမရှိတဲ့ဘဝနဲ့ နေလာခဲ့ရတဲ့ ရန်လင်းကို သူကလည်း ပြည့်ပြည့်ဝဝကို ကူညီပြီး အကောင်းဆုံး၊ အဖိုးတန်ဆုံးတွေကိုမှ ရန်လင်းအတွက် ဝယ်ပေးလိုက်တာဖြစ်သည်။

အဲဒီလို ဝယ်ပေးလိုက်တဲ့ စတိုင်လ်ကျတဲ့ ဘောင်းဘီရှည်တွေနှင့် စပို့ရှပ်၊ တီရှပ်၊ ခွပ်ကျယ်ချိုင်းပြတ် အမျိုးမျိုး တွဲဝတ်ကာ ရန်လင်း အခန်းထဲမှာ ပြန်ရောက်ပြီးပြီးချင်း ပျော်လုံးဆို့ ခြေသပေါ်ရှိုး ထိုးနေတာကိုကြည့်ပြီး သူ့မှာ ပြုံးစိစိ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရန်လင်းကို ပြုံးစိစိကြည့်နေတာကို ရန်လင်းက တစ်မျိုးကောက်သွားပြီး . . .

"နေတိုင်း . . . ငါနဲ့လိုက်ရဲ့လားကွာ၊ Smart ကျရဲ့လား"

ဂျင်းဘောင်းဘီရှည်နှင့် စပို့ရှပ်အနက်လက်တိုကလေးကို တွဲဝတ်ထားသည့် ရန်လင်းက ဝေလုံမလဲမေးလာတော့ သူ ပိုပြီး ပြုံးဖြီးဖြီး ဖြစ်သွားရသည်။

"ဟကောင်ရ . . . ဘာဖြီးတီးတီး လုပ်နေတာလဲ၊ ငါနဲ့ လိုက်ရဲ့လားလို့ မေးနေတာ မကြားရအောင် . . . ဟွန်း၊ လူကိုများ သူ့ရည်းစား ကျနေတာပဲ၊ ပြုံးစိစိကြီး စိုက်ကြည့်နေရအောင်"

"လိုက်ပါတယ်ကွာ . . . ကျောက်တံကို ပလတ်စတစ်စွပ်လိုက်သလိုပဲ"

"ဟာ . . . မင်းကလည်း"

ရန်လင်းက သူ့စတိုင်လ်ကို အတုခိုးပြီး ခေါင်းတစ်ချက်ခါကာ ဆံပင်ကို ကုတ်ဖွလျက် မူအိုက်တင်ကြီး လုပ်လိုက်သည်။

ရန်လင်းရဲ့ မူအိုက်တင်ကြီးကိုကြည့်ပြီး သူက မျက်နှာကြီးကို ပင့်မော့ကာ တဟားဟား အော်ရယ်ပစ်လိုက်သည်။

လက်ခုပ်နှစ်ဖက်ကိုလည်း တဖြောင်းဖြောင်း ဝိတ်တီးပြီး





သူ့ကို မကျေမနပ်မျက်စောင်းကြီး ခဲကြည့်လာသည့် ရန်လင်းကို စိတ်ကျေနပ်အောင် ပြောလိုက်ရသည်။

"အလကားပြောတာ . . . လိုက်ပါတယ်ကွာ၊ မင်းက နဂိုကတည်းက ရှိုးပြည့်ပြီးသားပါ"

"ရှိုးပြည့်ပေမယ့် ရှပ်ကတော့ မင်းလောက် ပါမလုံပါဘူး"

"လာပါတယ်ကွာ"

"အေး . . . ပိုပြီးပြည့်စုံအောင် မင်းလို Smart အပြည့်မိအောင် မင်းကိုင်တဲ့ Hand Phone ကလေး ငါ့ကိုပေးကိုင်ပါလားကွာ၊ ငါ မင်းလို Hand Phone ကလေးနဲ့ Style မိချင်လို့"

"အင်း . . . မင်းကိုပေးထားတာတော့ ဟုတ်ပါပြီ၊ ငါက ဘော်ဒါတွေရှိလို့ ဖုန်းသုံးနေရတာ၊ မင်းက အခုမှရောက်တာ၊ ဘော်ဒါမှ မရှိသေးတော့ မင်းဘယ်သူက ဖုန်းဆက်မှာလဲကွ၊ တစ်နေ့ကုန်ကြီးတော့ ယူမထားနဲ့ပေါ့ကွာ၊ လူရှေ့ သူရှေ့ကျ ခဏဖြစ်ဖြစ် ကိုင်ထား အထာပေါ့ကွာ . . . သိတယ်မဟုတ်လား"

"အေး အေး . . . ဖြစ်တယ်ကွ၊ ဘာပဲဖြစ်ဖြစ် ငါ့ စတိုင်လ်မိရင် ပြီးတာပဲ"

အဲဒီလို သူ ခွင့်ပြုလိုက်တာနှင့် ရန်လင်းက ပျော်ပျော် ထ



www.burmeseclassic.com

www.burmeseclassic.com




အော်ပြီး မှန်ထဲမှာ Hand Phone တစ်လုံးနှင့် ကောင်မလေးကို ရည်း စားစကားပြောပွဲ ကျင်းပပါတော့သည်။

အင်း ... ရူးပဲ့ ရန်လင်းရယ်။

သူ့ရည်းစားတွေကို ပြောသည့်စတိုင်လ် ချက်ချင်း အတုခိုး ကာ သူ့ရင်ထဲမှာ အတော်ကြီးကို ရယ်ချင်သွားပေမယ့် ...

ရန်လင်းလည်း သူ့လို ရုပ်ချောချင်မှာပါပဲ၊ ရည်းစားထားချင် မှာပဲ ဆိုတာကို ကိုယ်ချင်းစာနားလည်ခဲ့မိကာ ရယ်ချင်စိတ်တွေကို ကျိတ်မျိုချလိုက်ရတော့သည်။







"ဟဲ့ ရွှေဖုန်း ... ငါပြောတာ မယုံမရှိနဲ့နော်၊ အဲဒီအမျိုးသမီး တော်တော်ပြေးနေတာ"

"ဘာပြေးတာလဲ"

"ခေတ်ရှေ့အတော့်ကိုပြေးတာ၊ ခေတ်စားတယ်ပေါ့ဟာ၊ ဒါပေမဲ့ ရုပ်ချောသလားလို့ နင်တို့မမေးနဲ့ ... ရုပ်ကြီးကဟယ်"

သူငယ်ချင်းသုံးယောက်သား ရုံးကအပြန် လမ်းထဲက Restaurant တစ်ဆိုင်မှာ ဗိုက်ဆာဆာနှင့် ခေါက်ဆွဲကြော်တွေကို တဝတပြဲစားပြီး တစ်ယောက်တစ်ပေါက် သူများအတင်းကို အုပ်ချ ကြခြင်းဖြစ်သည်။ (ဝါသနာအရ အတင်းတုတ်ကြခြင်းပင်။)



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ရုပ်ကြီးက ဘာလဲ ... ပြောပါဦး"

ရှုံ့ရှုံ့မဲ့မဲ့ဖြစ်သွားသည့် သူငယ်ချင်းကို မေးဆတ်ပြီး ရွှေဖုန်း မေးလိုက်တော့ ဂူးက သူမမျက်နှာကိုသူမ လက်ညှိုးပြန်ထိုးကာ ...

"ငါ ချောသလားဟေ"

"ဟဲ့ ... အစုတ်ပလုတ် ဂူး၊ ဘာတွေ လျှောက်မေးနေတာလဲ ရူးသလိုလိုနဲ့"

"ငါမေးတာသာ ဖြေစမ်းပါ"

ဂူးက မျက်နှာတစ်ခုလုံး စပရင်လို မဲ့လိုက်တော့မှ ရွှေဖုန်းက ...

"မဆိုးပါဘူး ... ပါးရိုးကြီးတာတော့"

"အောင်မယ်လေး တော်ပြီ ... ငါ့ထက် အဆတစ်ရာ လောက် ရုပ်ဆိုးတယ်၊ ဒါပေမဲ့ ခေတ်စားတယ်ကွ"

"ဒါဆို ဘာဖြစ်လို့လဲ မသိဘူးနော်"

"မသိဘူးလေ ... အဟင်း ဟင်း"

ရွှေဖုန်းတို့သူငယ်ချင်းတွေ စားလည်းစားပြီးပြီမို့ သူများ မကောင်းကြောင်း၊ ကိုယ်ကောင်းကြောင်း လှည့်ပြောနေကြတော့ သည်။

ရွှေမင်းနီတဓပ



အဲဒီအချိန်မှာ ဘေးစားပွဲက ပြူးတူးပြဲတဲ ဖုန်းစကားပြော နေသည့် အသားညိုညို အရပ်ရှည်ရှည်၊ ခပ်ပိန်ပိန် လူတစ်ယောက်ကို အဝတ်အစားဝတ်ထားတာနှင့် ဆန့်ကျင်ဘက် ရွှေဖုန်းတို့သူငယ်ချင်း တွေ နှာခေါင်းရှုံ့ ကဲ့ရဲ့ကြည့် ကြည့်လိုက်ကြသည်။

"ဟယ် ... ဟိုတစ်ယောက်ကြည့်စမ်း ... ဖုန်းပြောနေတာ ခြေဟန်လက်ဟန်နဲ့ ဒုံးယိမ်းကနေတယ်"

"သူ ဒုံးယိမ်းကတာ အကြောင်းမဟုတ်ဘူးဟဲ့၊ အောင်မယ် လေး သောက်ဝ ... ငါ့မှာ ပိုက်ဆံတစ်ပြားမှ မရှိတော့ဘူး၊ ဂူး ... နင့်မှာ ပိုက်ဆံဘယ်လောက်ရှိသလဲ ... ကြည့်ဦး"

"ငါကတော့ အစကတည်းက ပြောထားတယ်နော်၊ တပည့် မရှား တစ်ပြားမရှိလို့၊ ဟဲ ဟဲ"

သူငယ်ချင်းသုံးယောက်သား တစ်ယောက်တစ်ပေါက် ပိုက် ဆံအိတ်ဖွင့်နေတာကို ဝိတ်တာလေးက မျက်မှောင်ကြုတ်ကြည့်နေ တုန်းမှာပဲ ဂူးက ...

"ဟဲ့ ... ငါ့မှာလည်း တစ်ထောင်ပဲ ရှိတော့တယ် ... ဟိ ဟိ ... ကောင်းရော၊ ကောင်းလေး ... တို့တော့ ပိုက်ဆံမလောက်ဖြစ် ပြီ"

ရွှေမင်းနီတဓပ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အစ်မတို့ဟာကလည်းဗျာ"

"အံမယ် ... နင့်ပိုက်ဆံ လိမ်မသွားပါဘူး။ ဟွန်း ... ဖြစ်နေလိုက်တာ၊ ပိုက်ဆံလေး မတောက်တခေါက်ကို အိမ်ကို ဖုန်းဆက်လှမ်းတောင်းရင် အခုချက်ချင်းရောက်တယ်"

အဲဒီအချိန်မှာပဲ ရွှေဖုန်းက အကြံရသွားပြီး စောစောကခုံးယိမ်းကွက် ကျောင်နင်းနေသည့် Hand Phone ပိုင်ရှင်လေးကိုဖုန်းငှားဖို့ သတိရသွားကာ အဲဒီကောင်လေးဆီ လျှောက်သွားလိုက်သည်။

ကောင်လေးက သူ့ဆီလျှောက်လာနေတာကို မသိဘဲ သူ့အရှိန်နှင့်သူ စကားပြောနေရာမှ အလန့်တကြားဖြစ်သွားကာ ခြေကားယား လက်ကားယားဖြင့် ...

"ဟာ ... ဘာဖြစ်တယ် ဖေဖေ၊ ဖေဖေ ဟာ ... ဒါဆိုကျွန်တော် ဘယ်လိုလုပ် အမြန်လာ ... ဟုတ်လား ... ဟာ"

"ဒီမှာ ကျေးဇူးပြုပြီး ရှင့်ဖုန်း ခဏဆက်ချင်လို့ပါ၊ Restaurant ဖုန်းက အပေါ်ထပ်မှာမို့လို့ပါ"

"ဟာ ... ဒုက္ခပဲ၊ ဟာ ... ဒုက္ခပါပဲ"

ရွှေဖုန်းလက်ထဲကို ဖုန်းကလေးထိုးပေးရင်း တဟာဟာနှင့်





လျှောက်ပြေးသွားသည့်ကောင်လေးကို ဂရုစိုက်ကြည့်မနေအားတော့ဘဲ အိမ်ကို ပိုက်ဆံမှာလိုက်ပြီဖြစ်သည်။

လိုသလောက် ပိုက်ဆံမှာပြီးလို့ ဖုန်းပိတ်ပြီးမှ ကောင်လေးကို သတိရသွားကာ စားသောက်ဆိုင်ထဲကို ငေ့ဲအကြည့် ရွှေဖုန်းအရှေ့ကို ခြေလှမ်းကျဲတွေနှင့် ရောက်လာသည့် ခေတ်ရှေ့ပြေး ကောင်လေးတစ်ယောက်ကို ရွှေဖုန်းက တည့်တည့်စိုက်ကြည့်လိုက်သည်။

ရွှေဖုန်းရှေ့ရပ်လာတော့ ထိုဖုန်းပိုင်ရှင်နဲ့ ထိုကောင်လေးဟာ အသိတော့ ဖြစ်ဟန်တူတာ ရွှေဖုန်း နားလည်ပြီး ရပ်လာသည့် ကောင်လေးချောချောကိုပဲ သိချင်တာကို မေးလိုက်ရသည်။

"သူ ဘာဖြစ်သွားတာလဲ"

"မသိဘူးဗျ ... ဒီကောင် ဘာဖြစ်သွားမှန်းကို မသိဘူး"

"ဒါဆို ရှင်က သူ့သူငယ်ချင်းလား၊ ဖုန်းကိုတော့ သူကိုယ်တိုင် လာယူပါလို့ ပြောလိုက်ပါနော်၊ ဒီမှာ ကျွန်မရဲ့ Visiting Card၊ သူ့ကို ပေးလိုက်ပါ"

"ဟာ ... အဲဒါ ကျွန်တော့် ..."

ကျွန်တော့်ဖုန်းလို့ပြောမလို့ သူ့ပါးစပ်ကြီး ဟပြီးခါမှ ...

"အဲဒီကောင်က ကျွန်တော့်ညီဗျ၊ ကျွန်တော်တို့က တစ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



တည်းနေတာ''

''ဒါဆို ကျွန်မက ဖုန်းကို ရှင့်ပေးခဲ့ရမှာလား''

''ဟာ . . . ပေးခဲ့ရမှာပေါ့၊ မပေးလို့ ကျွန်တော့်မှာ အလုပ်ကိစ္စ ရှိသေးတယ်၊ ဖုန်းကိုလည်း ကျွန်တော်တို့က လာယူရဦးမယ်၊ တော်တော်ဟုတ်ပါလား။ ဖုန်းလည်းငှားသေးတယ်''

''ဟင် . . . ရှင် ရှင် ဘယ်လိုလူလဲ၊ ရန်တွေ့ကောင်းလိုက်တာ''

''ရန်တွေ့ကောင်းတာ မဟုတ်ပါဘူး၊ ကျွန်တော်က သဘောပြောတာပါ''

သူမ စိတ်ဆိုးသွားတော့မှ အဲဒီလူက သူ့စကားသူ လျှော့ချသွားတာကို ရွှေဖုန်းက အခဲမကျေ စိုက်ကြည့်ပြီး . . .

''သဘောပြောပြော၊ မပြောပြော၊ ဒီမှာရှင့် . . . ရှင့်ညီနဲ့ ဖုန်းလာယူရင် လာယူ၊ မယူရင်လည်း နေပေါ့၊ ကျွန်မကလည်း ရှင့်ကို ယုံစရာအကြောင်း မရှိဘူး၊ သိတယ်မဟုတ်လား . . . ဒီခေတ်ထဲမှာ ညာစားဝါးစားတွေ မွှေနေတာ''

''ဟင် . . . မင်း မင်း ဒီလိုဆို မင်းပေးတဲ့လိပ်စာကတ်က လည်း အစစ်အမှန်မှ ဟုတ်ရဲ့လား၊ လိမ်ဆင်ကြီးများလား''





''ဟင် . . . ရှင် ရှင်''

''တော်ပြီ . . . မင်းဘာသာ မင်းကိစ္စမင်းရှင်း၊ ဖုန်းကိုမပေးဘဲ ပေါင်းပြီး အပွားခတ်ထားလည်း ရတယ်''

''တောက် . . . လူပါးဝလိုက်တာ၊ ဖုန်းကို ပေါက်လွှတ်ပစ်လိုက်လို့ မသုံးရတဲ့ဘဝအထိ တုံးသွားဦးမယ်''

ရွှေဖုန်း မကျေမနပ် ကြိမ်းလိုက်တာကို ထိုကောင်လေးက လုံးဝ ဂရုမစိုက်တဲ့ သူမရှေ့ကနေ ချာခနဲ လှည့်ထွက်သွားပြီ ဖြစ်သည်။

တောက် . . . ပုံစံကိုက ကြွသလို ရွှသလိုနှင့် မျက်မုန်းကျိုးဖို့ကောင်းလိုက်တာ။

အင်း . . . ဒီအကုသိုလ်ကောင်နှင့် နောက်တစ်ခါ ဆုံရမယ့် အဖြစ်ကို ရွှေဖုန်းက အော့ကြောလန်သွားပေမယ့် ဂူးနှင့်ငုကတော့ တစ်စခန်းထပြီး ပျော်လုံးရိုက်သွားတော့သည်။

''အား . . . ကြည့်ကောင်းတယ်ကွာ၊ သိပ်ကြည့်ကောင်း၊ ဟဲ ဟဲ . . . ထယ်စောက် ထယ်စောက်''

''ထယ်စောက်တော့ မဟုတ်ဘူး၊ စောက်ထယ် စောက်ထယ်''

သူမ မကျေနပ်နေတာကို ဂူးက တအားအော်ရယ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖုန်းရဲ့လက်ကလေးကို ဖတ်ခနဲ ပိတ်ရိုက်ကာ . . .

"ဇာတ်လမ်း ဇာတ်လမ်းနော်၊ ဗီဒီယိုထဲကလိုပေါ့ကွယ်၊ ရန်ဖြစ်ခြင်းနဲ့ ဖူးစာဖြစ်၊ ရန်ဖြစ်လိုက် မျက်စောင်းထိုးလိုက်ပဲပေါ့"

"သေလိုက်စမ်း ဂူး . . . နင် ရှုမနေနဲ့ လမ်းက တွေ့ကရာ လူကို သွားရည်ယိုမနေနဲ့"

"နင့်အတွက်ပါဟယ်၊ နင့်ကို သနားလွန်းလို့ပါ၊ ရုပ်ကလေး ချောပြီး အပျိုကြီးတန်းဝင်မယ့် အဖြစ်ကြီးဖြစ်အောင်တော့ မမူလိုက်ပါနဲ့ဟာ၊ ရည်းစားဆိုတာ အချိန်အခါ, နေရာဒေသနဲ့ ထားရတာ၊ အသက်အရွယ်လည်း ရှိသေးတယ်လေကွယ်"

"အောင်မယ်လေး . . . လောကမှာ ယောကျ်ားတွေ ရိုက်သတ်လို့ မကုန်ပါဘူးဟယ်၊ ဒီလို စိတ်ပုပ်တဲ့ကောင်ကိုတော့ ရွှေဖုန်းက ဆောရီး"

"ဟိုကလည်း နင့်ကို ဆောရီးမလား မသိဘူးနော်"

"မသိဘူးဟေ့ မသိဘူး၊ ဂူး . . . နင် သေချင်ပြီလား"

"ဟဲ ဟဲ . . . ဩော် . . . နင်က စွာလို့ပါ၊ စွာတဲ့ကောင်မလေးတွေကို ကောင်လေးတွေက မျက်မုန်းကျိုးတယ်"

"ဂရုမစိုက်ဘူးဟေ့ . . . သူတို့မျက်မုန်းကျိုးတော့လည်း"





မှတ်ထား . . .။

ဆိုင်ထဲမှာ အခုလို ခပ်ကြမ်းကြမ်း ပြောလိုက်မိပြီးမှ ရွှေဖုန်း ကိုယ့်ပါးစပ်ကိုယ် အနားသပ်လိုက်ရသည်။

ဒါတောင် ရင်ထဲမှာ မကျေနပ်နိုင်သေးဘဲ ဘယ်သူ့ကို ဆဲလို့ ဆဲမိမှန်းတောင်မသိ ဆဲနေမိသည်။

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဟာ . . . မင်း ပြန်ရောက်ကတည်းက မေ့နေတာ၊ ဟိုမိန်းမဆီ ဖုန်းပါသွားတာ ပြန်မယူရသေးဘူး"

"ဟာ . . . ဟုတ်တယ်ကွ"

အခုမှပဲ ရန်လင်းက လိုဘပြည့်သွားသလို မျက်နှာကြီး ပြုံးချိုပြုံးမော်သွားရကာ ဝရန်တာလက်တန်းမှာ လက်နောက်ပစ်ထောက်နေရာမှ သူ့အရှေ့သို့ ဆတ်ခနဲ ရောက်လာခဲ့သည်။

အခုလို ရန်လင်း စိတ်ကြည်သွားတာကိုပဲ သူက ကျေနပ်သွားရသည်။

အင်း . . . ဦးလေးကတော့ ကံကောင်းလို့။





လေဖြတ်တာ ခြေတွေလက်တွေ အနည်းငယ်သာ မသန်သလောက်ဖြစ်သွားလို့။

နို့မို့ ဒီကောင် လောကကြီးကို မတ်တတ်လျှောက်ရင်း ညည်းတာနှင့်တင် သူ့နားကြီးထဲ သံရည်ပူတစ်အိုးကြီး ပစ်ကျသွားတော့မည် ဖြစ်သည်။

အခုတော့ ဦးလေးဖြစ်သူ ရန်လင်းဖေဖေက ထူထူထောင်ထောင်ဖြစ်သွားပြီမို့ ရန်လင်း ပြန်လာလို့ ဟိုမိန်းမကိစ္စကို သူပြောလိုက်ရတာဖြစ်သည်။

ဒါကို ရန်လင်းက အထူးသဘောတော်ကျပြီး ခုန်ဆွ ခုန်ဆွလုပ်ကာ . . .

"အဲဒီတော့ မင်းနဲ့ငါ ဖုန်းသွားယူမယ်လေကွာ"

"ငါ သွားတောင် မသွားချင်ဘူးကွာ၊ ဒီမိန်းမကို အမြင်ကတ်လွန်းလို့"

"ချောပါတယ်ကွာ၊ မင်းကလည်း . . . ကိုယ့်ရဲ့နတ်သမီး"

ရန်လင်းက ပြောပြောဆိုဆို ကိုယ်လုံးကြီးကို ဝိုးခနဲ တစ်ပတ်လည်ပစ်လိုက်သည်တွင် သူက ရန်လင်းကိုယ်လုံးကြီးကို မနည်းရှောင်တ်အောင် ကြည့်ရှောင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲကွ . . . စောစောကတော့ သေမယ့်မျက်နှာနဲ့၊ အခု ဘာဖြစ်တာလဲ"

"ဒါကွ . . . ဒါ ရင်ဘတ်ထောင်တာ"

ရန်လင်းက သူ့ရင်ဘတ်ကြီးကို တဘုန်းဘုန်းပုတ်ပြီး အသည်းပိုပို ဆိုလိုက်တော့ သူက မကျေမနပ်မျက်စောင်းကြီး ခဲလိုက်မိသည်။

သူ မျက်စောင်းခဲတာကို ရန်လင်းက ဂရုမစိုက်တဲ့ ဝရန်တာ အရှေ့တစ်လျှောက်ကို လျှောက်ပတ်ပြေးနေခဲ့ပြီး . . .

"အဟား . . . အရမ်းချောတာ၊ ငါ သူ့ကို မြင်မြင်ချင်း Heart ထိသွားပြီ၊ သူ့ရုပ်ကလေးက တကယ်ချောတာကွ၊ မျက်လုံးကလေးတွေ တလက်လက်ထပြီး မျက်နှာလေးက ဖူးပြည့်ပြီး ချောလိုက်တာနော်၊ ဟေ့ကောင် . . . မင်းရည်းစားတွေနဲ့ ဘာမှမဆိုင်ဘူး"

"ငါ့ရည်းစား မဟုတ်ပါဘူးကွာ . . . Girl Friend ပါ"

"Girl Friend လည်း ရည်းစားပဲ၊ ရည်းစားလည်း Girl Friend ပဲ . . . မငြင်းနဲ့ မငြင်းနဲ့၊ ငြင်းပြီး ဒါလေးကို လစ်ဖို့တော့ စိတ်မကူးနဲ့နော်၊ ဒါလေးကိုတော့ ချမ်းသာပေးပါကွာ . . . နော်၊ မင်းက ဘော်ဒါတောင့်ပါတယ်"





ရန်လင်းကိုကြည့်ပြီး သူ ဘာရယ်မဟုတ် တစ်ချက်တွေဝေသွားသလို အဲဒီကောင်မလေးမျက်နှာကိုလည်း ရင်ခုန်သလို ခံစားချက်နှင့် ပြေးမြင်သွားရသည်။

အင်း . . . ရန်လင်း အသည်းခိုက်စရာပဲ။

ကောင်မလေးက အတော်ကိုလှတာ။

ရှည်လျားဖွံ့ထွားသည့် အရပ်၊ ကိုယ်လုံးကိုယ်ပေါက်ကြီးက မှစ်ဖိုပေါက်ကြီးလို ဆိုပေမယ့် တကယ်ကြည့်ရတာ ခေတ်စနစ်ညီလှသည်။

သူများလို ထွားလို့ ခါးတုတ်၊ ပါးတုတ်ကြီး မဟုတ်။

အင်း . . . မျက်နှာလေးကလည်း ဖူးဖူးသွယ်သွယ်လေး။ မျက်လုံးတွေက ကြယ်တစ်ပွင့်လို တောက်လက်ပြီး နှုတ်ခမ်းဖူးဖူးကလည်း ရန်တွေ့ကောင်းတော့ ထော်နေသလားတောင် အောက်မေ့ရသည်။

ဒါပေမဲ့ ရန်လင်းပြောသလို ချောပါသည်။

ဟုတ်ပါသည်။

ဒါပေမဲ့ သူနှင့်ကတော့ မြင်မြင်ချင်း ဆောက်နဲ့ထွင်း စကားများခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း … သူလို အထာရှိပြီး ရုပ်ချောတဲ့သူမျိုးကိုတောင် ဒီလောက် ခွပ်ထုတ်တာ၊ ရန်လင်းလို ပုံမလာပန်းမလာကြီးကိုတော့ သူမက လုလုပပ ဖျော်ပစ်ဦးမည်။ (သူမအတွက်တော့ ရန်လင်းက ပါးပါးလေးပေါ့။)

ဒါပေမဲ့ ရန်လင်းတစ်ယောက်ကတော့ အခုမှ အရှုံး အမဲသား ပြမိနည်းဖြစ်ပြီ။

''အိုခေ အိုခေ … သူက ဖုန်းလာယူဆိုတော့ ရင်းနှီးပတ်သက်ခွင့်ရှိပြီ၊ အာ … မိုက်သားကွာ''

လက်သီးလက်မောင်းတန်းပြီး အရှုံးတစ်ယောက်လို ဂနာမငြိမ်ဖြစ်နေသည့် ရန်လင်းကို မျက်စောင်းကြီးခဲကြည့်ရင်းက လက်တစ်ဖက် မြှောက်ရွယ်ကာ …

''ဟေ့ကောင် … မင်း ဒီလောက်ကြောင်မနေနဲ့၊ ဒီလောက်ကြောင်တာ ဘယ်မိန်းမက ကြိုက်မှာလဲ''

''ကြိုက်ပါတယ်ကွာ၊ မင်းကလည်း ပြောလိုက်ရင် ဘူပိတ်စကား။ မင်းတစ်ယောက်တည်းကိုပဲ ကောင်မလေးတွေက ဝိုင်းကြိုက်တယ် ထင်နေသလား။ ကြည့်နေ … အဲဒီကောင်မလေး ငါ့ကို ကြိုက်ကို ကြိုက်စေရမယ်''





စိတ်ပျက်ပါတယ်။

ဒီလောက်ပိန်လည်းပိန်၊ ရုပ်ရည်ကလည်း မရှိ ဖြစ်နေတာကို အမျိုးသမီးက ကြိုက်ဖို့နေနေသာသာ … ရန်လင်း ရည်းစား တားများ ပြောမိရင်ဖြင့် ဆောင့်မကန်လျှင် တော်သေးသည်။

အင်း … ရန်လင်း ရန်လင်း …

မင်းမှာလည်း ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ လိုက်လိုက်ဖက်ဖက် လေးလည်း မှန်းစမ်းပါဦးကွာ …

လို့ စိတ်ထဲကနေ သရော်ရင်းနှင့် တလှုပ်လှုပ်ခုန်ချင်နေတဲ့ သူ့ရင်ဘတ် ငြိမ်ကျသွားရသည်။


❁





www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ ဘာလို့ မလာတာလဲ၊ ပျောက်သွားလိုက်တာ တစ်လတောင် ကျော်သွားပြီ၊ ဖုန်းတောင် လာမယူတော့ဘူးလားလို့ ငှားစားမယ် လုပ်နေတာ"

သူနှင့်ရန်လင်း ညှိခန်းဆိုဖာမှာ အသီးသီး ထိုင်ပြီးတာနှင့် သူမက သူ့စကားနှင့်သူ့ကို ပြန်နှုတ်လိုက်တာဖြစ်သည်။

ဒါကို သူက အရမ်းအားနာသွားရကာ မျက်ဝန်းကြည်ကြည်တွေနှင့် စိုက်ကြည့်လာသည့် သူမကို လက်တကာကာ တောင်းပန်လိုက်ရသည်။

"အဟား . . . အဲဒီကိစ္စ Please ဆက်မပြောကြေး။ တောင်





နေ့တယ်နော်"

"အင်း အင်း . . . ပြီးပါတယ်၊ ရပါတယ်၊ ကျွန်မအခက်အခဲဖြစ်နေတုန်း ဖုန်းပေးငှားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကော်ဖီသောက်ဦး၊ ကျွန်မ သွားဖျော်လိုက်ဦးမယ်နော်"

ဖုန်းပေးလိုက်တာက ရန်လင်း၊ သူမ စကားဦးတည်လိုက်တာက သူ့ကိုဖြစ်နေတာမို့ ရန်လင်းက မျက်နှာတည်ကြီးနှင့် မျက်စောင်းတခဲခဲ လုပ်နေတာ သူမကတော့မသိ၊ သူကတော့ သိပါသည်။

ရန်လင်းကိုကြည့်ပြီး သူ ရယ်ချင်သွားရတာ ကော်ဖီသွားဖျော်မယ့် သူမကို အားနာစကား ဆိုလိုက်မိသည်။

"ဟာ . . . မသောက်တော့ပါဘူး၊ အားနာစရာ၊ ရတယ် ရတယ် ရွှေဖုန်းမိုမို"

"ဘယ်ကလာ ရရမှာလဲ . . . သောက်ရမှာပေါ့၊ ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ ရွှေ အဲ . . . မင်းနာမည် ဘယ်သူ၊ ရွှေ ဘယ်သူ"

"ရွှေဖုန်းမိုမို"

"အင်း အင်း . . . ဟုတ်ပြီ ဟုတ်ပြီ၊ မင်းနာမည်ကလည်း အင်း အင်း . . . သိပ်ကောင်းတာပဲ"

ဘယ်လိုစကားပြောပြော ဘယ်သူ့နားမှ မဝင်သည့် ရန်လင်း



www.burmeseclassic.com

www.burmeseclassic.com



စကားကို သူ အရမ်းအားနာသွားရကာ ရန်လင်းကို သူ မျက်နှာတစ်ချက်တည့် ကြည့်လိုက်တော့မှ ရန်လင်းက အပိုးကျိုးသွားသည်။

ရွှေဖုန်းမိုမိုကတော့ ရန်လင်းကို ဂရုမစိုက်တော့ဘဲ ပြုံးစိစိလှည့်ထွက်သွားပြီဖြစ်သည်။

သူမ လှည့်ထွက်သွားတာနှင့် တစ်ပြိုင်နက် သူက မမျိုသိပ်နိုင်တော့ဘဲ ရန်လင်းကို မျက်မှောင်ကြီးကုတ်ကြည့်ကာ . . .

"ဘယ်လိုဖြစ်နေတာလဲ၊ ရှုံးကြောင်ကြောင်နဲ့ မင်း အဲဒီလို ကြပ်ကြပ်လုပ်၊ အငတ်ကျနေတာပဲ၊ ကော်ဖီသောက်လာတာတောင်"

"ဟဲ ဟဲ . . . မင်းကလည်း၊ အခုမှ ဟန်မူရာဘီ ကောင်းမနေပါနဲ့၊ ဣန္ဒြေကြီး တစ်တင်းသားနဲ့၊ မသိရင်ခက်မယ်၊ ဒါလေးကိုတော့ ချမ်းသာ"

"ဟော့ကောင်"

ရန်လင်းက ရှေ့မကြည့် နောက်မကြည့်ပြောနေချိန်မှာ ရွှေဖုန်းမိုမို ညည်ခန်းထဲကို ပြန်ဝင်လာသဖြင့် သူက ရန်လင်းကို ခပ်တိုးတိုးဟန့်လိုက်တော့မှ ရန်လင်းက ဖက်ကြီးပုကာ သူမကို အားနာပါးနာ ညာတီးပါတီး ပြောလိုက်ပြန်သည်။

ပြောပုံကလည်း တကယ့်ကို အဆီအငေါ်မတည့်။

ရွှေမင်းနီတာပေ



"အာ . . . မြန်လိုက်တာ ရွှေဖုန်းမိုမိုရယ်၊ အားနာစရာကြီး ...ယ့်နာမည်က ရန်လင်း။ ဒီကောင့်နာမည်က နေတိုင်း။ နေတာက"

"အဟင်း . . . ရန်လင်းက တော်တော်ရယ်စရာကောင်းတာ ...နော်"

"ဗျာ"

"သြော် . . . ရန်လင်းက ရယ်စရာပြောတတ်တယ်နော်လို့ ...ဆို့လည်း ကောင်းတယ်"

"အင်း . . . ကိုယ်က ဒီလိုပဲ၊ လူတစ်ယောက်ကို ကူညီမှုက ...ည်း အရမ်းပြည့်တာ၊ ကြွားတာမဟုတ်ဘူးနော် . . . ဟဲ ဟဲ"

"ဟုတ်ပါတယ်၊ ဒီလောက် အာကာသရောက်နေတဲ့လေသံ ... အင်း . . . ထားပါ၊ နေတိုင်း . . . ရှင့်ကို ကျွန်မ အဲဒီနေ့က ဘု ...သိ ဘမသိ ပြောခဲ့တဲ့စကားတွေအတွက် ဒီကနေ့ တောင်းပန်ပါ ...ယ်၊ အဲဒီနေ့က ကျွန်မ စကားလွန်သွားသလားပဲနော်"

"ရပါတယ် . . . ကျွန်တော်ကလည်း ခင်ဗျားမကြိုက်တာကို ...ပြောလိုက်မိတာကိုး"

သူမမျက်နှာတစ်ခုလုံး ပန်းသွေးရောင်ပြေးသွားတာက သူ့ကို ...ပြုံးပေးလိုက်တာများလား။

ရွှေမင်းနီတာပေ

www.burmeseclassic.com

www.burmeseclassic.com



အင်း . . . သူမဟာ ရန်လင်း ပြောသလို ကြည့်လေချောလေ ချောလေကြည့်ချင်စရာ ကောင်းလေပါပဲလား။

တကယ့်ကို ကဗျာဆန်အောင် လှပါသည်။ ဒါကြောင့် ရန်လင်းက မစားရဝခမန်း၊ သွားရည်သွားမိုးကျကာ သူမကို ရှက်ရကောင်းမှန်းမသိ၊ တည်တည်ရူးရူးကြီး စိုက်ကြည့်နေတာ ကြားထဲက သူ ဘယ်လို မျက်နှာထားရမှန်းမသိ။

ဒါပေမဲ့ သူမကတော့ "ရိုးနေပြီ၊ ဒါမျိုး" စတိုင်လ်ဖြင့် ခပ်သာသာပင် ရန်လင်းကို လက်ညှိုးညွှန်ကာ . . .

"ရန်လင်း . . . ကော်ဖီသောက်ပါဦး"

"အင်း . . . ကော်ဖီက တစ်ခွက်တည်းရယ်လား၊ ကိုယ်က နှစ်ခွက်မှ သောက်တတ်တာ၊ ဟော့ကောင် နေတိုင်း . . . ငါ အိမ်မှာ ကော်ဖီနှစ်ခွက်သောက်နေကျနော်၊ ဟဲ ဟဲ . . . အားတော့နာပါတယ်"

"ဩော် . . . ရပါတယ်၊ နေတိုင်းရော သောက်မလား . . . ကျွန်မ ထပ်ယူလာခဲ့မယ်"

"ဟာ . . . အခုတင် အိမ်ကသောက်လာတာ၊ ဒီတစ်ခွက်တောင် မနည်း၊ ဒီကောင်ကလည်း သက်သက်စတာ ရွှေဖုန်းမိုးရတယ် ရတယ် . . . မဖျော်တော့နဲ့၊ ကျွန်တော်တို့ အခု ပြန်တော့မယ်





ပြန်လိုက်ပါဦးမယ် မရွှေဖုန်းမိုမို"

"ဟုတ်ကဲ့ . . . နောင်လည်း ကျွန်မအိမ်ကို ဝင်နိုင်ထွက်နိုင်ပါတယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲဗျာ၊ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

"ရွှေ ရွှေဖုန်း . . . ကိုယ်တို့ ပြန်တော့မယ်နော်"

အင်း . . . သူ ဒီနေရာကနေ အမြန်ဆုံး လှည့်ထွက်လိုက်တာပဲ ကောင်းပါသည်။

ကော်ဖီသောက်ပြီး တဆွေးတနွေးလည်း မထိုင်လိုတော့။

ထိုင်ဖြစ်ခဲ့ပြန်ရင်လည်း ရန်လင်းနဲ့သူမနဲ့ကတော့ မလွယ်ကြောဘဲ။

တကယ် ပြဿနာဆိုက်မယ့်ပုံပင်မို့ သူ ရန်လင်းကို တော်တော် စိတ်ပျက်သွားရသည်။

ရန်လင်းကတော့ သူ့လုပ်ရပ်သူ သဘောကျပြီး ကြွကြွရွရွ ခြေလှမ်းတွေနှင့် သူ့အနောက်က လိုက်ပါခဲ့လေသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်အတွင်းမှာ ရန်လင်း မျောက်ကြက်ချေးကိုင်နည်း ဖြ[illegible]
နေတာကို နေတိုင်း အတော့်ကို မျက်မုန်းကျိုးခဲ့ရသည်။

နောက်ပြီး တညောင်ညောင်နှင့် သူ့ဘဝသူ ကံမကောင်း[illegible]
တဲ့အကြောင်း ပြောခဲ့တော့ သူ စိတ်မကောင်းဖြစ်ရသေးသည်။

"နေတိုင်း ... ငါ လောကမှာ အရမ်းကံကောင်းချင်တယ်
ကွာ၊ ငါ မင်းလို ချောပြီး မင်းလိုလည်း အရမ်းချမ်းသာချင်တယ်"

"မင်းကလည်းကွာ ... ငါတို့မှာ ဒီညီအစ်ကိုနှစ်ယောက်[illegible]
ရှိတာ၊ ညီအစ်ကိုဝမ်းကွဲဆိုပေမယ့် ဒက်ဒီက မင်းကို မွေးစားထားတာ
ပါ"





"အေးပါကွာ ... ငါ စိတ်ထဲမှာ စိတ်မကောင်းဖြစ်တာက
[illegible]ကာ မင်းကိုပဲ ခင်ပြီး ငါ့ကျ မျက်နှာလေးတောင် ကြည့်ဖော်
[illegible]ကွ၊ အဲဒါ ငါ ဝမ်းနည်းတာ"

"ဒါကတော့ကွာ ... အခုမှ ရင်းနှီးသူဖြစ်တာက တစ်
[illegible]ကြောင်း၊ မင်းစကားပြောတာတွေက သူ့မျက်စိထဲ တစ်မျိုးဖြစ်နေလို့
[illegible]မှာပေါ့၊ ဟာကွာ ... မရင်းနှီးလို့ပါ"

"မဆိုင်ပါဘူးကွာ၊ ဘာမှမဆိုင်ဘူး၊ ဒါဆို သူ မင်းကို
[illegible]ချင်း Favour ပေးနေတာကြီးက ဘာကြီးလဲ"

"ဟာကွာ ... ဘယ်မှာလဲ၊ မင်းမှာလည်း တစ်မှောက်၊
[illegible]လင်းကလည်းကွာ ... မိန်းကလေးတစ်ယောက်ကို အခုမှ တွေ့ဖူး
တယ်၊ အခု ရင်းနှီးမလားကွ"

သူက အဖြေသမား၊ အချော့သမား။

သူ ဒီလောက် ချော့နေတာတောင် ရန်လင်းက ခေါင်းကြီး
တယမ်းယမ်းနှင့် မကြည်မလင် မကျေမနပ် ဆိုလာသေးသည်။

"ဒါဆို ငါ ဘယ်လိုလုပ်ရမလဲ၊ ငါ သူ့ကို သိပ်ချစ်တယ်ကွာ၊
သူကြိုက်တဲ့ပုံစံအတိုင်း ငါနေပါ့မယ်ကွာ၊ မဟုတ်ဘူးကွာ ... ဒီ
ရွှေမှုန်းမိုမိုကိုက ငါ့ကို တစ်မျိုးဖြစ်နေတာ၊ အဲဒါ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... အဲဒါ သူနဲ့တွေ့မှ မေးကြည့်ကွာ၊ မင်းဟာက အခုမှ တွေ့ခါစရှိသေးတယ်၊ တစ်ခါတည်းကို အပိုင်ချည့်လို့ ဖြစ်မလားကွ"

သူ စိတ်ပျက်ပျက်နှင့် ရန်လင်းကိုအော်ပြီး ကိုယ့်အခန်းထဲ ကိုယ်လျှောက်ဝင်လာလိုက်သည်။

အဲဒီအချိန်မှာ အနောက်ဘက်ဆီက အပြေးလိုက်လာသည့် ရန်လင်းခြေသံနှင့်အတူ ရန်လင်းအသံက သူ့နားထဲကို အူထုံထုံကြီး ဝင်ရောက်လာခဲ့သည်။

"ဟေ့ကောင် နေတိုင်း ... မင်းကလည်းကွာ ... ဒါ ဘာပုံလဲ"

"ဘာပုံမှ မဟုတ်ဘူး ... နေတိုင်းပုံ"

သူက ခေါင်းတစ်ချက်ငဲ့ပြီး ရန်လင်းကို ပြောလိုက်တော့ ရန်လင်းက သူ့ကိုယ်လုံးကြီးကို အနောက်ကနေ သိုင်းဖက်ပြီး ...

"အဲဒီနေတိုင်းပုံက ခေတ်မီလို့ Lady တွေ ကြွေနေတာ Lady ပေါ်တာ၊ ငါလည်း မင်းလို Lady ပေါ်ချင်တယ်ကွာ"

"ဟေ့ကောင် ... ငါ့ရင်ထဲမှာ တကယ်ချစ်ရတဲ့ချစ်သူ မတွေ့သေးဘူး၊ မင်း လျှောက်ပြီး ဖော်ကောင်လုပ်မနေနဲ့"





"ဖော်ကောင်မလုပ်လည်း မင်းရည်းစားများတာ လူတကာ သိတယ်"

"ရည်းစားက ပျင်းလို့ထားတာပါကွာ၊ ချစ်သူကတော့ လက်ထပ်ဖို့ ရှာရမှာပဲ ... ဟဲ ဟဲ"

သူ ရန်လင်းကို အသည်းထိသွားအောင် မျက်ခုံးပင့်ပြီး ကလိကာ ခုတင်ကြီးပေါ် အားလျားထိုးချ အိပ်ပစ်လိုက်တော့သည်။

ဒီအချိန်မှာ ...

ရန်လင်း ဘာပြောပြော သူ စိတ်မဝင်စားတော့။

သူ့ရင်ထဲမှာ ရန်လင်းစကားတွေ မရှိတော့ဘဲ ရွှေဖုန်းမိုမို မျက်နှာလှလှလေးက နေရာယူသွားခဲ့ပြီဖြစ်သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ရုံးပိတ်ရက်မှာ သူငယ်ချင်းတွေ ဝိုင်းဖွဲ့ပြီး အိမ်ရှေ့မြက်ခင်းပြင်မှာ ခုံပုလေးတွေစီကာ ရှိသမျှအတင်းကိုအုပ်ဖို့ လက်ဖက်သုပ်ပွဲတော်တည်ရင်းက ရွှေဖုန်းက မနေ့က ဖုန်းလာပေးသည့် ဆန့်ကျင်ဘက်ယောကျ်ားနှစ်ယောက်အကြောင်းကို သူငယ်ချင်းတွေကို ဖောက်သည်ချလိုက်သည်။

"ဟဲ့ . . . နင်တို့ကို ငါ ရယ်စရာပြောရဦးမယ်"

"ဟော . . . ဘာလဲ ဘာလဲ . . . ပြောစမ်းပါ၊ ရယ်ချင်နေတာကြာလှပြီ"

ဂူးက မျက်လုံးအပြူးသားနှင့် ရင်ဘတ်ဖိပြီး ပြောလိုက်တော့





ရွှေဖုန်းက တဟိဟိရယ်ပြီး . . .

"မနေ့က ဒုံးယိမ်းတွေ ရင်ထဲရောက်လာတယ်"

"ဟော . . . ဘာ"

"နားထောင်ကွယ် . . . ပြောမယ်၊ မနေ့ကမှ ဖုန်းပေးခဲ့တဲ့ညီအစ်ကိုနှစ်ယောက် ငါ့အိမ်ကိုရောက်လာတယ်၊ ဟယ် . . . ဒုံးယိမ်းကတဲ့လူကဟယ် လူကသာ ပါမလုံတာ . . . စတိုင်လ်ချည်းပဲ၊ အရမ်းကိုယ့်ကိုယ်ကိုယ် ကြွားလုံးထုတ်တာပဲ၊ သူ့နာမည်က ရန်လင်းတဲ့၊ ဟို ခပ်ချောချောကောင်လေးနာမည်ကတော့ နေတိုင်းတဲ့၊ အဲဒီကောင်လေးကတော့ အစစ်အမှန် သူဌေးရုပ်၊ ကြွားလည်းမကြွားဘူး၊ ရုပ်ရည်ကလည်း အထက်တန်းလွှာ လူချောကလေး"

"အင်း . . . လူချောကလေးဆိုပြီး ရင်ဘတ်ထိသွားပြီလား"

"အဟင်း ဟင်း . . . မဘိသေးပါဘူးဟာ၊ အခုမှ လည်ချောင်းအဝ ရောက်သေးတယ်"

"တော်ကြာ ရင်ဘတ်ကို ဆင်းတော့မယ်ပေါ့"

"ဒါပေါ့ကွယ် . . . အသည်းနှလုံးလန်းဖို့ အချိန်တန်ပြီလေ . . . ဟဲ ဟဲ"

"မိန်းမ . . . ကြည့်၊ သူကြိုက်လောက်တဲ့ ရုပ်မျိုးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဖြီးလို့၊ မချောမမောတဲ့ယောက်ျားတွေ ရည်းစားစကား ပြောတာကျ ပြောလိုက်တာ ဆယ်ပြားမတန်ဘူး''

''ဟဲ့ . . . ဒါကတော့ ကိုယ့်ရုပ်ကိုယ့်ညည်နဲ့ တန်ရာမှန်းရတယ် လေ၊ ဒါပေမဲ့ ရန်လင်းဆိုတဲ့ အမဲခြောက် မီးဖုတ်ထားတဲ့ရုပ်က ငါ့ ကို ဘာညာဘာညာ ကွိကွကွိကွပြောလာလို့ကတော့ ငါ့လက်သံအသိ ပဲ၊ ဟယ် . . . အဲဒီကောင်က တကယ်ရယ်စရာကောင်းတာ၊ စကား ပြောတာကြီးကလည်း ပေါလိုက်တာ၊ နေတိုင်းနဲ့ ညီအစ်ကိုအရင်း တော့ မဖြစ်နိုင်ဘူး၊ နောက်ပါးစေပဲ ဖြစ်မယ်''

''အင်း အင်း . . . ဟုတ်လောက်မယ်''

ဂူးက သံယောင်လိုက်နေတုန်းမှာပဲ အိမ်ရှေ့ဆီမှ ကားထိုး ရပ်သံ ကြားလိုက်ရသဖြင့် ရွှေဖုန်းမျက်နှာလေးကို မော့အကြည့် ရုတ်တရက် သံပန်းတံခါးအဝ မြီထိပ်မှာ ရန်လင်းကို ကားတစ်စီးနှင့် တွေ့လိုက်ရသဖြင့် ရွှေဖုန်း တအံ့တသြ ရင်ဘတ်ဖိလိုက်မိသည်။

အို . . . ပြောတုန်းဆိုတုန်း ကိုယ်တော်က ပေါက်ချလာပြီ ဆိုတော့ ရွှေဖုန်းနဲ့တော့ နောင်းပိန်ခွဲရမယ် ထင်သည်။

အဲဒီအချိန်မှာ ရွှေဖုန်းက ခြံရှေ့မှာရပ်ပြီး ကားပြတင်းထဲက ခေါင်းပြူကာ ရွှေဖုန်းတို့ထိုင်နေတာကို အာမနာလှှာမကျိုး လှည့်ကြည့်





သာသည့် ရန်လင်းကို ဒေါသမျက်လုံးတွေနှင့် လှမ်းအကြည့် . . . ရန်လင်းက ရွှေဖုန်းကို လက်ခါ နှုတ်ဆက်လာခဲ့သည်။

''အံမယ် အံမယ် . . . မေခလာနတ်သမီး လာပါတဲ့၊ ရွှေဖုန်း . . . ဟိ ဟိ . . . ရွှေဖုန်းတို့ ကံကောင်းလိုက်တာ၊ မှန်းတာက တခြား ဖြစ်လာတာက တခြား''

''ဟဲ ဟဲ . . . ရန်လင်းကို အတင်းအုပ်နေတုန်း သူပေါက်ချ လာတာ အသက်ရှည်ဦးမယ်''

''ရွှေဖုန်း . . . ရန်လင်း လူပျို Round လှည့်တာနဲ့တူတယ်၊ ရွှေဖုန်းတို့တော့ ကော်ပြီ၊ မျက်မှန်အနက်ကြီးနဲ့''

''ဟယ် . . . ကျုပ် စိတ်ညစ်လာပြီ နင်တို့ နည်းနည်းမှကူညီ မရပါလား၊ ရန်လင်းက နင်တို့ ရည်းစားလား၊ ဒီဘက် မျက်နှာပြန် လှည့်၊ ဒီမှာပဲ နင်တို့ဆက်နေ၊ ငါ သူ့ ဒီခြံရှေ့က ကားမောင်းထွက် သွားအောင် ပညာပေးပြမယ်''

ပြောပြောဆိုဆို ရွှေဖုန်းက ဆတ်ခနဲ ထရပ်ပြီး အောက်ထပ် ညှော်ခန်းက ဖုန်းကလေးဆီ လျှောက်လာခဲ့သည်။

အင်း . . . ဒီကောင့်ကို ပညာပြမှ။

ဒီကောင် အခုလို အိမ်ရှေ့မှာ ကားနဲ့လာပြီး နောက်မိုးသန်



www.burmeseclassic.com

www.burmeseclassic.com



တာကို ရွှေဖုန်းအိမ်က မိဘတွေသိရင် ရွှေဖုန်းကို ဆူပူမှာ သေချာသည်။

ပြီးတော့ မောင်လေးသိလို့လည်း မဖြစ်။

ဒီတော့ ရွှေဖုန်းကလည်း သူ့ကို ချက်ချင်း ပြန်သွားအောင် သူ့ Hand Phone ကလေးကို မဆက်ချင်ပါဘဲ ဆက်ချလိုက်ပါတော့သည်။

ရွှေဖုန်း ဖုန်းဆက်ပြီး သိပ်မကြာပါဘူး၊ သူ့အသံက ရွှေဖုန်းနားထဲကို နားကလောစွာ ဝင်ရောက်လာခဲ့သည်။

"ဟယ်လို ရန်လင်းပါ"

"ရန်လင်းလား"

"ဟုတ်ပါတယ် ... အခု ဖုန်းဆက်တာ ရွှေဖုန်း ရွှေဖုန်းမဟုတ်လားဟင်"

"ဟုတ်ပါတယ် ... ဘယ်လိုဖြစ်နေတာလဲ"

"ရင်ခုန်သွားလို့ လည်ချောင်းရိုက်သွားတာပါ"

ရွှေဖုန်း နှုတ်ခမ်းသားတွေ တင်းခနဲ စေ့ပစ်လိုက်ပြီး ...

"ရူးနေသလိုပဲနော် ရန်လင်းက"

"ဘာ"





"ပြီးတော့ ပေါလည်းပေါတယ်"

"ဟာ ဟော့ ... မဟုတ်မဟုတ်တွေ မပြောနဲ့"

"အား ဟား ... ရယ်စရာပဲ၊ ရှင်က ဖုန်းကိုလည်း အခုမှကိုင်ဖူးတဲ့လူပဲ နေမယ်နော်၊ ဖုန်းစကားပြောတာ ခြေဟန်လက်ဟန်တွေများပြီး ဒုံးယိမ်းက,နေသလိုပဲ၊ ရယ်စရာကောင်းလိုက်တာ ... အတင်း ဟင်း"

"ဟာ ... မင်း မင်း စော်ကားလှချည်လား"

"ကျေးဇူးပြုပြီး ကျွန်မတို့အိမ်ရှေ့က ကားမောင်းထွက်သွားနိုင် ကျွန်မအသံကို မကြားရတော့ဘူးပေါ့၊ နောက် ဒါမျိုးချိုးရင်ပြဿနာဖြစ်မယ်ဆိုတာ ရှင် မှတ်ထား၊ အခု ကျွန်မ,ပြောနေတာကပါးလေး ရှိသေးတယ်နော် ရန်လင်း"

"မင်း မင်း"

"အင်း ... တော်ပြီ၊ ရှင် ကားမောင်းထွက်တော့"

အတန်ကြာမှ ...

ရွှေဖုန်း ဖုန်းချကာ ဂူးတို့ဆီ ထွက်လာပြီး စောစောကဒီရှေ့မှာရပ်နေတဲ့ ရန်လင်းကို ကြည့်လိုက်တော့ ရန်လင်းကားကမောင်းထွက်သွားပြီပြီမို့ ရွှေဖုန်း ကိုယ့်လုပ်ရပ်ကိုယ် သဘောကျကာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်မင်မင် ပြုံးလိုက်မိသည်။

"အင်း . . . မိန်းမ မိန်းမ၊ ဘာနဲ့ ဆော်ထည့်လိုက်လဲ"

"စကားလုံးနဲ့ ဆော်ထည့်လိုက်တာ"


"ကောင်းတယ် ကောင်းတယ် . . . အဟင်း ဟင်း"

အခုမှပဲ သူငယ်ချင်းသုံးယောက်သား ခေါင်းချင်းဆိုင်ပြီး လှောင်ပြောင်ပွဲ ကျင်းပလိုက်နိုင်တော့သည်။

❋



ရွှေမင်းနီတာပေ



မထင်မှတ်တဲ့ ဒီကနေ့မှာ ဆူးလေမှာ ကားမီးပွိုင့်မိနေတုန်း သူမကားနှင့်ယှဉ်လျက် ဆုံစည်းခဲ့တာကြီးက သူ့အတွက် မဟာအရှက်ကွဲခဲ့တာပဲ ဖြစ်သည်။

အဲဒီလို . . .

သူမနှင့် ကားချင်းဆုံသွားချိန်မှာ ရန်လင်း ရုပ်ပျက်ဆင်းပျက်ဖြစ်သွားပုံက သူ့မျက်နှာကို ဓရေနွေးငွေ့ပြင်း ဟပ်သွားရသလို ခံစားလိုက်ရသည်။

ဖြစ်ပုံကိုလည်း ကြည့်ကြဦးဗျာ . . .။

ရန်လင်းတို့ အရှက်မရှိပုံက . . .

ရွှေမင်းနီတာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမကို မြင်မြင်ချင်း ရုပ်ပျက်စွာ ကားပြတင်းကနေ ခေါင်းကြီးပြူပြီး လက်နှစ်ဖက်မြှောက်လျက် . . .

"ဟော့ . . . ရွှေဖုန်း ရွှေဖုန်း"

ဆိုပြီး တရွှတ်ရွှတ် လှမ်းနှုတ်ဆက်နေတာကို သူမက လုံးဝဂရုမစိုက်ဘဲ တစ်ချက်မှ လှည့်ကြည့်ဖော်တောင်မရ။ သူမကားကိုပဲ ဝူးခနဲ မောင်းထွက်သွားပြီဖြစ်သည်။

ရွှေဖုန်း ကားမောင်းသွားတာကို အခုထိ ငမ်းထနေသေးသည့် ရန်လင်းရဲ့လုပ်ရပ်ကြီးကို သူက ရှက်လွန်းလို့ ကားမောင်းနေရင်းကနေ အသံအစ်အစ်ကြီးနှင့် အော်လိုက်မိသည်။

"အရှက်မရှိလိုက်တာကွာ၊ ဟင်း . . . တစ်ဖက်မိန်းကလေးက မင်းကို ဘာထင်သွားမလဲ"

"ဘာထင်ထင်ကွာ၊ ဟား . . . အခုမှပဲ ရင်ပွင့်သွားတော့တယ်"

ရန်လင်း ရှူးနေပုံကြီးကို သူ ဘာမှ မပြောချင်တော့။ ကားကိုပဲ အာရုံစိုက် မောင်းလိုက်မိပါတော့သည်။

အင်း . . . အိမ်ပြန်ရောက်ရင်တော့ သူမကို ဖုန်းဆက်တောင်းပန်ဖို့ ဆုံးဖြတ်လိုက်သည်။





သူမကတော့ ရန်လင်းကို အတော့်ကို အထင်သေးသွားခဲ့ ဖြစ်သည်။

ဘယ်လောက်အထိ အထင်သေးသွားသလဲဆိုရင် သူ ဖုန်းဆက်တောင်းပန်လိုက်တဲ့အချိန်မှာ ရွှေဖုန်းက ရန်လင်းကို သုံးမရသောက်အောင် ပြောလာတော့ သူတောင် စကားပြောရင်းနှင့် ရွှေးနှဲသွားရသည်။

"နေတိုင်းက ရန်လင်းကို Brain ပြည့်တယ်ထင်ပြီး တောင်းနေ့တာလား"

"ဟာ . . . သူက လူကောင်းပါဗျာ"

ရွှေဖုန်းစကားက ရန်လင်းကို အရူးလို့ မပြောရုံတမယ်သမုတ်လိုက်တာကြီးက သူ ရန်လင်းအစား ဒေါပွသွားရသည်။

"ရှင်က လူကောင်းလို့မြင်ပေမယ့် ကျွန်မကတော့ ရှင့်ညီကို အရူးလို့ သတ်မှတ်မှာပဲ၊ သူ ရူးနေပြီ"

"ဟား ဗျာ . . . ဒုက္ခပဲ၊ ရွှေဖုန်းမိုမို"

"အင်း . . . ပြော"

"ကျွန်တော် သူ့အစား အနူးအညွတ် တောင်းပန်ပါတယ်နော်၊ သူကဗျာ . . . ဘယ်လိုပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောရမလဲလေ, ဘာလေ လုပ်မနေတော့နဲ့ . . . ရှင်ပြောချင်တာ ပြောပြီးရင်တော့ ကျွန်မ,ပြောချင်တာကိုလည်း ပြောမယ် . . . နော်"

"အင်း . . . ပြောပါ၊ မရွှေဖုန်းမိုမို ဘာပြောချင်တာလဲ"

"ကျွန်မ ရန်လင်းကို နောက်နောင် ဒီလိုနှောင့်ယှက်မှုမျိုး လုံးဝမတွေ့ချင်ဘူး၊ ဟိုတစ်လောကလည်း ကျွန်မတို့အိမ်ရှေ့ကိုလာပြီး မျှော်တော်ယောင် လုပ်သေးတယ်၊ ရှင်စဉ်းစားကြည့်နော် . . . သူ့ရုပ်ကို သူအားမနာ၊ ရုပ်ရည်နဲ့လိုက်ဖက်အောင်လည်း ခြေလှမ်းပေါ့လို့ ရှင့်ညီကိုပြောလိုက် . . . နောက်နောင် ဒါမျိုးမဖြစ်အောင် ရှင် တာဝန်ယူ"

"သြော် . . . ဒါလား၊ ရွှေဖုန်းမိုမို ပြောချင်တဲ့စကား"

"ဟုတ်တယ် ဒါပဲ"

တစ်ဖက်မှ ရွှေဖုန်းမိုမို အသံပြတ်လေးက သူ့အရှိက်တည့်တည့်ကို ထိမှန်သွားကာ မျက်နှာကြီး ရှုံ့မဲ့သွားရသည်။

မျက်နှာကြီး ရှုံ့မဲ့သွားသလို ခေါင်းကြီးကိုလည်း ဆတ်ခနဲမော့ကာ ခါယမ်းလိုက်မိသည်။

အတန်ကြာမှ ရင်ထဲက မခံချင်စိတ်ကို ကျိတ်မျိုချပြီး . . .





"ကျွန်တော် ကတိပေးပါတယ် . . . ဒီကောင် ရွှေဖုန်းကို လုံးဝ မနှောင့်ယှက်စေရပါဘူး"

"အင်း . . . ရှင် တာဝန်ယူတာနော် နေတိုင်း"

"ဟုတ်ကဲ့ . . . တာဝန်ယူတာပါ၊ ကျွန်တော် ဒီကောင့်ကိုလည်း ပြောပြပါ့မယ်၊ ရွှေဖုန်း ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့နော်၊ ကျွန်တော့်ကိုလည်း သူ့ကို ကျွဲမြီးတိုတာနဲ့ ရင်းနှီးခွင့်လေးတော့ ပုတ်မချလိုက်ပါနဲ့နော်"

"အင်းပါ . . . ရှင့်ကိုတော့ မိတ်ဆွေဖြစ်ခွင့် ရှိပါတယ်"

"Close Friend လား"

"အံမယ်"

တစ်ဖက်မှ ရွှေဖုန်းမိုမိုအသံလေးက သူ့ကို ဘယ်လိုကြီး ခံစားလိုက်ရမှန်းမသိ . . .

ခံစားချက်ပြင်းပြီး မျက်ဝန်းအစုံကို မှိတ်ချလိုက်ချိန်မှာ ရွှေဖုန်းမိုမိုကတော့ ဖုန်းပိတ်သွားခဲ့ပြီဖြစ်သည်။

ရွှေဖုန်းမိုမို ဖုန်းပိတ်သွားပြီဆိုတော့လည်း သူကလည်း ဖုန်းပိတ်လိုက်ရပြီပေါ့။

အင်း . . . ဒီပုံအတိုင်းဆိုရင်တော့ သူ ရွှေဖုန်းမိုမိုရဲ့ ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com




ခွင့်ရဖို့က ရှစ်ဆယ်ရာခိုင်နှုန်းလောက် ပြည့်ဝသွားပြီဆိုတာ သူ ရင်ခုန်ကျေနပ်စွာဖြင့် နားလည်လိုက်ပါတော့သည်။

❋ ❋ ❋







## အခန်း (၄)

သူ ဒီရက်အတွင်း ဘယ်လိုမှ နေမထိထိုင်မသာ ဖြစ်နေရင်းက ရန်လင်းအလစ်ကိုစောင့်ပြီး သူမဆီကို ဖုန်းဆက်ဖို့ပဲ ချောင်းနေလိုက်သည်။

အင်း . . . ဒီကောင်သိလို့ မဖြစ်။ ရန်လင်းသိလို့ မဖြစ် ဆိုပြီး ပါးစပ်က ပွစိ ပွစိ ရေရွတ်ပြီး သူ ရွှေဖုန်းကို ဖုန်းဆက်လိုက်သည်။

အင်း . . . မတွေ့ရတာလည်း ကြာပြီဆိုတော့ ဖုန်းကလေးနှင့် ဘယ်လိုကြိုက်စာကျွေးရမလဲလို့ သူ ရင်တုန်ပန်းတုန် စဉ်းစားဆဲတစ်ဖက်မှ ရွှေဖုန်းအသံတိုးတိုးက သူ့အသည်းကို ဖိမ့်တက်သွားစေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အား ... ငါ ဘယ်လိုပြန်ပြောရမလဲ။

"ဟဲလို"

"... ... ..."

"ဟယ်လို"

"အာ ရွှေဖုန်း ... ကျွန်တော်ပါ၊ စိတ်ဆိုးသွားသလားမသိဘူး၊ ကျွန်တော် ဖုန်းဆက်လို့လေ"

သူက ရွှေဖုန်းမိုမိုအသံစွာစွာလေးကို ကြားတော့မှ အားနာစကားဆိုလိုက်တော့ တစ်ဖက်မှ သူမအသံက သူ့နားထဲကို ခပ်ရှုးရှူး တိုးဝင်လာခဲ့သည်။

"ဆိုးချင်တာပေါ့"

"ဒါဆို စိတ်ဆိုးတယ်လို့တော့ ဝန်မခံဘူးပေါ့နော်"

"ရှင် ဘယ်လိုဖြစ်နေတာလဲ"

"အင်း ... ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဘယ်လိုဖြစ်မှန်းတောင် မသိတော့ဘူး"

တစ်ဖက်သား မိန်းကလေးအပေါ် ဘယ်လို နားဝင်အောင် သိမ်းသွင်းဆွဲဆောင်ရမယ်ဆိုတာကို အစီစမ်းရည်ဝထားသည့် သူက သူမကိုလည်း ဘယ်လိုစကားလုံးနှင့် ဆွဲဆောင်ရမယ်ဆိုတာကို အတတ်





ဆိုလိုက်ရပြီဖြစ်သည်။

သူထင်သည် ...။ မာနကြီးတဲ့ မိန်းကလေးတွေ၊ စွာတဲ့ မိန်းကလေးတွေဟာ သူတို့ထက်စွာတဲ့၊ မာနကြီးတဲ့ ယောကျ်ားလေးတွေကို မုန်းသည်၊ မျက်မုန်းကျိုးကြသည်ဆိုတာ သူ့ယုံကြည်ချက်နှင့် သူ နားလည်ထားသည်။

အဲဒီတော့ သူမကို သူ စကားလုံးလှလှတွေ ရွေးပြောဖို့ ဆုံးဖြတ်ပြီး မျက်နှာကြီးကပါ အဆစ်ပြုံးကာ တစ်ဖက်ကိုအလှည့် သူ့ကို မျက်လုံးကြီးအပြူးသားနှင့်ကြည့်နေသည့် ရန်လင်းကို သူ အံ့သြထိတ်လန့်စွာ ပြူးကြည့်လိုက်မိသည်။

ရန်လင်းကလည်း သူ အံ့သြထိတ်လန့်သွားတာကို အထာပေါက်စွာဖြင့် သူ့ဆီသို့ ခြေတစ်လှမ်းအလှမ်း သူက ခြေတစ်လှမ်းနောက်အဆုတ် သူမအသံက ဖုန်းထဲကနေ ခပ်တိုးတိုး ထွက်လာခဲ့တော့သည်။

"နေတိုင်း ... ရှင် ဘာဖြစ်နေတာလဲ"

"ဟင် ... ဘာ ဘာမှမဖြစ်ပါဘူး၊ ဒီမှာ အကျီလက်ရှည်ဝတ်သားလို့ ချွေးပြန်နေတာ၊ ဟာ ဟော့ကောင် ... ဘာလုပ်တာလဲ၊ ငါ ဖုန်းပြောနေတာကိုကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှ မတတ်နိုင်တော့။ ဒီအချိန်မှာ ရန်လင်းက သူ့လက်ထဲက ဖုန်းကို လုယူလိုက်တာက သူ့ကို စိတ်ဆိုးစရာဖြစ်သွားခဲ့ပေမယ့် တစ်ဖက်မှ ရွှေဖုန်းက သူ့အသံကြီးကို ကြားသွားပြီး ...

"နေတိုင်း ... ဘယ်သူလဲ ရန်လင်းလား"

"အင်း ... ဟုတ်တယ်"

"ဒါဆို သူ့ကို ဖုန်းပေးလိုက် နေတိုင်း၊ ကျွန်မ သူနဲ့စကားပြောရတာပေါ့"

"ဟော် ... သူကလည်း ပြောချင်နေတာ"

"အဲဒါဆို ပေးလိုက်လေ"

အင်း ... ရန်လင်းကို သူ ဖုန်းပေးလိုက်ရပေမယ့် စိတ်ထဲမှာတော့ နည်းနည်းတွန့်နေရသည်။

ပြီးတော့ ရန်လင်းကို ဘာကြောင့် သူမ ဖုန်းပေးခိုင်းတယ်ဆိုတာ သိထားသည့်သူက ရန်လင်းလက်ထဲ ဖုန်းထည့်ပြီး ရန်လင်းနဲ့ မလှမ်းမကမ်းမှာပဲ ရန်လင်းနှင့်သူမ စကားပြောတာကို လက်ပိုက်ပြီး နားထောင်နေလိုက်သည်။

"ဟယ်လို ရွှေဖုန်း ... ကိုယ် ရန်လင်းပါ"

"အင်း ... ရန်လင်း ပြော"





"ပြောရရင်တော့ဗျာ မင်း ပြာတောင်ဖြစ်သွားနိုင်တယ်"

"ဘာ ... ဘာပြောတယ်"

"ဩော် ဟော် ... ကိုယ့်ရဲ့အလွမ်းတွေက ပြင်းတဲ့အကြောင်းပါ"

"ဟင်း ... ပြောရရင်တော့ ရှင့်ကိုယ်ခန္ဓာကြီး ပွင့်ထွက်သွားတော့မယ်"

"ဟိုက် ... ကောင်းလိုက်တဲ့ စကားလုံးလေး၊ ရွှေဖုန်းက စကားပြောတာ သိပ် Sharp ဖြစ်တာပဲ၊ ကိုယ် အရမ်းကြိုက်တယ်"

"အဲဒါတောင် ပညာကုန်ထုတ်မသုံးသေးဘူး၊ လျှို့ထားတာ"

"ဟာ ... ဟုတ်လား၊ ဒါဆို ကိုယ့်ကို ပညာကုန်သင်ပေးပါဦးနော်"

"အင်း ... သင်ပေးမယ်၊ သင်ပေးမယ်၊ ဒါဆို ခဏတော့ စောင့်နော်၊ ကျွန်မ ဒီမှာ ညှိသည်လာလို့ စကားနည်းနည်းပြောမလို့ ရှင် ဖုန်းပိတ်မပစ်နဲ့နော်၊ သိပ်မကြာပါဘူး ... ရှင် ဖုန်းပိတ်ရင် ကျွန်မက နောက်ဆို ဖုန်းမကိုင်တော့ဘူး"

"ဟာ ... ရပါတယ်၊ အချိန်ဘယ်လောက်ကြာကြာ ကိုယ်စောင့်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မကြာပါဘူး ... လေးငါးမိနစ်လောက်ပါ"

"အိုခေ အိုခေ ... ရတယ်"

ရန်လင်း ပြောနေသည့်စကားကြောကိုကြည့်ပြီး သူကတော့ သေချာပိုင်နိုင်စွာ သိလိုက်ရပြီ ဖြစ်သည်။

အင်း ... ရန်လင်းတော့ ခံရပြီ။

သူမကတော့ တစ်ခုခု ချောက်ချတော့မည်ဖြစ်သည်။

သူ ဘယ်လိုချောက်ချမလဲဆိုတာကို သူ တိတ်တဆိတ် စောင့်နားထောင်နေဆဲမှာပဲ ရန်လင်းဆီသို့ သူမက ဖုန်းအသံပြုလိုက်သည် ထင်သည်။

ရန်လင်းက ဖုန်းကိုင်ထားရာမှ ကိုယ်လုံးကြီးတစ်ပတ်လှည့်ပစ်ပြီး စတိုင်လ်တွေ ဟန်တွေနှင့် ...

"အာ ... ကိုယ်က အားနာရမှာပါ ရွှေဖုန်းရဲ့၊ ကိုယ်လေ ကိုယ် ရွှေဖုန်းကို မြင်မြင်ချင်း သိပ်ချစ်တာပဲကွာ ... သိလား"

"ဝါး ဟား ဟား ဟား"

"အား ဟား ဟား ဟား"

"အိုး ဟိုး ဟိုး ဟိုး"

"အောင်မယ်လေး ... ဘာသံကြီးလဲ၊ ဘာသံကြီးလဲ၊ သရဲ





သရဲအော်ကြီးစား အသံကြီး ... ဟီး ဟီး"

ရန်လင်းတစ်ယောက် အော်ပြီး အခန်းထဲ ပြေးသွားလိုက်တာကို သူက ဟားတိုက်ရယ်ချလိုက်မိတော့သည်။

"ဟား ဟား ဟား"

"ဟာ ... မင်းက ဘာရယ်တာလဲ"

ရန်လင်း သူ့ကို လှည့်ရန်စောင်လာတာကို သူက ခေါင်းကြီးငုံပြီး တခွီးခွီးလုပ်ရယ် ရယ်ကာ အခန်းထဲမှာ ခြေရာစေ့မတတ် ပြေးသွားနေသည့် ရန်လင်းကို အနောက်ကနေ လိုက်ဖမ်းရင်းက ...

"ဟေ့ကောင် ရန်လင်း ... မင်း မင်း ဘာဖြစ်တာလဲ"

"နေတိုင်း ... ဟေ့ကောင် နေတိုင်း ... မင်း ငါ့နာမည်ကို အကျယ်ကြီး ခေါ်ကြည့်စမ်း၊ မင်း ငါ့ကို ဘာတွေပြောနေတာလဲ၊ နှုတ်ခမ်းက လှုပ်စိ လှုပ်စိနဲ့၊ ငါ ဘာမှ မကြားရတော့ဘူးကွ"

ရန်လင်းက သူ့နားနှစ်ဖက်ကို လက်ညှိုးနှစ်ဖက်သွင်းပြီး တဖတ်ဖတ် ကလော်ကာ မျက်နှာကြီးပင့်ပြီး တဟားဟားလုပ်လိုက်၊ ခေါင်းကလေးငုံ့ကာ သူ့အသံ နားထောင်လိုက်နှင့် စမ်းသပ်နေသည်။

ဟား ရန်လင်း ... တကယ်ပဲ နားမကြားရတော့တာလား။

အင်း ... သူ အကျယ်ကြီးခေါ်ကြည့်ပြီး မေးဦးမှ။



www.burmeseclassic.com

www.burmeseclassic.com



"နေတိုင်း ... မင်း ဘာဖြစ်တာလဲ"

သူ ကိုယ်လုံးကိုကုန်းပြီး သံကုန်ဟစ်လိုက်တာကိုတောင် ရန်လင်းက ဘာမှမကြားရသည့်စတိုင်လ်ဖြင့် သူ့နားအုံကို သူ တဖတ်ဖတ် နှစ်ဖက်စုံပစ်ရိုက်ကာ ...

"အောင်မယ်လေး အောင်မယ်လေး ... ကိုယ်ကျိုးနည်းရပါချည်ရဲ့၊ ငါ ငါ ဘာမှ မကြားရဘူး၊ မင်းအသံအကျယ်ကြီး ခေါ်တာ ငါ့နားထဲမှာ ညက်စလီ ပက်စလီပဲကြားရတယ်၊ ငါ နားတစ်ဖက် ပင်းပြီ၊ ပင်းပါပြီ၊ ကိုယ်ကျိုးကြီးနည်းရပါပြီ၊ မိန်းမလေးတစ်ယောက်တောင် မရသေးဘူး၊ နားပင်းပြီ နားပင်းပြီ"

"ဟာ ... ဘာလဲ ... မင်းကို သူ ဘာလုပ်လိုက်လို့လဲ"

"ဟာကွာ ... အတော့်ကို အကျင့်သီလမရှိတဲ့မိန်းမ၊ ငါ့ကို ကွာ ဖုန်းထဲကနေ သူနဲ့တူတဲ့ သရဲမအသံကြီးလား၊ သရဲထီးအသံကြီးလား မသိဘူး၊ အား ... အကျယ်ကြီးပါကွာ၊ သရဲမကြီးပဲ နေမယ်"

"အေး ... အဲဒါ မင်း မှတ်ထား၊ မင်းက နှာခေါင်းပွတာကို"

"ငါက သူနဲ့တွေ့မှ နှာခေါင်းပွတာ တော်သေးတာပေါ့ ... မင်းက ကောင်မလေးတိုင်းကို နှာခေါင်းပွတာ"

"ဟော့ကောင် ... မင်း လွတ်အောင်ပြေးပေတော့"





"အား ... ငါက မင်းကို ဘာပြောလို့လဲ၊ ဟုတ်တာပြောတာ ပဲ ဟော့ကောင်နော် ... မင်း မင်း"

ဒီတစ်ခါတော့ ရန်လင်း အပိုစကားမဆိုနိုင်တော့ဘဲ သူ့ အရှေ့ကနေ စွတ်ခနဲ လွတ်အောင်ပြေးထွက်သွားပါတော့သည်။

ရန်လင်း သူ့ကိုကြောက်ပြီး လွတ်အောင်ပြေးထွက်လိုက် တော့လည်း သူက အေးဆေး ဆိုဖာမှာမှီပြီး လက်ပိုက်ငြိမ့်ပစ်လိုက်ရုံပဲ သည်။

အင်း ... သူ့အခြောက်ကောင်းတော့လည်း သူ နားအေး ပါးအေး ဖြစ်သွားရပြီပေါ့။

ဟူး ... ဒီအချိန်မှာတော့ ရွှေဖုန်းက သူမလုပ်ရပ်ကို သူမ ဘယ်လောက်ကျေနပ်နေလိုက်သလဲ။


အင်း ... မင်းလည်း ညာဏ်များတတ်ပါ့ ရွှေဖုန်းရယ်။

❁



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖုန်းနှင့်သူ ခင်မင်ပြီးသည့်နောက်ပိုင်းမှာ သူက ရွှေဖုန်းကို ရန်လင်းလုပ်ရပ်အတွက် အားနာစကားဆိုလိုက်တော့ ရွှေဖုန်းကလည်း သူ့မ,လုပ်ရပ်တွေအတွက် သဘောကျကာ လက်ခုပ်လက်ဝါးတီးပြီး ဟားတိုက်ရယ်ချလိုက်တော့သည်။

"ဟား ဟား ဟား"

လှုကြည့်ရတာတော့ တကယ့်ကို သေးသွယ်သွယ်ကိုယ်လုံးလေးနှင့်၊ ရယ်လိုက်သည့်လေသံကတော့ မိုးပေါ်ရောက်နေတာ ••• သူ တကယ်လန့်သွားရပါသည်။

ပြီးတော့ ယောက်ျားကြီးတစ်ယောက်လို ဟားတိုက်ရယ်မော





ပုံကြီးကိုလည်း သူက သဘောမကျနိုင်စွာ စိုက်ကြည့်လိုက်မိသည်။

သူ မျက်မှောင်ကြီးကုတ်ပြီး ကြည့်လိုက်တော့မှ ရွှေဖုန်းက သတိရသွားကာ သူ့မ,ရယ်နေတဲ့ပါးစပ်ကို လက်ဝါးနှင့်ကွယ်ပြီး •••

"ဖလူး ဖလူး ••• အဟင်းဟင်း ••• နေတိုင်း ရှင် ကျွန်မကို ဘာတွေ ဝေဖန်သုံးသပ်နေတာလဲ"

"ပြောပြရမလား"

မချိုမချဉ်မျက်နှာပေးနှင့် မေးလာသည့် ရွှေဖုန်းကို သူ ခပ်တက်နက် စိုက်ကြည့်လိုက်တော့ ရွှေဖုန်းက သူ့ကို နှုတ်ခမ်းမဲ့ပြကာ မျက်နှာလေး ဆတ်ခနဲ လွှဲသွားတာက သူ့အတွက် ရင်ခုန်ကဗျာတစ်ပုဒ် ဖြစ်သွားတော့သည်။

သူ ရင်ခုန်နှုန်းမြန်စွာဖြင့် ငေးကြည့်ရင်းမှ သူနှင့် ရွှေဖုန်းအခုလို Mr.Brown မှာ စကားပြောခွင့်ရသည်အထိ ရင်းနှီးသွားတာကိုသူ ပြန်တွေးရင်း ပိုပြီးကျေနပ်မိသည်။

ကျေနပ်မိသလို မိန်းကလေးတစ်ယောက်ကို လ,အပိုင်းအခြားလောက်ကလေးနှင့် အခုလို ဆိုင်မှာ နှစ်ယောက်တွဲထိုင်ရသည်အထိ အစွမ်းအစရှိသည့် ကိုယ့်ရဲ့စကားရေးရာ ကျွမ်းကျင်မှုအပေါ်ကိုလည်း ဂုဏ်ယူလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်ဟုတ်လိုက်သည့် ငါ ... လို့ပဲ ကိုယ့်ရင်ဘတ်ကိုယ် လက်မ,စိုက်ပြီး ဟစ်ပစ်လိုက်ချင်သည်။

"ဟိတ် ... ရှင် ဘာတွေ စဉ်းစားနေတာလဲ ... ပြောပြလေ ရှင် ကျွန်မကို ဝေဖန်သုံးသပ်တဲ့ စကားလုံး"

"ဟင်"

အခုမှပဲ သူ စိတ်ကူးယဉ် ငြိမ်သက်သွားတာကြီးကို သတိရသွားကာ ရွှေဖုန်းကို မေးတစ်ချက်ဆတ်ပြီး လုစ်ခနဲ ရှက်ပြုံးပြုံးလိုက်မိသည်။

အတန်ကြာ ငြိမ်သက်စွာပြုံးလိုက်ပြီးမှ ခေါင်းမော့ကာ သူမမျက်လုံးကြည်ကြည်လေးကို တစ်ချက် နင့်နင့်စိုက်ကြည့်ကာ ...

"အင်း ... ဝေဖန်ရမယ်ဆိုရင်တော့ စိတ်မဆိုးကြေးနော်"

"အင်း ... မဆိုးဘူး၊ ပြော"

"ဒါဆို ပြောရတာပေါ့၊ ရယ်တာ ယောကျ်ားဆန်တယ် ကြမ်းတယ်၊ ပွင့်လင်းတယ်၊ ရဲရင့်သွက်လက်ပြီး Sharp ဖြစ်တယ်"

"အင်း ... ဒါ အကုန်ပဲလား"

"မကုန်သေးဘူး ... ဆက်ပြောဦးမယ်"

သူက နှုတ်ခမ်းကိုက်ပြီး ရယ်လိုက်တော့ သူမကလည်း





သူ့စတိုင်လ်ဖမ်းပြီး ကျိတ်ရယ်လိုက်သည်။

ဒါကို သူက အသည်းယားကာ ရင်ဘတ်ကို တစ်ချက်ပုတ်ပြလိုက်သည်။

အဲဒီလို ပုတ်ပြလိုက်တာကို သူမက အထာပေါက်စွာဖြင့်

"ဘာဖြစ်လို့လဲ ... ရင်အောင့်လို့လား"

"ရင်ဘတ်ဝမှာ လေဆို့သွားလို့"

"ဘာလေလဲ"

"Heart လေ"

"အဟား ဟား"

"ဟာ ... အဲဒီလို မရယ်နဲ့ကွာ၊ မိန်းမဖြစ်ပြီး ရယ်သံကြီးက ကျည်ဘူးကွာ"

"အံမယ် ... မနူးညံ့တော့ ဘာဖြစ်သလဲ"

"မနူးညံ့တော့ ဘယ်ယောကျ်ားလေးက ချစ်ချင့်ပါ့မလဲ"

သူပြောလိုက်တဲ့စကားကို သူမက တခစ်ခစ်ရယ်ပြီး လက်ဖလေးပိုက်ကာ နှုတ်ခမ်းလေး စုလိုက်ပြီး ...

"ချစ်မယ့်သူတွေ များနေလို့ ကန်တောင်ထုတ်ရဦးမယ်"

"ဟာ ... ဆော်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စကားပြော မိုက်လွန်းသည့် ရွှေဖုန်းကို သူ လက်ခါဆလံ ပေးပြီး တအစ်အစ် ရယ်ပစ်လိုက်တော့သည်။

အင်း ... ဒီလောက် ပါးနပ်လည်ဝယ်သည့် သူမကိုလည်း သူ ဆရာလုပ်လို့ ရမည်မထင်။

သူမကသာ သူ့ကို တစ်ကွက်ကြော့ဖို့ စိုင်းပြင်းနေပုံရသည်။ ဒါကို သူကလည်း ပါးနပ်စွာ သိရှိပြီးမို့ သူမ,ပြောလာမယ့် မိုးလုံးပြည် လေတွေကို အားစိုက်နားထောင်လိုက်သည်။

သူ နားစွင့်ထားဆဲမှာပဲ ...

"ရှင့်ကိုလည်း ကျွန်မ ဝေဖန်မယ်"

"အင်း ... ဘာတွေဝေဖန်မလဲ၊ နားထောင်လို့ ကောင်းတာ ပေါ့"

သူမက နှုတ်ခမ်းတစ်ချက် မဲ့ပစ်ပြီး ပန်းပါ အဆင်တွန့်လိုက် သေးသည်။

မိန်းကလေးတွေ အဲဒီလို စတိုင်လ်လုပ်တာကို သူ တကယ် အသည်းယားသည်။

ပြီးတော့ ကိုယ်ချစ်သည့်မိန်းကလေးဖြစ်နေတော့ ပိုပြီးလည်း ချစ်သည်။





"ဟယ် ... လူကို ဘာဖြုံးစိစိကြီး ကြည့်နေတာလဲ၊ အဲဒီလို ကြည့်ကတည်းက ရှင့်ရဲ့ကာရိုက်တာက အသိသာကြီး"

"ဘာလဲ"

"ရည်းစားများတယ်"

"ဟာ ... မဟုတ်တာတွေ ပြောပြီဟေ့"

"ကဲ ... ပြောပြ ရှင့်အဟုတ်"

"အဲဒါ ဘာလို့ သိချင်တာလဲ"

သူကလည်း သူမကို ပြန်အကဲစမ်းလိုက်သည်။

အဲဒီလို ပြောလိုက်တော့မှ သူမက နှုတ်ခမ်းထောင့်ကို ဖိကိုက်တာ ခေါင်းတစ်ချက် ယမ်းပစ်လိုက်သည်။

"ထားပါ ... ရှင်နဲ့ကျွန်မက Close Friend မှ မဟုတ်တာ"

"ဟာ ...း စတာကိုကွာ၊ ကိုယ်ပြောပြမှာပေါ့ ရွှေဖုန်းရဲ့ ကိုယ့်အကြောင်းကို အရမ်းစိတ်ဝင်စားလို့ အင်တာဗျူးတဲ့ကောင်မလေး ကို ကိုယ့် Family အကြောင်း ပြောရတာပေါ့"

"အရမ်းတော့ စိတ်မဝင်စားပါဘူး"

"အလွန်ပဲ စိတ်ဝင်စားတယ်ပေါ့"

သူက ရိုလိုက်ပြီး စားပွဲပေါ်တင်ထားသည့် သူမ လက်နုနုလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မသိမသာလေး သူ့လက်နှင့် ဆွဲအုပ်လိုက်သည်။

အဲဒီအချိန်နှင့် တစ်ပြိုင်နက် သူမက သူ့လက်ထဲက လက်ကလေးကို ဆတ်ခနဲရုန်းကာ သူ့ကို မျက်စောင်းတစ်ချက်ခဲပြီး . . .

"ရှင်နော် . . . ကန်းတက်မယ် မပြင်နဲ့"

"မပြင်ပါဘူး၊ လက်ခုံပေါ်မှာ ဘာဖတ်ကလေး ကပ်နေသလဲလို့ ဖယ်ပေးတာပါ"

"ဟွန်း . . . ခပ်မင်ခွင့်လေး ပေးလိုက်တာနဲ့"

"အဟား ဟား . . . စိတ်ဆိုးပြီ စိတ်ဆိုးပြီ၊ မရှိမဲ့ ရှိမဲ့ နှုတ်ခမ်းလေး ထော်လာပြီ"

"နေ့တိုင်း . . . ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မ ချက်ချင်းထပြန်လိုက်မှာနော်၊ ဟင်း . . . ရန်လင်းနဲ့ညီအစ်ကို တစ်ဝမ်းကွဲရယ်လို့ မပြောရဘူး . . . ပေါလိုက်တာမှ နှစ်ယောက်မရှိဘူး၊ ဒီက သူ့ညီကို ပေါလွန်းလို့ မှတ်လောက်သားလောက် သရဲကားထဲက အသံမျိုးနဲ့ ဆုံးမလွှတ်လိုက်တာ"

"ဟုတ်လား၊ အင်း . . . ကိုယ့်ညီနဲ့ပတ်သက်ပြီး ရွှေဖုန်းကိုယ့်ကို ဘယ်လိုမှ မသတ်မှတ်နဲ့နော်၊ ရန်လင်းက တကယ်တော့ သနားစရာ ကောင်းပါတယ်"





"သနားစရာ မကောင်းပါဘူး၊ အမြင်ကတ်ဖို့ကောင်းတာပါ၊ ရှင် ကိုယ့်ဘက်ကိုယ် ယက်မပြောနဲ့၊ ရှင့်ညီ ရန်လင်းနဲ့ စကားပြောရတာ အရူးနဲ့ စကားပြောရသလိုပဲ၊ ဘယ်လိုကိုပေါတဲ့ကောင်မှန်းမသိဘူး၊ ဖုန်းပြောတာကအစ ပေါတာ၊ သူ ဦးနှောက်ကျပ်ပြည့်ရဲ့လား၊ လေကလည်း များလိုက်တာ၊ ပြီးတော့ သူ့ကြည့်ရတာ ပြည့်ပြည့်စုံစုံ နေလာရပုံ မရဘူး၊ အခုမှ ပြည့်ပြည့်စုံစုံနေဖူးသလိုဆိုတော့ စကားပြောရတာ အသားမကျဘူး"

တကယ့်ကို ဝေဖန်အကဲခတ်နှုန်း အားကောင်းသည့် အမျိုးသမီးကို သူ အတော်လန့်သွားရသည်။

လန့်ခဲ့ရတယ်ဆိုတာကလည်း သူက ရည်းစားများတဲ့လူဖြစ်လို့ နောက်ကျောမလုံပြီး လန့်ခဲ့တာ ဖြစ်သည်။

သူက သူ့ကိုယ်သူ နောက်မလုံဖြစ်ပြီး ငြိမ်ကျသွားတာကို သူမက တစ်မျိုးကောင်သွားပြီး . . .

"ရှင် ရန်လင်းကို ကျွန်မ ပြောလိုက်လို့ စိတ်ဆိုးတာလား"

လို့ မေးလာတော့မှ သူ သတိရသွားကာ အရှေ့က အအေးဘော်စက်ကော်ဖီခွက်ကို တစ်ကျိုက်တည်းမော့ချကာ ခေါင်းခါယမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း ပါးစပ်ကလည်း ရှင်းတမ်းထုတ်လိုက်ရသည်။

"ဟာ ... မဟုတ်ပါဘူး၊ ကိုယ် စိတ်မဆိုးပါဘူး၊ ရွှေဖုန်းသူ့ကိုသာ နားလည်ပေးလိုက်ပါကွာ၊ သူကလေ ငယ်ငယ်တုန်းက ဆင်းရဲတော့ ချမ်းသာချင်တာပေါ့ကွာ၊ ကိုယ်တို့ဆီကို ရောက်တာ တစ်နှစ်လောက်ပဲ ရှိသေးတာ"

"အင်း ... အဲဒါကြောင့်မို့လို့"

"သူ့ကို နားလည်ပေးလိုက်ပါကွာ"

"အို ... နားလည်မပေးနိုင်ပါဘူး၊ ကိုယ့်အဆင့်ကို ကိုယ်မသိ၊ ကျွန်မ ဒါမျိုးမကြိုက်ဘူး။ ရှင့်ညီကို တားထား၊ ဘာလဲ ... ရှင်က ရှင့်ညီကို မြှောက်ပေးနေတာလား၊ ကျွန်မက သူဌေးသမီးဆိုပြီတော့"

"ဟာ ... ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ၊ ကိုယ် ဒီလိစိတ်ကူးမျိုး တစ်စက်မှ မရှိပါဘူး၊ ဝါသနာလည်း မပါဘူး"

"ပြီးရော ဝါသနာမပါရင်လည်း အဲဒီကောင်ကို လေလုံပြင်ခိုင်း၊ တကတဲ ... မြင်, မမြင်ဖူးပါဘူး၊ လမ်းဘေးက အရူးကသူ့ထက်မြင့်သေးတယ်"





"ဟာ ... အဲဒီလိုတော့ နှိမ့်နှိမ့်ချချ မပြောပါနဲ့"

"ပြောမှာပဲ၊ ရန်လင်းကို ရှင်ပြောထား ... ကျွန်မဆီကို ဖုန်းမဆက်စေနဲ့၊ ဒီတစ်ခါတော့ လုံးဝကို သည်းမခံတော့ဘူး"

"ကိုယ့်ကိုရော"

"ရှင်က လူကောင်းပဲ"

"နည်းနည်းထပ်မြှင့်ပါဦး"

"မြှင့်ဖို့စကားလုံး မရှိတော့ မတ်တတ်ရပ်ဖို့ စကားလုံးပဲ ရှိတော့တယ်၊ ဒီမှာနော် ... ရှင့်ကိုလည်း ကျွန်မက အခုမှ ရင်းနှီးခဲ့ပေမယ့် သူငယ်ချင်းတစ်ယောက်လို ခင်လို့"

"ပြီးတော့ရောဟင်"

"ဒါပဲ ရမယ်"

"ဖြန်း" ခနဲမြည်အောင် ရိုက်ချလိုက်သည့် လက်သံက သူမ,လက်သံဖြစ်သလို သူမ,လက်ကလေးကို ဆွဲကိုင်ပြီး ဆိုင်ထဲက လှမ်းထွက်မယ့်ဆဲဆဲ သူမလက်ကို ဆွဲလိုက်တဲ့ သူ့လက်ကို ဖြန်းခနဲမြည်အောင် အရိုက်ခံလိုက်ရတာကတော့ သူ့လက်ပင် ဖြစ်သည်။

ဒီအချိန်မှာ ဆိုင်ထဲကလူတွေ မျက်ဝန်းအစုံက ပြူးစီစီဖြစ်သွားတာကို သူ အရှက်သည်းစွာဖြင့် သူမအနောက်ကနေ ခပ်ကုပ်



www.burmeseclassic.com

www.burmeseclassic.com




ကုပ်လေး လိုက်လာခဲ့ရပါတော့သည်။

ဒီဆိုင်ထဲက လူတွေကတော့ သူ့ကို ဘယ်လိုသတ်မှတ်မည် မသိ။ သူကတော့ ရှက်လိုက်တာ။ မျက်နှာတောင် ချက်ချင်း မျက်နှာ ဖုံးစွပ်ပစ်ပြီး ဒီအရှေ့ကနေ သူ ပြေးထွက်လိုက်ချင်သည်။

❁ ❁ ❁







## အခန်း (၅)

ဒီရက်အတွင်း ရန်လင်း သူ့ကို တိတ်တဆိတ် အကဲခတ်နေတာကို သူက သိသိကြီးနှင့် မသိချင်ယောင်ဆောင်ပြီး ရန်လင်းနှင့် ကြာကြာမျက်နှာချင်း မဆုံဘဲ နေလိုက်သည်။

သူ အဲဒီလိုနေလိုက်တော့ ရန်လင်းက အကင်းပါးသူပီပီ ပိုအခံရခက်သွားသည်ထင်သည်။

သူ့အခန်းထဲကို ရောက်လာပြီး သူ့ကို အပြစ်တင်ချင်သလို သူမကိုပဲ စောင်းတမဲ့မဲ့ ပြောလာတော့သည်။

"နေတိုင်း ... မင်းက အခုတစ်လော ဘာဖြစ်နေတာလဲ၊ ဘယ်သူ့ဆီး မိထားလို့ ဒီလောက်ငြိမ်နေတာလဲ၊ ပြီးတော့ မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖုန်း ရှိးမှရှိးရဲ့လားကွာ၊ အိစီကလီ ဖြစ်ပြီလား”

“ဟဲ ဟဲ ... အိစီကလီထက် မြင့်ပြီ”

“ဘာ”

ထအော်လိုက်သည့် ရန်လင်းအသံက သူ့တစ်ကိုယ်လုံးကို လှိုင်းလုံးကြမ်းကြမ်း ရိုက်ခတ်သွားတော့သည်။

ဟား ... ရင်ဘတ်ကြီးတစ်ခုလုံး အုန်းခနဲ မြည်တာဘဲ ရှိသည်။ ရင်တစ်ခုလုံး ပွင့်ထွက်မတတ် ခံစားလိုက်ရတဲ့ ရန်လင်း မျက်လုံးစိမ်းတွေက ဒေါသကြောင့် ခါးသီးနေတာ။ သူ့ရင်ထဲ ဘယ်လိုကြီး ဝမ်းနည်းမှန်းမသိ ဝမ်းနည်းခံစား လိုက်ရသည်။

ရင်ထဲမှာ ဝမ်းနည်းသွားသလို ရန်လင်းကိုလည်း စကား တစ်ခွန်းမှ မဆိုနိုင်တော့အောင် သူ အာစေးမိသွားချိန်မှာ ရန်လင်းက ဘာမပြော ညာမပြောနှင့် သူ့အခန်းထဲကနေ ချာခနဲ လှည့်ထွက်သွား လေသည်။

ရန်လင်းကိုကြည့်ပြီး သူ့ရင်ထဲ ဘယ်လိုမှ မခံစားနိုင်တော့။ ခေါင်းကြီးငိုက်စိုက်ချပြီး အတန်ကြာ တိတ်ဆိတ်တွေဝေသွားပြီးမှ ရွှေဖုန်းကို ဖုန်းဆက်ဖို့ ခုတင်ခေါင်းရင်းက ဖုန်းကလေးကို ဆွဲကိုင်နှိပ် ချလိုက်တော့သည်။





ဖုန်းကလေး နှိပ်လိုက်သည့် သူ့လက်ချောင်းတွေ တဆတ် ဆတ်တုန်ပြီး ရန်လင်းအတွက် စိတ်မကောင်းဖြစ်နေဆဲ တစ်ဖက်မှ ရွှေဖုန်းအသံကြည်ကြည်လေးက သူ့နားထဲကို နွေးထွေးစွာဖြင့် ငြိမ့်ငြိမ့် လေး ဝင်လာခဲ့သည်။

“ဟယ်လို ... နေတိုင်းလား”

“အင်း”

“ဘာ အင်းတာလဲ”

“ဟာကွာ ... ငါ ရင်ထဲမှာ မကောင်းလို့”

“ဘာမကောင်းတာလဲ”

“ခက်လိုက်တာကွာ ... ဒီမှာ စိတ်ညစ်နေတာ”

“ဟယ် ... ယောကျာ်းကြီးဖြစ်ပြီး မိန်းကလေးပြောနည်း ပြောတယ်၊ ဟိ ဟိ ... ပေါလိုက်တာ”

“ဟားကွာ ... ဒီမှာရွှေဖုန်း”

“ပြော”

“သေတော့မှာပဲကွာ”

“ရှင် သေ”

“အေး ... သေချင်တာ၊ ဒီမှာ အခုတင် ရန်လင်း ဒိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်သွားပြီ၊ ရွှေဖုန်းက သူ့ကို ဟာ . . . မဟုတ်ပါဘူး''

''အရေးမပါလိုက်တာရှင်၊ ဖုန်းပိတ်မယ် . . . တော်ပြီ''

''ဟာ ဟေ့ . . . မပိတ်နဲ့ဦး၊ မနက်ဖြန် ကိုယ်တို့ အင်းယားကန်မှာ စကားစမြည်လေး ပြောရအောင်''

''အောင်မယ် . . . ဘာလုပ်ရအောင် ပြောမှာလဲ''

''ကိုယ့်ရင်ထဲက မောနေတာတွေ ပြေချင်လို့ပါကွာ . . . နော်၊ မရက်စက်လိုက်ပါနဲ့၊ ရွှေဖုန်းက မရက်စက်တတ်ပါဘူး'

''အံ့မယ် . . . လူ့ကိုလာပြီး မဖားပါနဲ့''

''စကားမဝေ့နဲ့ကွာ၊ ဟေ့ . . . Please မနက်ဖြန် ဆယ်နာရီ ကိုယ် မင်းတို့ခြံထိပ်ထောင့်လေးက ကားနဲ့စောင့်နေမယ် . . . သိလား ဒါပဲနော် ဒါပဲ . . . Thank You''

''အင်းပါ အင်းပါ''

ဆိုသည့် ရွှေဖုန်းရဲ့ အသံကြည်ကြည်လေးကိုပဲ သူ နွေးငြိမ့်ငြိမ့်ခံစားရင်း ရင်ထဲမှာ မနက်ဖြန်ရဲ့ အဖြေတစ်ခုအတွက် တကယ် အမောပြေသွားရပါတော့သည်။

❁





''ကဲ . . . ရှင် မနေ့က စိတ်ညစ်ရတဲ့အကြောင်းပြောတော့''

အင်းယားကန် ခုံတန်းလေးတွေမှာ နှစ်ယောက်သား ပူးပူး[illegible]ပ်ကပ် ထိုင်ပြီးသည့်အချိန်မှာ ရွှေဖုန်းက ပြုံးစိစိမျက်နှာပေးနှင့်[illegible]လာတော့ သူ ဘာပြန်ပြောရမှန်းမသိ အကြံအိုက်သွားပြီးမှ ဟက်[illegible]နဲ့ ရယ်ချလိုက်မိတော့သည်။

အခုလို ရွှေဖုန်းနဲ့ အင်းယားမှာ ချိန်းတွေ့စကားပြောရသည့်[illegible]ခုနစ်ရာအချိန်ကလေးမှာ စိတ်အနှောင့်အယှက်ဖြစ်ရမယ့် ရန်လင်း[illegible]အကြောင်းကို မပြောတာက အကောင်းဆုံးလို့ သူခံယူပြီး ခေါင်းကြီး[illegible]တစ်ချက် ခါယမ်းပြီး ရွှေဖုန်းပခုံးသားလေးကို သူ့ပခုံးသားကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခပ်တင်းတင်း ထိချပစ်လိုက်တော့သည်။

"အိုး . . . ဘာလုပ်တာလဲ"

ရွှေဖုန်းက သူ့လုပ်ရပ်ကြီးကို အရမ်းအံ့ဩရင်ခုန်သွားပုံဖြင့် မျက်လုံးအပိုင်းသား အော်လိုက်တော့ သူက ဘာမှမဟုတ်သလို တဟဲ ဟဲ ရယ်လိုက်သည်။

"ဟဲ ဟဲ . . . ဟိုလေ . . . ကိုယ် အားငယ်နေတာတွေကို အားဖြည့်တာပါကွာ၊ ကဲ . . . ကိုယ်တို့ စိတ်ဆင်းရဲစရာ ဘာမှ မပြောတော့ဘူး၊ ပျော်စရာတွေပဲ ပြောမယ်"

"အင်းပါ အင်းပါ . . . သူပဲ အမျိုးမျိုး လျှောက်ပြောနေတယ်"

"လျှောက်မပြောပါဘူး . . . ထိုင်ပြောနေတာပါ"

"ကဲပါ . . . တော်ပါတော့၊ ဒါပဲတတ်တယ်"

"ဟိုဟာလည်း တတ်ပါသေးတယ်"

"ရှင်နော်"

"ဩော် ဟော် . . . ပခုံးထိ ပခုံးထိ စကားပြောတာကို ပြောတာပါ၊ အင်း . . . ရွှေဖုန်း ပျင်းမှာစိုးလို့ ကိုယ်စနေတာပါ"

"တစ်နာရီပဲ စကားနားထောင်မယ်နော်၊ ကျွန်မတစ်ယောက်





ည်း လစ်လစ်ထွက်နေတာကို ကျွန်မမိဘတွေ မသိသလို ကျွန်မ သူငယ်ချင်းတွေကိုလည်း မပြောရဲသေးဘူး"

"အင်း . . . ဟုတ်လား"

ရွှေဖုန်းအပြောလေးကို သဘောကျပြီး သူ ရွှေဖုန်းမျက်နှာ လေးကို ခပ်နင့်နင့် စိုက်ကြည့်လိုက်ချိန်မှာ ရွှေဖုန်းက ဆံပင်ကလေး တွေ ပခုံးအောက် ဝဲပျံ့သွားသည်အထိ ခေါင်းငုံ့သွားတော့သည်။

"ဟာ . . . ကိုယ် အခုမှ သတိရတယ်၊ မနေ့က ကိုယ် သင်္ချိုင်းထွက်တာ သိပ်မှန်တာပဲ၊ လက္ခဏာတို့ ဗေဒင်တို့ကို ကိုယ် က ဒီလောက် အယုံအကြည်ရှိတာမဟုတ်ဘူး၊ ဒါပေမဲ့ ဒီတစ်ခါတော့ အကယ်မှန်တာ၊ သွေးထွက်အောင်ကိုမှန်တာ၊ ကိုယ်တော့ ယုံသွားပြီ"

ဒီကနေ့တော့ သူ ရွှေဖုန်းကို ချစ်စကားတောင်းခံလာလိမ့် မယ်လို့ အသေအချာတွက်ထားသည့် ရွှေဖုန်းက သူပြောလာသည့် လက္ခဏာဗေဒင်အကြောင်းကို စိတ်မဝင်စားခဲ့ရပါဘဲ စိတ်ဝင်စားချင် ဟန်ဆောင်လိုက်ရပါတော့သည်။

"ကဲပါ . . . ယုံလောက်တဲ့အဖြေကိုလည်း ပေးဦးမှပေါ့"

"အင်း . . . ဟုတ်သားပဲ"

သူက ပြောရင်းနှင့် တစ်ဖက်တစ်နေရာမှာ အုပ်အုပ်စု



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကြတဲ့ စုံတွဲတွေကို အကြာကြီး လှမ်းကြည့်နေပြန်သည်။

သူ ကြည့်နေတာက တကယ့်ကို အကြာကြီးပါပဲ။ (ဘာတွေ ကြည့်နေပါလိမ့်)။ အဲဒီလို သူ ကြည့်နေတာကြီးကို ရွှေဖုန်းက မမျှ သိပ်နိုင်တော့ဘဲ . . .

"ဟယ် . . . ရှင့်မျက်လုံးတွေက ကျီးကန်းတောင်းမှောက် . . . ဘာဖြစ်နေတာလဲ"

"သူ သူတို့စုံတွဲတွေလို လုပ်ရကောင်းမလားလို့ အားကျလို့"

"ဘာ"

"အာ . . . ဆောရီး၊ မဟုတ်ဘူး၊ အလကားစတာ . . . ဟဲ ဟဲ"

"ဟယ် . . . မချေင့်လိုက်တာ၊ တဟဲဟဲနဲ့ . . . တကယ်နော် ပြောရရင် ပွင့်ထွက်သွားဦးမယ်"

သူမ အဲဒီလိုပြောတော့မှ သူ့မျက်နှာချောချောလေး တင် ချက်တည်သွားကာ ခေါင်းတစ်ချက်ဆတ်ပြီး . . .

"အင်း . . . စကားတောင် ဘယ်ရောက်သွားပါလိမ့်"

"လက္ခဏာမှန်တာ"

"အာ . . . ဟုတ်သားပဲ၊ မနေ့က ကိုယ် လက္ခဏာတွက်





တာ၊ လက္ခဏာကြည့်တဲ့ဆရာမက မင်းလောက်ပဲ ရှိသေးတယ်၊ တော် တော်တာကွာ၊ ကိုယ့်လက္ခဏာကိုကြည့်ပြီး ဘာပြောတယ် သလဲ . . . ကိုယ့်ကို ရက်ပိုင်းအတွင်းမှာပဲ ချစ်သူချောချော ရမယ် တဲ့ ကိုယ့်ချစ်သူက ဗုဒ္ဓဟူးသမီးတဲ့၊ ရုပ်ကတော့ ရှယ်ချော ချောတာ တဲ့ ပစ္စည်းကလည်း ချမ်းသာတယ်,ဘာညာပေါ့ကွာ၊ ပြီးတော့ အဲဒီ ဟူးသမီးနဲ့ မကြာခင်ပဲ လက်ထပ်ရမယ်တဲ့"

"ဟင် . . . ဟုတ်လား"

"အင်း . . . ဟုတ်တယ်"

သူက သံရှည်ဆွဲပြီး မျက်ခုံးပင့်ဆိုလိုက်တော့ သူမက မျက် ကျုံးသွားကာ . . .

"ရှင်ပြောနေတာကို ကျွန်မ နားထောင်နေတယ်၊ လက္ခဏာ ရာမက ရှင့်ကိုဟောတာပဲ၊ ရှင်ပြောနေတာက ရှင်နဲ့ ချစ်သူဖြစ် ကောင်မလေးကို ဟောတာကျနေတာပဲ"

"ဟာ . . . ဒါကတော့ ကိုယ်နဲ့ ကံတူအကျိုးပေးလို့ ကိုယ့်ချစ် လာတော်မယ့်သူပဲ၊ လက္ခဏာဆရာမက သိတာပေါ့၊ ဘာလဲ မယုံလို့လား။ မယုံရင် အဲဒီလက္ခဏာဆရာမဆီ လိုက်ပို့မယ်"

နေတိုင်းက အိုက်တင်ကောင်းကောင်းနှင့် ဟုတ်တိတ်တိ



www.burmeseclassic.com

www.burmeseclassic.com



လိမ်လိုက်သည်။

အင်း . . . သူ မယုံတာ၊ ယုံတာ အပထား။ သူကတော့ ဟုတ်ရိုးဟုတ်ဆီကို လိမ်လိုက်ပြီဖြစ်သည်။

"အင်း . . . ကဲ ပြောစမ်းပါဦး . . . ဘာတွေဟောသေးလဲ"

"ဟောတာပေါ့။ ကိုယ်နဲ့ညားမယ့်သူက ကိုယ့်အသက်နဲ့ အတူတူပဲတဲ့၊ ပြီးတော့ ကိုယ့်အသက်နှစ်ဆယ့်လေးမှာ မထင်မှတ်ဘဲ အိမ်ထောင်ကျမယ်တဲ့၊ အခု ကိုယ် နှစ်ဆယ့်လေးပြည့်ပြီပေါ့၊ အဲ ဗုဒ္ဓဟူးသမီးက သူ့ကိုချစ်နေတဲ့ စနေသားကိုလည်း သိတယ်တဲ့ စနေသားချစ်တာကိုလည်း ဗုဒ္ဓဟူးသမီးက သိတယ်တဲ့"

ဟဲ ဟဲ . . . ဖောလျှော ဆက်ရိုက် ဆက်ရိုက်။

သူမ ယုံသည်၊ မယုံသည် အပထား . . . ဆက်လိမ့် ဆက်လိမ့်။ လိမ့်ရတာလည်း ကောင်းလိုက်တာ . . . လျှာခံတွင်းကိုတွေ့လို့

"ဒါနဲ့ လက္ခဏာတွက်တာ သွေးထွက်အောင်မှန်တယ်ဆို တော့ သူပြောသလို ရှင် ချစ်သူရနေပြီပေါ့နော်"

"ဟာ . . . မရသေးပါဘူး၊ ဘယ်ကလာ ရရဦးမှာလဲ၊ ရတော့ မရသေးဘူး၊ ကိုယ့်စိတ်ထဲက ရှိပြီးသားချစ်သူနဲ့ သူဟောတာနဲ့ တင် ထေရာတည်းပဲ . . . သိလား၊ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ် မျက်နှာ





သွယ်သွယ်ချောချော၊ နှုတ်ခမ်းလေးက ပိုင်းပြီး . . ."

"အောင်မယ်လေး . . . တော်ပါတော့၊ ပန်းချီဆွဲပြပါလား"

"အင်း . . . ဆွဲပြမယ်၊ တကယ်လား"

"တော်ပါ . . . ဒီမှာ ကျွန်မကလည်း လက္ခဏာရှင်ပါရှင်၊ ရှင်တွက်တဲ့ ဆရာမလောက်ကတော့ ပျင်းသနားတယ်"

မဟုတ်မမှန် လုပ်ဇာတ်ခင်းနေသည့် နေတိုင်းကို အမြင်ကတ်ကတ်နှင့် သူ့ကိုပြန်ခော်ဖို့ သူ့လက္ခဏာကိုကြည့်ဖို့ ပြောလိုက်မိဆောသည်။

တကယ်တော့ ရွှေဖုန်းလည်း လက္ခဏာ မကြည့်တတ်ပါ။ သူ့ကို မျက်မှန်းကျိုးလွန်းလို့ တမင်ပြောပစ်တာ ဖြစ်သည်။

"ကျွန်မ ရှင့်ကို လက္ခဏာပြန်ကြည့်ပေးမယ်၊ ကျွန်မက ငယ်ငယ်ကတည်းက လက္ခဏာပါရမီဓာတ် အားကောင်းတာ၊ ရှင် တွက်တဲ့ဆရာမနဲ့ ကျွန်မ ဘယ်သူမှန်သလဲ ပြိုင်မယ်"

"ဟာ . . . မဖြစ်ဘူး ထင်တယ်၊ လက္ခဏာဆရာမက ပြောတယ် . . . လက္ခဏာကို တစ်လတည်းနဲ့ နှစ်ခါမကြည့်ရဘူး၊ ဘဝမှာ ဘာဖြစ်တတ်တယ်ဆိုလား"

သူ အတော်လန့်သွားတာကို သူမက လွှလွှလေး ပြုံးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ခေါင်းခါလိုက်သည်။

"ဘာမှ မဆိုင်ပါဘူး။ တစ်နေ့တည်းနဲ့ လက္ခဏာ ဘယ်နှခါ ကြည့်ကြည့်ရတယ်၊ ကျွန်မတို့ လက္ခဏာကြည့်တဲ့ပညာရှင်တွေက သိတာပေါ့၊ ကဲ ... ရှင့်လက်နှစ်ဖက်စလုံး ဖြန့်ပြစမ်းပါဦး"

"ဟာ ... မင်းကလည်း ပညာရှင်တွေ ဘာတွေနဲ့ ကြီးကြီးကျယ်ကျယ်၊ ဝါသနာရှင်ပဲပြောစမ်းပါ၊ ပညာရှင်နဲ့ ဝါသနာရှင် အကွာကြီး ... ဟဲ ဟဲ"

"တဟဲဟဲ လေထမနေနဲ့ ရှင့်လက် ဖြန့်ပြဆိုရင်"

"ဒါဆိုလည်း ပြီးရောကွာ ... ပြမယ်၊ တကတဲ ... ဆရာကြီးယောင်ယောင် သမားကြီးယောင်ယောင် Charlatan သိပ်လုပ်ချင်တာပဲ"

ပြောပြောဆိုဆို သူက လက်နှစ်ဖက်ကို သူမပေါင်ပေါ်သို့ ရုတ်တရက် ဖြန့်ချလိုက်တော့ သူမ အလန့်တကြား ထအော်လိုက်ပါတော့သည်။

"ဟဲ့ ... ပလုတ်တုတ်၊ ဒါ ဘာလုပ်တာလဲ၊ ရှင့်လက်ကြီးက"

"ဟင် ... ဘာ ဩော် ... ဒါလား။ လက္ခဏာကြည့်တယ်ဆိုတာ လက်ကို စားပွဲပေါ်တင်ကြည့်ရတာ၊ စားပွဲမှ မရှိတာ၊ ဘာလဲ





... မကြိုက်လို့လား"

"ဟုတ်တယ် ... ကြိုက်မလား"

သူမ တအားကျုံးအော်လိုက်တော့ သူ့ပါးစပ်ကြီးဟာပြီး ပါးစပ်ကို လက်ဝါးနှင့် အုပ်လိုက်ရတော့သည်။

ဟား ... သေတော့မှာပဲ။

သူမနှင့်သူ့ကို သူက နှောင့်ယှက်နေတဲ့ သူစိမ်းယောကျ်ားဆင်ပြီး အတွဲထဲက ယောကျ်ားတစ်ယောက်က သူ့ကို လာဆော်ထည့်လိုက်မှ ခေါင်းကွဲထိပ်ပြဲ ဖြစ်ဦးမည်။

အောင်မယ်လေး ... ကံမသကာ။ နေတိုင်း ဖြစ်သွားပေလို့။ ကျောချမ်းလိုက်တာဗျာ။

"ဟာ ... ဘာဖြစ်လို့ တအားစွတ်အော်တာလဲ၊ ဘေးကလူတွေ ကြည့်ကုန်ပြီ၊ ဗုဒ္ဓဟူးသမီးကလည်း နေ့နံနဲ့မလိုက်ဘူး။ ဒေါနချည်းပဲ"

"ကျွန်မ ဗုဒ္ဓဟူးသမီးလို့ ရှင့်ကို ဘယ်သူပြောလဲ"

"ယ-ရ-လ-ဝ အသံထွက်တွေက ဗုဒ္ဓဟူးနံတွေပဲ"

"နံတွေပေမယ့် ကျွန်မက နေ့သင့်နံသင့် မမှည့်တူး။ ကျွန်မက တနင်္ဂနွေသမီး၊ ရှင် လာဖြီးမနေနဲ့၊ ရောသမမွှေလို့ မရဘူး



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မဟုတ်ပါဘူး၊ ဗုဒ္ဓဟူးသမီးပါ၊ လာညာမနေပါနဲ့၊ ကိုယ့်ကိုပြောတဲ့ဆရာမပြောတာ မင်းရုပ်အတိုင်းပဲ၊ ဟုတ်ပါတယ်၊ တစ်ထေရာတည်းပဲ၊ မင်းမှ မင်းပဲကွယ်"

"အံမယ် . . . ရှင်က တပ်အပ်သေချာပြောရအောင် လက္ခဏာဆရာက ရှင်လား"

"ဟုတ်တယ်၊ အာ . . . ဟုတ်ဘူး၊ အဟား . . . ဒီလောက်ကတော့ ကိုယ်လည်း ဝမ်းရည်ဝပြီးသားပါ၊ ဗေဒင်လက္ခဏာလောက်ကတော့ ကိုယ်က စာအုပ်ဖတ်တာနဲ့ ကျွမ်းပြီးသား၊ ဘယ်သူ ဘာဖြစ်ရင် ဘာနဲ့ယတြာလုပ်ရမယ်ဆိုတာ ကိုယ် အတပ်သိတယ်၊ ဗေဒင်မမေးနဲ့ ဆန်ကုန်တယ်၊ စာအုပ်ဖတ်ရင် အားလုံးသိ . . . ဟဲ ဟဲ"

"အောင်မယ်လေး . . . နေတိုင်းတစ်ယောက်တည်း အတော့်ကို ပေါလာတာပါလားနော်"

"မပေါပါဘူး၊ ချစ်သူပျော်အောင် ကျီစယ်တာ၊ ကျီစယ်တာ . . . ဟဲ"

"ဘာချစ်သူလဲ"

'ဘုတ်'

"အောင်မယ်လေးဗျ၊ ဟိုက် . . . အဲဒါမှ သေပြီဆရာ၊ ဟိုမှာ





ဟိုမှာ ရန်လင်း၊ ကိုယ် ခဏရှောင်နေမယ်"

သူက အင်းယားကန်တစ်ပေါင်လုံးကို တစ်ယောက်တည်းနှင့် ပြည့်မတတ် စတိုင်လ်ထုတ်ပြီးလျှောက်လာသည့် ရန်လင်းကို လက်သီးညွှန်လိုက်ပြီး ကုန်းကုန်းကွကွကြီး တခြားတစ်ဖက်ဆီ အပြေးလျှောက်သွားချိန်မှာ ရန်လင်းက သူ့ကိုတွေ့မြင်ခွင့်မရခဲ့တဲ့ ရွှေဖုန်းကိုပဲ တွေ့မြင်သွားပြီး ရွှေဖုန်းဆီသို့ပဲ ဦးတည်လျှောက်လာခဲ့ပါတော့သည်။

❀





www.burmeseclassic.com

www.burmeseclassic.com



“ဟာ ရွှေဖုန်း . . . ဒီကို တစ်ယောက်တည်း ဘာလာလုပ် တာလဲ၊ သူငယ်ချင်း မပါဘူးလား”

သူတို့နှင့် မလှမ်းမကမ်းမှာ သူ ခပ်ဝပ်ဝပ်ကလေး ငုံ့ထိုင်ပြီး သူမနှင့် ရန်လင်းစကားကို နားစွင့်ထားလိုက်သည်။

ပြီးတော့ ရွှေဖုန်းနဲ့ ရန်လင်းတို့ကိုလည်း မသိမသာလေး မော့မော့ကြည့်ရလေသည်။ အဲဒီအချိန်မှာ ကိုရီးယားစကတ်အဝါနု ရောင် အရှည်ကလေးနှင့် ချည်သား ကော်လံအချွန်အဖြူ ရှပ်လက်တို ကို ကျပ်ကျပ်ကလေး ဝတ်ထားလို့ ထင်းထင်းကြီးလှနေသည့် ရွှေဖုန်း (သူချစ်ရသည့် သူ့ချစ်သူလေး) ကို မျက်လုံးတောက်တောက်တွေနှင့်





ရန်လင်းက စိုက်ကြည့်နေတာမို့ သူ့မျက်နှာကြီး ရဲခနဲဖြစ်သွားသည် အထိ ဒေါသတွေ ပွင့်ထွက်သွားရသည်။

အင်း . . . မျိုချမှ မျိုချမှ၊ ကျိတ်မျိုချမှ။

သူက ကျိတ်မျိုချလိုက်တဲ့အချိန်မှာ ရန်လင်းကို စကားပြန် လိုက်သည့် သူမအသံက ခပ်ထန်ထန် ထွက်လာခဲ့သည်။

“သူငယ်ချင်းမပါဘဲနေမလား ရန်လင်းရဲ့၊ ကျွန်မသူငယ်ချင်း ဘယ်သူလဲဆိုတာ ရှင် သိလား”

မြတ်စွာဘုရား . . . ။ သူ့ရဲ့ ရှည်ထွက်နေတဲ့ လည်ပင်းကြီး မြန်ပြီး ပုဝင်သွားရတော့သည်။

အောင်မယ်လေး . . . မတွေ့ချင်လို့ ရှောင်ခါမှ သူမက တည့် တည့်မတ်မတ်များ သူနှင့် မျက်နှာချင်းဆိုင်ပေးဦးမလားမသိ။

ဟား . . . ခွကျပါရဲ့။ သူ့ စိတ်ပျက်လက်ပျက် စိတ်ထဲကနေ ညည်းတွားနေတုန်းမှာပဲ ရန်လင်းအသံက ထွက်လာခဲ့ပြန်သည်။

“ဟာ . . . မသိချင်ပါဘူး။ ဒါ ကိုယ်နဲ့ဆိုင်တာမှ မဟုတ်တာ၊ အခုလောလောဆယ် ရွှေဖုန်းတစ်ယောက်တည်း ရှိတာပဲ ကိုယ်နဲ့ ဆိုင်တယ်၊ ကိုယ် ရွှေဖုန်းကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ ရွှေဖုန်းသိပါတယ်၊ တကယ်ပါ . . . ရွှေဖုန်းကို ကိုယ့်ရင်ထဲကကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ကာကာရှိတာ၊ မြတ်နိုးတာ၊ မင်းကို ကိုယ် ကြင်ကြင်နာနာ ယုယုယယကို တန်ဖိုးထားပါတယ်''

''ရှင်တော်တော့ ရန်လင်း၊ ရှင့်ပါးကို ကျွန်မ,မရိုက်ခင် ရှင် ထွက်သွားတော့၊ ရှင့်ကို နေတိုင်းမျက်နှာကြောင့် ဒီလောက်အထိ လေကုန်ခံတာ''

''ဟား ဟား ... နေတိုင်းမျက်နှာကြောင့် ... ဟုတ်လား''

''ဟုတ်တယ် ဟုတ်တယ်''

''ဟုတ်မနေနဲ့ ... မင်းက နေတိုင်းကို Innocent လေးလို့ ထင်ထားသလား၊ No No... မင်း အထင်နဲ့အမြင် ပါစင်လွဲသွားလိမ့် မယ်နော်''

ဟင် .. သူ့အကြောင်းကို သူ့ကွယ်ရာမှာ မကောင်းကြောင်း ပြောလိုက်သည့် ရန်လင်းရဲ့အတွင်းစိတ်မနော ညစ်နွမ်းပုံကြီးကို သူ အံ့သြမယုံနိုင်အောင် အောင့်ဖျင်းဖျင်းကြီး ခံစားနေတုန်းမှာပဲ ရန်လင်း အသံကြီးက မလိုတမာ ထွက်လာခဲ့ပြန်သည်။

''နေတိုင်းက လူရှုပ်ကွ၊ မိန်းကလေးချောချောလေးတွေကို တစ်ယောက်ပြီးတစ်ယောက် ထည့်လဲတွဲနေတာ၊ နေတိုင်းက ရည်းစား ကို စပယ်ယာနဲ့ထားတာ၊ ဒီတစ်ယောက်ပျင်းသွားရင် ဟိုတစ်ယောက်





ပြောင်းသွားရော၊ နေတိုင်းအကြောင်းကို ကိုယ်အသိဆုံးပေါ့''

''နေတိုင်းသာ လူရှုပ်ဆိုရင် ရှင်ကတော့ လုံးဝသုံးလို့ရမှာ မဟုတ်တော့ဘူး''

''ဟာ ... သုံးလို့ရတာပေါ့၊ ကိုယ်က အဖြူထည်လေး၊ ကိုယ့်လောက် ဖြူစင်သန့်ရှင်းတဲ့ယောကျ်ား လောကမှာ မရှိဘူး၊ ယောကျ်ားအချင်းချင်း အသိဆုံးပေါ့ကွာ၊ သူတို့က အပေါ်ယံပန် ဆောင်ပြီး သကာဖုံးထားတာ၊ နေတိုင်းကိုပဲ ပုံပမာကြည့်၊ မိန်းကလေး တွေ့ရောက်ရင် တကယ့်အဖြူထည် သိုးကလေး၊ အပြင်ရောက် သွားလို့ကတော့ ဖောင်းထဲကလွတ်တဲ့ မြင်းပဲ''

''ကဲ ... ရှင်တော်တော့၊ ရှင်ပြန်တော့နော်၊ မပြန်ရင် ကျွန်မ ရှင့်ကို ပါးချမိလိမ့်မယ်၊ တော်ပြီ တော်ပြီ ... ဟိုမှာ ကျွန်မသူငယ်ချင်း သာနေပြီ၊ ပြဿနာမဖြစ်ချင်ရင် ရှင် အေးအေးဆေးဆေး နောက် ဆုတ်လှည့်ပြန်၊ ဒီမှာ တစ်ခါတည်း ပြောလိုက်မယ် ... ရှင့်လို ပေါ ကြောင်ကြောင်ကောင်ရဲ့ပါးစပ်က တန်ရာ တန်ရာထွက်၊ နောက်နောင် ကတော့ ပြဿနာ ဒီထက်ကြမ်းမသွားဘူးလို့ ပြောလို့မရဘူး''

''ဟာ ... မင်းက ဒီလိုလား''

''ဟုတ်တယ် ... ဒီလိုပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ရပါတယ်ကွာ"

ဒေါသတကြီး ချာခနဲ လှည့်ထွက်သွားပြီဖြစ်တဲ့ ရန်လင်းကို ရွှေဖုန်း အခဲမကျေစွာ သူ့နောက်ကျောပြင်ကို လိုက်ကြည့်နေတုန်း မှာပဲ ရွှေဖုန်းအရှေ့တည့်တည့်သို့ မျက်နှာမကြည်မသာနှင့် ရပ်လာ သည့် နေတိုင်းကို ရွှေဖုန်းက ရန်လင်းစကားနှင့် တစ်ချက်တည်တည် ကြည့်လိုက်မိသည်။

အဲဒီအချိန်မှာ နေတိုင်းက ရွှေဖုန်းကို ဘာမှမပြောဘဲ ရွှေ ဖုန်းနဲ့ယှဉ်လျက် ဝင်ထိုင်ပြီး ရင်ထဲက,လာသည့်အသံ ဆွေးဆွေးကြီး နှင့် ...

"ကိုယ် ရန်လင်းကို ဒီလောက်အထိ ကိုယ့်အပေါ် ချောက် တွန်းလိမ့်မယ်လို့ ထင်မထားခဲ့ဘူး။ သူ ကိုယ့်ကို ဘာလို့ မကောင်း တာတွေ ဖဟုတ်ဘဲနဲ့ ရွှေပြောရတာလဲ၊ ကိုယ် စဉ်းစားလို့ မရတော့ ဘူး"

"ရှင်က မကောင်းခဲ့လို့ နေမှာပေါ့"

"ဟာ ... ရွှေဖုန်းက ရန်လင်းပြောတာ တကယ်ယုံကြည် တယ်"

"ယုံတစ်ဝက် မယုံတစ်ဝက်၊ ရှင့်ရဲ့ ကိုယ်ကျင့်သိက္ခာကို





စားရင် အကြွင်းက ဘာရမလဲ"

"ကိုယ်က ကိုယ့်ကိုယ်ကိုယ် ကောင်းသွန်းယောက်ျား မဟုတ် ဘူး"

"ထားပါ ထားပါ"

ရွှေဖုန်း သူ့ကို စိတ်လွတ်သွားပြီဆိုတာကို သူ သိလိုက်ရပြီ မို့ သူ ရွှေဖုန်းကို ကျောခိုင်းထရပ်လိုက်တော့သည်။

"ဟင် ... ရှင် ဒါ ဘယ်လဲ"

"ပြန်မယ်"

"နေတိုင်း ... ရှင် ဒါ ဘာပုံစံလဲ"

"ကိုယ် မခံစားနိုင်တော့ဘူး၊ ရွှေဖုန်း"

သူ ဘာကြောင့်မှား ဒီလောက်အထိ ဝမ်းနည်းသံပေါက်သွား သည်အထိ ခံစားချက်ပြင်းသွားတယ် မသိ။

ရွှေဖုန်းရှေ့မှာ မရှက်နိုင်တော့ဘဲ သူ ခေါင်းငိုက်စိုက်ချကာ အတန်ကြာ ငြိမ်သက်သွားတော့သည်။

အဲဒီလို ငြိမ်သက်သွားသည့် အချိန်အကြာကြီးအတွင်းမှာ ရွှေဖုန်းက သူ့ကို ယုံကြည်သွားသည်လားမသိ။

သူ့လက်မောင်းကြီးကို သူမ လက်ဖဝါးကလေးနှင့် ဖွဖွ



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လိုက်သည်တွင် သူကလည်း သူမလက်ကလေးကို ထပ်ဆုပ်လိုက်ပြီး အခွင့်အရေးတစ်ခုကို အရယူသွင်းလိုက်ပါတော့သည်။

"ကိုယ့်ကို ယုံပြီလားဟင်"

"ယုံပါပြီတော်၊ ယုံပါပြီ"

"ချစ်ရောချစ်ပြီလား"

"ဟင် ... ဒါကတော့"

"မရဘူး ... တစ်ခါတည်းပြော"

သူ့အကြည့်တွေ စူးလက်ရဲဝေစွာ ရွှေဖုန်းမျက်နှာပေါ် ဝဲခနဲ ကျရောက်သွားသည်တွင် သူမက ရင်ခုန်သွားသည်လားမသိ။

ရင်ခုန်သွားသလို အမူအရာမဲ့တဲ့တဲ့နှင့် ပခုံးနှစ်ဖက်တွန့်ကာ ခပ်ကျိတ်ကျိတ် ပြုံးလိုက်တာ။

ကိုယ့်အတွက် ဘာနဲ့မှ လဲလို့မရတဲ့ အားဆေးတစ်ခွက်ပါပဲ။

ဒီအချိန်မှာ မင်းသာ ကိုယ့်ကိုချစ်တယ် ပြောကြည့် ... ကိုယ် ရန်လင်းကို စိတ်မျက် စိတ်ကွက်ပြီး ခံစားထားတဲ့ ခံစားချက် အေးဆေး လျှော့ခနဲ လွတ်ကျသွားပြီ။

အဲဒီလောက်အထိ ကိုယ် မင်းကိုလိုအပ်တာပါ ရွှေဖုန်းရယ်။

မင်းဟာ ကိုယ့်အတွက် တစ်ဘဝလုံးစာချစ်ရတဲ့ ကိုယ့်ရဲ့





တစ်ကိုယ်တော် လေဒီလေးပါကွာ။

သူ အတွေးတွေနှင့် ခံစားယစ်မူးသွားတဲ့အချိန်မှာ ဘယ်အချိန်က သူ ရွှေဖုန်းကို ရင်ခွင်ထဲ သိုင်းဖက်လိုက်မိပြီလဲမသိ ဖြစ်သွားတာကြီးကို အခုမှ သတိရကာ သူမကိုယ်လုံးလေးကို ခပ်တင်းတင်း ပိုတိုးဖက်ပစ်လိုက်ပြီး နူးညံ့နွေးထွေးစွာဖြင့် လေးလေးနက်နက် မေးလိုက်မိပါတော့သည်။

"ဟင် ရွှေဖုန်း ... ကိုယ့်ကို ချစ်လားဟင်"

"ဟုတ်တယ် ... မချစ်ဘဲနဲ့ ဒီလို ဒီလို အထိခံမလား"

"ဟင် ... ဘယ်လို ဘယ်လို အထိခံတာလဲ"

"သွား ... လူလည်ကြီး၊ မုန်းလိုက်တာနော်"

"ဟွန်း ... မလည်ရပါဘူးကွာ၊ ရွှေဖုန်းတစ်ယောက်တည်းသာ ကိုယ့်ရဲ့ တစ်ကိုယ်တော် Lady လေးပါကွာ"

"အင်းပါ အင်းပါ ... နောက်မှ ရှုပ်ရှုပ် ရှုပ်ရှုပ် ဖြစ်လာရင်နော်၊ ကျွန်မက ခွင့်မလွှတ်ဘူး"

"အောင်မယ်လေးဗျာ ... အသည်းစားလေးရယ် လန့်ပါတယ်"

သူက ကျောကုန်းကြီးဝင် ခေါင်းကြီးငုံ့ကျကာ သူမလက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို တစ်ချက်တင်းတင်း ဆွဲဖျစ်ပြီး ရင်ခုန်ကြမ်းစွာဖြင့်ပင် နှုတ်ခမ်းသားဖြင့် ဖိကပ်နမ်းရှိုက်ပစ်လိုက်သည်။

(အိုဗျာ) တကယ်ပါပဲ။

မင်းရဲ့ ဒီလက်ကလေးကိုတော့ ကိုယ် ဦးဦးဖျားဖျား နမ်းပါရစေကွာ။

ရွှေဖုန်း ... မင်း ကိုယ့်ကို စိတ်မဆိုးပါဘူးနော်။

❋ ❋ ❋







## အခန်း (၆)

အင်းယားမှာ မထင်မှတ်ဘဲ ရန်လင်းရဲ့အပုပ်ချစကားတွေကို ပြောပြီးတဲ့နောက်ပိုင်းမှာ သူ ရန်လင်းအပေါ် ခပ်တန်းတန်းဖြစ်သွားသလို ရန်လင်းလည်း သူ့ကိုယ်သူ မလုံဖြစ်ပြီး သူနှင့် မျက်နှာချင်းဆိုင်ရမှာ မဝံ့မရဲဖြစ်နေခဲ့သည်။

အဲဒီလို သူတို့နှစ်ယောက် အရင်ကလို နွေးထွေးရင်းနှီးမှုနောက်မှုတွေ မရှိတော့တာကို ဒယ်ဒီက ရိပ်မိသွားပြီး သူ့ကိုတောင်နက် ကော်ဖီဝိုင်းမှာ မေးလာသေးသည်။

"သား ... မင်းနဲ့ရန်လင်း ရန်ဖြစ်ထားကြတာလား"

ဆိုသည့် ဒယ်ဒီ့စကားကို သူက ဖုံးဖုံးဖိဖိ ဖုံးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီယုံလောက်သည့် စကားလုံးကို ရွေးပြောလိုက်ရလေသည်။

"ဟာ . . . ဘယ်ကလာ ဒယ်ဒီရာ၊ ဒီကောင် အခုတစ်လော Heart ထိနေပုံရတယ်၊ သူ့ဟာသူ အာစေးမိနေတာ"

"အေး အေး . . . ညီအစ်ကိုတွေ သင့်သင့်မြတ်မြတ်နေကြကွာ"

ဒယ်ဒီပြောတဲ့စကားကို ကျွန်တော် လက်မခံချင်ပေမယ့် ဒယ်ဒီ့တူက ကျွန်တော့်ကို တမင်သက်သက်ကြီး မေတ္တာစေတနာပျက်အောင် အပုပ်ချခဲ့တာကိုတော့ ဘယ်လိုမှ သည်းခံလို့ မရဘူး ဒယ်ဒီ။

သူ့ကို ကျွန်တော် အရင်မစော်ကားဘူး။ ကျွန်တော့်ကို သူ အရင်လာစော်ကားတာ။ အပုပ်ချတာ။

ဒီတော့လည်း၊ နေတိုင်းတို့က ခပ်သာသာပဲ နေပေးလိုက်ပြီး တစ်နေကုန်တစ်နေခန်း ကိုယ်ချစ်တဲ့သူကလေး ရုံးပိတ်ရက်မှာ မုန်းစကားပြောလိုက်၊ လျှောက်လည်လိုက်နှင့် သူ့မှာ ရန်လင်းကို အာရုံထည့်ချိန်တောင် မရတော့။

ဒါကို ရန်လင်းက အတော့်ကို အခံရခက်နေပုံရသည်။





ဒီကနေ့မှာလည်း သူက ခပ်သာသာပင် ရန်လင်းအရှေ့ကနေ ခပ်သွက်သွက်ခြေလှမ်းတွေနှင့် လှမ်းထွက်ခဲ့သည်။

အခန်းထဲကနေ လှမ်းထွက်ထွက်ချင်းပင် ရန်လင်းကို စူပုပ်ပုပ်ကြီး မြင်လိုက်တာနှင့် သူက ဂျင်းဘောင်းဘီရှည်လေးနှင့် လိုက်ဖက်အောင်ဝတ်ထားသည့် ပိုလိုစပို့ရှပ်အစိမ်းစင်းကြားလေးကို လက်ကလေးပွတ်ပြီး အကျီကလေးကို တစ်ချချပေသွားလို့ ငုံ့မှတ်လိုက်သည့် စတိုင်လ်ကလေးဖြင့် တဟူးဟူး ငုံ့မှုတ်လိုက်သည်။

ပြီးတော့ စပို့ရှပ် အပြင်ထုတ်ဝတ်ထားသည့် ဂျင်းဘောင်းဘီခါးပတ်ကလေးကိုလည်း တမမနှင့် ဆွဲတင်သလို ဆွဲချသလို ခပ်မမစတိုင်လ် ထုတ်ပြရင်းမှ ရန်လင်း ပိုပြီးအခံရခက်သွားအောင် သူ ရန်လင်းကို မေးတစ်ချက်ဆတ် နှုတ်ဆက်လိုက်သည်။

"ရန်လင်း . . . ငါတော့ Lady တစ်ယောက်နဲ့ ချိန်းထားလို့ သွားလိုက်ဦးမယ်"

"Lady က ပြောင်းသွားပြန်ပြီလား၊ အရင် Lady မဟုတ်တော့ဘူးလား"

"ဟေ့အေး . . . ဒီတစ်ခါတော့ အခိုင်အမာတဲ့ Lady ဖြစ်သွားပြီ ငါ့ရဲ့ တစ်ကိုယ်တော် Lady ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ... ကောင်းပါတယ်၊ မင်း အဲဒီလိုပုံစံကျသွား တာကိုပဲ ငါက ဝမ်းသာပါတယ်ကွာ"

မဖြစ်တဲ့အဆုံး အောင့်သီးအောင့်သက် ဝမ်းသာစကား ... လိုက်သည့် ရန်လင်းကို သူ မသိမသာ မျက်စောင်းခဲကာ ရန်လင်း အရှေ့ကနေ ကြွကြွရွရွလေး လှည့်ထွက်လာခဲ့တော့သည်။

အင်း ... အခုလောက်ဆိုရင် သူချစ်တဲ့ ချစ်သူလေး လည်း သူနှင့် နှစ်ယောက်သားချိန်းတွေ့ဖို့အရေး ရင်ကလေးတွေခုန်... ဘယ်လောက်ကြည်နူးပီတိ ဖုံးနေလိုက်မလဲ။

ဩော် ... အချစ် အချစ်။ တကယ်တမ်း ရင်ထဲမှာ နှစ်... ကာကာ ချစ်လာခဲ့ရသည့် သူတစ်ယောက်ကို ရှာဖွေတွေ့တဲ့အချိန်... ကျန်တဲ့ တွဲခဲ့သည့်မိန်းကလေးတွေဟာ ဖွဲ ဆန်ကွဲ ဖြစ်သွားတာ... သူ တိတ်တဆိတ် ဝန်ခံချင်ပါသည်။

ဒါပေမဲ့ ပေါ်လွင်အောင်တော့ ချစ်သူလေးသိအောင် ... ဝန်မခံရဲခဲ့ပါ။ ရည်းစားပေါသည့် လူတစ်ယောက်က ကိုယ် တကယ်... မြတ်နိုးရသည့် မိန်းမတစ်ယောက်ကို သူ့ကိုယ်သူ ရည်းစားများ... ထားခဲ့ပါကြောင်းကို ဘယ်ယောက်ျားကမှ ဝန်ခံရဲလိမ့်မည်မထင်...

ဟုတ်တယ်မဟုတ်လား။ တခြားယောက်ျားတွေတော့ မ...





ဆတ် ... သူကတော့ တကယ့်ကို ဝန်မခံရဲတာ ဖြစ်သည်။

ကိုယ် သိပ်ချစ်ရသည့် မိန်းမရဲ့အမုန်းကိုလည်း နားကလေးနဲ့ ကြားချင်လောက်အောင်ကိုပင် သူ့မှာ ရွှေဖုန်းအပေါ် သည်းသည်း ဆတ် ဖြစ်ခဲ့တာဖြစ်မည်။

သူ သည်းသည်းဆတ် ချစ်ခဲ့တာကိုလည်း ရွှေဖုန်းက နား လည်ကာ သူ့အပေါ် အသက်ချင်းအတူတူပေမယ့် မူမူနွဲ့နွဲ့ ဆိုးနွဲ့ချင် သည်။

"နေတိုင်း ... ကျွန်မစိတ်ဓာတ်ကို ကျွန်မ ရှင့်ကို ကြေညာ ပြရမလား"

"ဟာကွာ ... မကြေညာပါနဲ့၊ ကိုယ်သိပါတယ်"

"ဟာ ... သိပေမယ့် ပြောပြရမှာပဲ၊ ပြောမှာပဲ"

ခေါင်းကလေး တယမ်းယမ်းနှင့် သူ့ညာဘက်ပခုံးကြီးပေါ် ခေါင်းတင်မှီလိုက်သည့် ရွှေဖုန်းကို သူက ရင်ခုန်သွားသည့် မျက်လုံး တွေနှင့် စိုက်ကြည့်လိုက်ပြီး သူမပါးလေးကို သူ့ပါးပြင်ကြီးနှင့် တစ် ချက် နွေးနွေးဖိကပ်ကာ မျက်စိကြီး စုံမှိတ်ချလိုက်ပြီး ...

"ကဲ ... ပြောစေဗျာ၊ ကြေညာစေဗျာ"

"အင်း ... ကျွန်မက ယောက်ျားတစ်ယောက် ရည်းစားများ



www.burmeseclassic.com

www.burmeseclassic.com



တာကို လုံးဝမနှစ်သက်ဘူး''

''အင်း''

''မိန်းမတစ်ယောက်ရှေ့မှာ သိုးလေးဟန်ဆောင်ပြီး အပြင်မှာ ဟိန်းထနေတဲ့ မြင်းလိုယောက်ျားမျိုးကိုလည်း လုံးဝမကြိုက်ဘူး''

''အင်း''

ဒီစကားကြီးကိုတော့ သူ တော်တော်ကျောချမ်းသွားရပါသည်။ ဒီစကားက သူ့ကို တည့်တည့်ပြောလိုက်တဲ့စကား ဆိုပေမယ့် ဒီအချိန်မှာ သူက သူ့ရဲ့ မဒီကညာတွေကို အတိအရှိ ဖြတ်တောက်ပြီးခဲ့ပြီမို့ ကိုယ့်ချစ်သူတစ်ယောက်တည်းကိုပဲ ချစ်သည့်သူအဖြစ် သူ လိပ်ပြာလုံသည်။

''ပြီးတော့ရော''

လုံခြုံလို့လည်း သူက ပြောင်ကျကျပင် မျက်နှာပြောင်တိုက်ကာ ရွှေဖုန်းကို စကားထောက်ပေးလိုက်သည်။

ဒါကို ရွှေဖုန်းက ဘာကို မကျေနပ်သွားသည်မသိ။ မျက်မှောင်နှစ်ခု ထိကြုတ်ကာ ...

''ပြီးတော့ရောဆိုတော့ အဓိက,က မိန်းမရှုပ်တဲ့ ယောက်ျားဆိုရင်တော့ ကျွန်မ,ချစ်လို့ ရွေးထားတဲ့ရှင့်ကိုလည်း ကျွန်မက စွန့်ပစ်



BURMESE CLASSIC .com



လိုက်မှာပဲ''

''အင်း ... လိုရင်းချုပ်ကတော့ ဒါပဲပေါ့''

''ဒါပဲ''

ခပ်ပြတ်ပြတ်ပြောလာသည့် (ကြေညာလာသည့်) ချစ်သူလေးရဲ့ မာနစိတ်ကို သူက အချစ်တိုးသွားရကာ သူမမျက်နှာလေးကို တစ်ချက်ပြင်းပြင်း နမ်းရှိုက်လိုက်ပြီးမှ ...

''အင်း ... ကိုယ်လည်း ကိုယ့်စိတ်ဓာတ်ကို မင်းကိုကြေညာရမှာရှိတယ်''

''အင်း ... ပြောစမ်းပါဦး''

ရွှေဖုန်းက မျက်ခုံးတစ်ချက်ပင့်ပြီး သူ့ကြေညာချက်ကို နားစွင့်လိုက်တော့ သူက ရွှေဖုန်းအမူအရာလေးကို ချစ်မြတ်နိုးစွာ တစ်ချက်နင့်နင့် စိုက်ကြည့်ပြီး ...

''မာနကြီးတဲ့မိန်းကလေးကို မကြိုက်ဘူး''

''အင်း''

''ဘဝင်မြင့်တဲ့ မိန်းကလေးကို မကြိုက်ဘူး''

''အင်း''

''ယောက်ျားတစ်ယောက်ရဲ့ ဝတ်ပုံစားပုံ Smart ကျတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ချက်ချင်း အထင်သေးတဲ့ မိန်းကလေးကို မကြိုက်ဘူး"

"အံမယ်နော် . . . ရှင် ကျွန်မကို စောင်းမပြောပါနဲ့"

"စောင်းမပြောပါဘူး၊ တည့်တည့်ပြောတာပါ"

"အင်း . . . တည့်တည့်ပြောရင်လည်း မကြိုက်ရင် ကွဲကြ[illegible] ပေါ့နေလ၊ လမ်းခွဲကြစို့"

"ဟာ . . . ဘာတွေ လျှောက်ပြောနေတာလဲ"

"မြန်မာစာစကား ပြောနေတာ"

"ရွှေဖုန်းကလည်းကွာ"

"နေတိုင်းကလည်းရှင် . . . ခစ် ခစ် . . . သနားပါတယ်"

"ဟားကွာ . . . ငါ့ကို တမင်သက်သက် နောက်အောင်လု[illegible] တယ်၊ ဒီမိန်းမ"

"ဟော့ ရှင်နော် . . . လူကို ဘာမိန်းမလို့ ပြောတာလဲ"

"မင်းက မိန်းမ,မဟုတ်လို့ ယောကျ်ားလား"

"တော်ပြီ တော်ပြီ . . . ရှင်နဲ့စကားမပြောတော့ဘူး။ နော[illegible] လည်း ဒီလို ရှင် တွေ့ချင်တယ်လို့ပြောတိုင်း အခွင့်အရေး မပေးတော[illegible] ဘူး။ ဘယ်လို ကတ်ဖဲ့ကားယားနိုင်တဲ့ ယောကျ်ားမှန်းကို မသိဘူး"

ရွှေဖုန်း စိတ်ဆိုးသွားမှန်း သိတော့မှ သူက ချော့ချော[illegible]





မော့ နှစ်သိမ့်လိုက်ရပါတော့သည်။

"မဟုတ်ပါဘူးကွာ ရွှေဖုန်းကလည်း"

"တော်ပြီ တော်ပြီ . . . ပြန်မယ်"

"ရွှေဖုန်းလေးကလည်းကွာ"

"ဘာရွှေဖုန်းလေးလဲ . . . ရှင့်ကို ကျွန်မ စမြင်ကတည်းက အပိုးမကျိုးနဲ့ သိပ်ကြည့်ရနေတာ မဟုတ်ဘူး၊ ယောကျ်ားဖြစ်ပြီး အရမ်းခေတ်ဆန်တာ ကောင်းသလား၊ ဝတ်ထားတဲ့ လက်ကောက် တွေက ဂျူလေဗီဝတ်တဲ့ လက်ကောက်နက်၊ ဟင်း . . . နားကပ်က လည်း ဝတ်သေး၊ စိတ်ညစ်ပါတယ် . . . ဒီလိုပုံစံကြီးကို ဖေဖေတို့ မေမေတို့ရှေ့ ချပြရင် ဘယ်သူက လက်ခံချင်မှာလဲ"

အင်း . . . ရွှေဖုန်းက ချစ်သူသက်တမ်း နနုကလေးမှာပင် ကြီးစိုးချုပ်ချယ်လာခဲ့ပြီမို့ သူက မူအိုက်တင်ကြီးနှင့်ပဲ မကျေနပ်ချင်ပါဘဲ ကျေနပ်လက်ခံလိုက်ရတော့သည်။

"အင်း အင်း . . . အဲဒီတော့ ရွှေဖုန်းက ဘာဖြစ်စေချင်သလဲ၊ ရွှေဖုန်းဖြစ်စေချင်တာ ကိုယ် အကုန်ပြင်မယ်"

"အင်း . . . တကယ်နော်၊ အသေအချာ ဆုံးဖြတ်ပြီးမှ[illegible] ပေး"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ... ဆုံးဖြတ်ပြီးမှ ကတိပေးတာပါ၊ ကတိပေးတယ်၊ ရွှေဖုန်းမကြိုက်တာ မှန်သမျှ ကိုယ် အကုန် ဘာမှ မလုပ်တော့ဘူးနော်၊ ဆရာမ ကြိုက်သလိုသာပြော"

သူက ရွှေဖုန်းမျက်နှာလေးကို အကြင်နာပိုစွာ ပြုံးရွှေးရွှေး စိုက်ကြည့်လိုက်တော့ သူမက မျက်နှာကို လက်ဝါးနှင့်ကွယ်အုပ်ပြီး ...

"အင်း ... ကျွန်မ ရှင့်ကိုချစ်ရတာ တစ်ဘဝလုံးစာဆိုတာ ရှင် နားလည်ပါတယ်နော်"

"နားလည်တာပေါ့ကွာ"

"နားလည်ရင် ကျွန်မ့စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်ရဘူးနော်"

"အင်း ... စိတ်ဆင်းရဲအောင်လည်း မလုပ်ဘူး၊ တစ်ဘဝလုံးအတွက်လည်း ကိုယ့်ရဲ့နှလုံးသားဟာ ရွှေဖုန်းကိုပဲ ပုံအပ်ပြီးသားပါ၊ တစ်ဘဝလုံးစာတင် မဟုတ်ဘူး၊ နောင်ဘဝအဆက်ဆက် ရွှေဖုံးက ကိုယ့်ချစ်သူလေး၊ ကိုယ့်ရဲ့ကြင်ယာတော်လေး ဖြစ်ရပါစေလို့ အကြိမ်ကြိမ် ဆုတောင်းတယ်"

"အံမယ် ... ကျွန်မကတော့ နောင်ဘဝမှာတော့ မိန်းမကြီး





မလုပ်နိုင်ပါဘူး၊ ရှင်က တစ်လှည့် မိန်းမလုပ်ဦးပေါ့၊ ကျွန်မက ယောက်ျားလုပ်ဦးမယ်"

"ဟာကွာ ... မနိုင်ဘူးကွာ၊ ကိုယ်က မိန်းမကြီးတော့ မလုပ်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဟောဒီလို ဟောဒီလို မနမ်းရမှာစိုးလို့"

"အာ ... ရှင်နော်"

"အင်း ... ပြောပါဦး၊ လက်ထပ်ဖို့သာ ခေါင်းညိတ်လိုက်ပေတော့၊ ကိုယ် မင်းကို မခွဲနိုင်တော့ဘူး၊ သိလားကွ ... နော်"

သူက ရွှေဖုန်းမျက်နှာကို သူ့မျက်နှာနှင့် ပူးယှက်ပြီး မိန့်မိန့်မူမူ တောင်းဆိုလိုက်ချိန်မှာ သူမက မျက်ဝန်းလှလှလေး မှိတ်သွားတာ ငြိမ်သက်သွားတော့သည်။

အတန်ကြာ ငြိမ်သက်သွားပြီးမှ ဖျတ်ခနဲ မျက်ဝန်းလေးမွင့်ကာ ...

"ဟာ ... လက်ထပ်ဖို့တော့ ချက်ချင်း မစီစဉ်သေးပါဘူး၊ တစ်နှစ်, နှစ်နှစ်လောက်ကြာမှ စဉ်းစားမယ်"

"ဟာ ... တစ်နှစ် နှစ်နှစ် မစောင့်နိုင်ပါဘူး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လောက်စောင့်မလဲ"

"ခြောက်လအပြင် ပိုမစောင့်ဘူး"

"ပိုမစောင့်လည်း တခြားမိန်းမကို ယူပေါ့ရှင်"

"ရွှေဖုန်း . . . စကားကို ကတ်မပြောစမ်းနဲ့၊ မရဘူး . . . ကိုယ်က မိဘတွေနဲ့ ဒီသုံးလအတွင်း လာတောင်းမှာပဲ"

သူ့ကို အလေးအနက်မထားသလို ပေါ့ရွှတ်ရွှတ်ပြောလာသည့် သူမစကားကို သူ ဆတ်ဆတ်ခါနာပြီး မကျေမနပ်ကြီးပြောလိုက်တော့ သူမက ဘာစကားမှ မပြောတော့ဘဲ ခေါင်းငုံ့ငြိမ်သက်သွားတော့သည်။


အင်း . . . သူမ ဒီလို ခေါင်းငုံ့သွားတာ ရင်ခုန်သွားတာလား ဒါမှမဟုတ် ဘာကိုပဲ စဉ်းစားသွားတာလဲ မသိ။

ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ သူမ ခပ်မဆိတ် ဖြစ်သွားတဲ့ အမူအရာလေးကိုပဲ ပိုပြီး ရင်ခုန်မြတ်နိုးသွားသလို ခံစားချက်ပြည့်သွားပြီး အရှေ့ဘက်ဆီက ကန်ရေပြင်ကြီးကို တိတ်တဆိတ် ငေးကြည့်နေလိုက်ပါတော့သည်။

❁ ❁ ❁



BURMESE CLASSIC .com



## အခန်း (၇)

နေတိုင်းတို့ ချစ်သူနှစ်ယောက် ဘဝသစ်စဖို့ အရမ်းတက်ကြွ
...မြူးနေတဲ့အချိန်မှာ ရန်လင်းကတော့ ရင်ထဲက မှိုင်းမိနေတဲ့ ခံ
...ချက်ချွေးတွေနှင့် သူ့ကိုယ်သူ ဘာလုပ်ရကောင်းမလဲလို့ အကြံ
...း ကြံနေခဲ့လေသည်။

အင်း . . . နေတိုင်းကတော့ အခုတစ်လော အတော့်ကိုမြူး
...တာ၊ ဟင်း . . . သူ့ရင်ထဲက ကြံထားတဲ့အကြံတွေများ သိလိုက်ရ
...ဖြင့် ပွဲဘယ်လောက်ကြမ်းလိုက်မလဲ။

ငါ ဒီလို မင်းကို မလုပ်ရက်ပါဘူး နေတိုင်းရာ။ ဒါပေမဲ့ ငါ
...ချစ်သူ ရွှေဖုန်းကို သိပ်ချစ်တယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ငါ ရွှေဖုန်းကို မပိုင်ရသလို မင်းလည်း သူ့ကို မပိုင်ရဖို့ဆိုတာ ဒီတစ်နည်းပဲ ရှိတာမို့ ငါ့အမှားကို မင်း ခွင့်လွှတ်ပေးပါလို့ ငါ တောင်းပန်ပါတယ်ကွာ။

သူ့ရင်ထဲမှာ ကြံထားတဲ့ အကြံတွေကို မလုံပြီး သူ နေတိုင်းကို စိတ်ထဲက တဖွဖွတောင်းပန်ရင်း ကြံစည်ထားသည့် အကြံအစည်တွေကို ချက်ချင်း အကောင်အထည်ဖော်လိုက်သည်။

ဒီအချိန်မှာ သူ့ကိုယ်သူ အမှားကြီးကြီးတစ်ခု လုပ်မိပြီဆိုတာကို သိသိကြီးနှင့် သူ နောက်ဆုတ်ဖို့ခဲယဉ်းသွားအောင် တွန်းအားပေးခဲ့တာက သူ့ရဲ့ ဝန်တိုမနာလိုစိတ် တစ်ခုကြောင့်ဆိုလျှင် မမှားခဲ့ပါ။

အဲဒီလို မနာလိုတဲ့စိတ်ရှိလို့ အခုလို သူ မကြံအပ် မစည်အပ်တာတွေကို သူစိမ်းယောကျ်ားကြီးတစ်ယောက် (သူနှင့်ရင်းနှီးပြီးသား ကွမ်းယာသည်) ယောကျ်ားကြီးကို ကိုယ့်အထုပ်ကိုယ်ဖြည်ပြလိုက်ခြင်း ဖြစ်သည်။

"အစ်ကိုကို ကျွန်တော် ရင်းရင်းနှီးနှီး အကူအညီတစ်ခု တောင်းမလို့ဗျ"

ရန်လင်း အစချီလိုက်တဲ့စကားကို ကွမ်းယာသည်ကြီး ရင်းရင်းနှီးနှီး ခေါင်းညိတ်လက်ခံလိုက်ပြီး ...

ရွှေမင်းနိုတာပေ



"ပြောလေ ညီလေး ... အစ်ကို တတ်နိုင်တဲ့အရာမှန်သမျှ အစ်ကို ကူညီမယ်"

"မကူညီခင် ကျွန်တော့်ဖာတ်လမ်းလေးကို အရင်နားထောင်ပေးပါဦးဗျာ"

"အင်း ... ပြောလေ ညီလေး"

ထိုလူကို အဲဒီလို သူ ရင်ဖွင့်လိုက်တာကိုက သူ့အမှားဖြစ်သွားပြီလားမသိ။

"အင်း ... ကျွန်တော့်မှာ သိပ်ချစ်ရတဲ့ကောင်မလေးတစ်ယောက် ရှိတယ်၊ သူ့ကို ကျွန်တော် သိပ်ချစ်တယ်၊ မြင်မြင်ချင်း ချစ်တယ်ဆိုလည်း မမှားဘူးပေါ့ဗျာ၊ ဒါပေမဲ့ ကောင်မလေးက ကျွန်တော့်ကို ပြန်မချစ်ဘူးဗျ"

"ဖောက်လား"

စကားဝင်ထောက်လိုက်သည့် ကွမ်းယာသည်အစ်ကိုကို သူက တစ်ချက်ကြည့်ပြီး မချိုပြုံး ပြုံးကာ ဆက်ပြောလိုက်သည်။

"ကျွန်တော့်ဖာတ်လမ်းက ရိုးသလား အစ်ကို"

"မရိုးပါဘူး ... အသည်းကွဲဖာတ်တွေက ဘယ်တော့မှ မရိုးဘူး"

ရွှေမင်းနိုတာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အသည်းကွဲတာထက် အသည်းပေါက်သွားတာလို့ဆိုရင် ပိုမှန်မယ်"

"ကောင်မလေးက မင်းထက် ချမ်းသာလို့လား"

"ဆိုပါတော့ဗျာ ... ချောလည်း ချောတယ်၊ ပစ္စည်းက လည်း ရှိတယ်ဆိုတော့ ကျွန်တော့်ကို သူက လုံးဝကို ရည်းစားစကား အပြောမခံနိုင်တာ ကျွန်တော်နာတယ်၊ ပိုပြီး ကျွန်တော် ရင်ပိုနာတာ က အဲဒီကောင်မလေးက ကျွန်တော့်ကိုမကြိုက်ဘဲ ရည်းစားရှုပ်တဲ့ ကောင်မလေးကို သွားကြိုက်တယ်"

"သူလို သူလို လူချင်းနဲ့တူပါတယ်ကွာ"

"အစ်ကို ... ကျွန်တော် နောက်ဆုံး အကူအညီတောင်း မယ်"

သူက ကွမ်းယာသည်အစ်ကို့ကို အတိုးဆိုးလေသံကလေး နှင့် ရင်ထဲက ဖြစ်ချင်သည့်ဆန္ဒကို အကူအညီတောင်းလိုက်ချိန်မှာ ကွမ်းယာသည်ကြီးက မက်လုံးပေးလိုက်တော့ ချက်ချင်းသဘော ပေါက်သွားပါတော့သည်။

မျက်နှာကြီး အချိုဆုံးဖြစ်သွားပြီး ခေါင်းတဆတ်ဆတ်ညိတ် ကာ ...





"အေး ... ကောင်းတယ် ကောင်းတယ်၊ မင်းပြောတာကို အစ်ကိုလက်ခံတယ်"

"အဲဒါဆိုရင် အိုခေ"

"အိုခေပါတယ်ကွာ"

ကွမ်းယာသည်ကြီးကလည်း အလကားရမယ့် ပိုက်ဆံ တစ် ...အတွက် တက်ကြွသွားသည်။

တက်တက်ကြွကြွပုံစံကြီးဖြင့် လက်ဖျစ်တွေ ဘာတွေ တွက် ...ပြောလာတော့ သူက အားရှိတက်ကြွသွားကာ မျက်လုံးအရောင် ... လက်သွားရတော့သည်။

ပြီးတော့ ရင်ထဲက စကားလုံးတွေက ပိုပြီး ရှင်သန်သွားရ သည်။

"ဒါဆို အစ်ကို့မှာ တိုက်ပုံအင်္ကျီကောင်းကောင်းနဲ့ ရှပ်အင်္ကျီ ...ကောင်းကောင်း, ပုဆိုးကောင်းကောင်းရှိလား"

"ဟာ ... ဘယ်ရှိပ့်မလဲ ညီလေးရာ"

"မဟုတ်တူးလေ ... မင်္ဂလာဆောင်တုန်းက အဝတ်အစား ... ဖြစ်ပါတယ်"

သူပြောလိုက်တော့ ကွမ်းယာသည်အစ်ကို ရဲပတောင်းတော်



www.burmeseclassic.com

www.burmeseclassic.com



အောင် စားထားသည့် သူ့ပါးစပ်ကြီးကို ဖြရယ်ပြီး ...

"ဟား ဟား ... မင်္ဂလာဆွမ်းကျွေးလေး လုပ်တာတော[illegible] သူများဟာနဲ့ အယောင်ဆောင်ပြီး ပြီးခဲ့ရတဲ့ဘဝပါကွာ"

"အဟား ... ဟုတ်တာပေါ့ဗျာ၊ မရှိတော့လည်း ကဲ [illegible] ... ဒါဆို အားလုံး ကျွန်တော့်တာဝန်ထား၊ မနက်ဖြန်ဆို အဆင်[illegible] တယ်နော်၊ မနက်ဖြန်မှ အနီးကပ်ပို့ချမယ်၊ အခုလောလောဆယ်[illegible] အစ်ကိုသုံးဖို့ နှစ်သောင်းယူထားလိုက်ဦး"

"အေးကွာ ... ကျေးဇူးပဲ ငါ့ညီရာ"

ကွမ်းယာသည်ကြီး သူ ကမ်းပေးလိုက်တဲ့ပိုက်ဆံ နှစ်သော[illegible] ကို ယူပြီး ပျော်လုံးဆို့သွားတာကိုကြည့်ပြီး သူကလည်း လှစ်ခန[illegible] ရင်း ကွမ်းယာသည်အစ်ကို့ကို နှုတ်ဆက်ကာ သွက်သွက်လက်လ[illegible] လှမ်းထွက်လာခဲ့ပါတော့သည်။

အင်း ... မနက်ဖြန်ဆိုရင်တော့ နေတိုင်းနဲ့ရွှေဖုန်း ပွဲပြ[illegible] ကောင်း နွဲရပြီပေါ့။

❁





"ရွှေဖုန်း ... ကိုယ် ကိုယ့်မိဘတွေကို ရွှေဖုန်းနဲ့ လက်ထပ်[illegible]တော့မယ့်အကြောင်း ဖွင့်ပြောတော့မယ်၊ ရင်ထဲမှာ ကြာကြာ မျိုသိပ်[illegible]ထားချင်ဘူး"

"ဟာ ... မပြောပါနဲ့ဦး။ ချက်ချင်း လက်ထပ်မှာမှ မဟုတ်[illegible]သေးတာ"

သူက လက်ထပ်ဖို့ကို လောချင်ခဲ့ပေမယ့် ရွှေဖုန်းက ရွှေပြည်[illegible]အေး လုပ်ချင်နေတော့ သူ့ရင်ထဲ အစာနင်သွားရလေသည်။

ဘာကြောင့် ရွှေဖုန်း သူ့ကို ချက်ချင်းလက်ထပ်ဖို့ လက်မခံ[illegible]သည့်အချက်ကိုလည်း သူသိချင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲကွာ၊ မင်းက ကိုယ့်ကို ဘာ
ချက်ချင်း လက်မထပ်ချင်ရတာလဲ"

"ဟဲ့ ... ရှင့်မှာ နမ မရှိတိုင်း ကိုယ်ချင်းမစာ မမေး
ဟုတ်တယ် ... ကျွန်မကလည်း အခုမှ ချစ်သူဖြစ်ခါစလူကို ဘာ
လေ့လာမှုမရှိဘဲ လက်ထပ်ရအောင် ကျွန်မ မျက်ကန်းဖြစ်သွားမှာပေါ့"

"ဟာ ... အဲဒီလို ပြောရအောင် ကိုယ်က ဘာဖြစ်နေလို့လဲ"

"ကျွန်မ မသိသေးဘူး"

"ဟာ ရွှေဖုန်း ... မင်းက ကိုယ့်ချစ်သူကို မယုံနေတာလား"

ရွှေဖုန်းစကားတွေက လွန်လာခဲ့ပြီမို့ သူ့စကားသံ ထန်သွား
ရသည်။

ဒါကို ရွှေဖုန်းက မကျေမနပ် ဖြစ်သွားကာ ...

"နေတိုင်းနော် ... ရှင် ကျွန်မကို လေဒါန်စရာမလိုဘူး"

"ဟာ ... အသားလွတ်ကို ရန်ဖြစ်ချင်နေတာ၊ ဘယ်လို
လဲကွာ၊ ကိုယ် လက်မြှောက်အရှုံးပေးပါတယ်၊ လက်ထပ်ဖို့စကား
လည်း မပူဆာတော့ပါဘူးကွာ ... နော်"

မှားပါတယ်။ ကိုယ်ကပဲ ပြစ်ချက်ရှိထားလို့ လောလော
လောလော လက်ထပ်ချင်သလို စွပ်စွဲပြီ။





"ဟင် ... မစွပ်စွဲပါဘူး၊ ရှင့်ဘာသာရှင် မယုံတာ"

"ဟာ ... ကိုယ့်ကို လာပတ်ပြီ၊ အရစ်ပဲ၊ တော်ပြီကွာ
... မင်းနဲ့ ကြာကြာခွေးနွေးရင် ကိုယ့်နှလုံးသား ဝက်အူပြုန်းသွားနိုင်
တယ်"

သူ ရွှေဖုန်းကို ဘာမှ ဆက်ခွေးနွေးချင်သည့်ဆန္ဒ မရှိတော့
ဘဲ သူ ငုံ့စုံပစ်ကြီး အ,အလုပ်လိုက်တာပဲ ကောင်းသည်။

ဟွန်း ... သူက ရင်ထဲက ဆန္ဒတွေကို မမျိုသိပ်နိုင် မခံစား
နိုင်လို့ သူမကို အမြန်ပိုင်ဆိုင်လိုစိတ်ဖြင့် (ချစ်ခင်လွန်းလို့) တောင်းဆို
လိုက်မိတာကို သူမက ဖြောင်ပင် သူ့ကို လေ့လာသုံးသပ်မည်ဆိုတော့
လည်း သုံးသပ်ပေါ့လေ။

ကိုယ့်နောက်ကြောင်းရာဇဝင်ကို အရှင်းအလင်းပဲ၊ ရည်းစား
ထားခဲ့ဖူးတာကလွဲပြီး သူ့ကိုယ်သူ ဖြောင့်စိန် 'တိန်တိန်' ခေါက်ပြီး
အာမခံရဲသည်။

အင်း ... အခုခေတ်ယောကျ်ားလေးတွေက ရည်းစားမထား
ဖူးတဲ့လူကလည်း မရှိတော့၊ ရည်းစားမထားဖူးတဲ့လူက သူတို့လော
ကမှာ လူမဟုတ်သလို လူရာလည်း မဝင်တော့။

ပြီးတော့ ရည်းစားထားရတာ နာမည်ကောင်း ဆိုတော့ အပျင်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဘာပြေသလဲပဲ။

ကိုယ့်ရည်းစားနဲ့ကိုယ် ချိန်းတွေ့လိုက်၊ Shopping ထွက်လိုက်၊ ဖုန်းစကားပြောလိုက်၊ ရုပ်ရှင်ကြည့်လိုက်နှင့် ဘယ်လောက်ပျော်ဖို့ကောင်းသလဲကွာ။

အခုတော့ အဲဒီအပျော်ခံစားမှုတွေက တကယ်ချစ်ရသည့် မိန်းမရဲ့ ကြီးကျယ်မှုကြောင့် ပျက်ပြားခဲ့ရပြီဖြစ်သည်။

အင်း . . . ချစ်သူက ကြီးကျယ်သလား မမေးနဲ့။

ချိန်းတွေ့ရင် မျက်နှာလေးတောင် နမ်းခွင့်မပေး။ နှုတ်ခမ်းကလေးနမ်းဖို့ဆိုတာ ဝေလာဝေး။ (တစ်ခါနမ်းဖူးသည့်မှ အပ)

အင်း . . . အခုမှ သူ တကယ် ချွေးပြန်ခဲ့ရတာ ဖြစ်သည်။ ချွေးပြန်သလို ရင်လည်းခုံနေရပြီ။

အဲဒီလို သူ အီလည်လည်နှင့် အစာနင်နေတဲ့အချိန်မှာပဲ သူ့ခါးကြားထဲက Hand Phone ကလေးက မြည်လာတာက သူ့ရင်ကို ထိတ်ခနဲ လန့်သွားရသလို အနားက ချစ်သူလေးကိုလည်း မလုံမလဲ မျက်လုံးတွေနှင့် လှစ်ခနဲ စိုက်ကြည့်လိုက်မိသည်။

'တူ တူ တူ'

ဖုန်းက မကိုင်မချင်း မြည်နေတော့မှာမို့လို့ သူ ရင် တထိတ်





ထိတ်နဲ့ပဲ ဖုန်းဖွင့်နားထောင်ရမလား။

ဟား . . . ဖုန်းဖွင့် နားထောင်လိုက်လို့ ရည်းစားထဲက သူ့ကို တော့ူနုပ်သည့် ကောင်မလေးများ ဖြစ်ခဲ့ရင်ဖြင့် နဂိုကတည်းက သူလည်မှန်းသိလို့ သူမက တပ်အပ်သေချာ မယုံကြည်ပေါက်ခင်းနေတာ သူ သိသိကြီးနှင့် ခေါင်းငုံခံခဲ့ရတာ အခုတော့ ပိုဆိုးမည်ဖြစ်သည်။

'တူ တူ တူ'

''ဟယ် . . . ဖုန်းဖွင့်လိုက်လေ''

နောက်ဆုံးမှာ သူ ဖုန်းပိတ်ပစ်လိုက်သည်က သူမကို ပိုပြီး သံသယကြီးစေရာ ဖြစ်သွားရလေတော့သည်။

''ဟယ် . . . ဘာဖြစ်လို့ ဖုန်းပိတ်ပစ်တာလဲ၊ ဘာလဲ . . . ရှင့်အရင်က ကောင်မလေးတွေဆီကဖုန်း ဖြစ်မှာစိုးလို့လား''

''ဟာ . . . ရွှေဖုန်း သံသယတွေကြီးလိုက်တာ''

''ကြီးတယ် ကြီးတယ်၊ ခုခေတ်ယောကျ်ားတွေက အကုန်ပန်ကာချည်းပဲ''

''ဟင်း . . . စော်ကားလိုက်တာကွာ''

''ယောကျ်ားတိုင်းကိုပြောတာ၊ ရှင့်တစ်ယောက်တည်းကို ပြောတာမဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် သံသယထားနေတာ၊ လင်မယူတော့နဲ့ကွာ"

"အင်း . . . အဲဒါကြောင့် စဉ်းစားတာပေါ့ကွယ်"

"ကျွတ် . . . ခက်ပြီ ခက်ပြီ၊ ငါနော် ငါ နှမ်းပစ်မိတော့မယ် မင်းနှုတ်ခမ်း စေ့ထားနော်"


ဒီတစ်ခါတော့ သူမ ဘယ်လောက် စိတ်ဆိုးစိတ်ဆိုး သူက တော့ ရင်ထဲကအချစ်တွေကို ဒေါသအနမ်းတွေနှင့် လွှတ်ချပေးလိုက် တော့သည်။

သူ့အနမ်းတွေ လွှတ်ကျလိုက်တာနှင့် တစ်ပြိုင်နက် . . .

သူမနှုတ်ခမ်းသားလေး ဆတ်ခနဲ တုန်သွားတာကို သူ ရင် ခုန်မက်မောသွားခဲ့ရပါပြီ။

❊ ❊ ❊





## အခန်း (၈)

"ဟယ် . . . အံ့ဩပါရဲ့၊ အံ့ဩလွန်းပါရဲ့ ရွှေဖုန်းရယ်၊ ကံမ သကာ ဖြစ်ပေလို့ နင် မရူးစမ်း မဆုင်ခြင် ယောက်ျားတစ်ယောက်ကို ကြိုက်တာ၊ ဟင်း . . . ငါတို့တောင် အသိမပေးဘူး။ အခုမှ ဘူးပေါ်သ လို ပေါ်တော့တယ်"

ရွှေဖုန်း ရုံးတက်သည့်ကုမ္ပဏီကို ရောက်လာပြီး ရွှေဖုန်းနဲ့ အခု ချစ်သူဖြစ်နေသည့် နေတိုင်းရဲ့အကြောင်းကို ဖောက်သည်ချလာ သည့် လူတစ်ယောက်ဟာ ရွှေဖုန်းချစ်သူရှုပ်ခဲ့သည့် ကောင်မလေးရဲ့ မိတ်ဆွေဆိုပါလား။

အဲဒီလို ပြောလိုက်တဲ့အချိန်မှာ ရွှေဖုန်း ကိုယ်အားကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်အောင် ခံစားချက် နင့်သီးသွားရသည်။

သူ့ကိုလည်း ဒီလိုယောက်ျားမျိုး ဖြစ်ခဲ့လိမ့်မယ်လို့ မမျှော်လင့်ခဲ့မိသည့် သူ့မရင်ဘတ်ထဲမှာ သူ့ရဲ့ အရုပ်တော်ပုံကြီးကို အရှင်းအလင်း သိလိုက်ရပြီမို့ ရင်ဘတ်တစ်ခုလုံးလုံး တိုးလျှိုပေါက် ပွင့်ထွက်မတတ် မခံချင်စိတ်တွေသီးကာ သူငယ်ချင်းတွေကို ဒေါသကြေကွဲစိတ်ဖြင့် ရင်ဖွင့်လိုက်မိပါတော့သည်။

"ငါ သိပ်ရှက်တာပါဟာ၊ ငါ ခံစားရလို့ မဟုတ်ပါဘူး"

ရွှေဖုန်းက သစ္စာမဲ့သည့်ယောက်ျားတစ်ယောက်ကြောင့် မျက်ရည်ကျမိသည်အထိ ခံစားချက်နင့်သွားသည့်အဖြစ်ကို ကိုယ့်ကိုယ်ကိုယ် ရှက်မိကာ ဘယ်သူ့မှ ရိုက်မစစ်ပါဘဲ ကိုယ့်တာသာကိုယ် ရှင်းတမ်းထုတ်လိုက်မိသည်။

တကယ့်ကို ကိုယ့်တာဝကိုယ်လည်း နာကြည်းမုန်းတီးမိသည်။

တကယ့်ကို လူလည်ဂျစ်ပစီမိုးတိမ်ကိုမှ ရွှေဖုန်းက ရင်နဲ့ရင်းပြီး တကယ်ချစ်မြတ်နိုးခဲ့တာ၊ အခုတော့ ရှုံးတာပဲ အဖတ်တင်သွားခဲ့သည်။

ရှုံးတာ အဖတ်တင်ရုံမက သူငယ်ချင်းတွေရဲ့အပြစ်တင် ဆူပူမှုကိုပါ အဆစ်ငုံ့ခံလိုက်ရပါတော့သည်။

ရွှေမင်းနီစာပေ



"ကြည့် ... အခုမှ မျက်ရည်လေးစမ်းစမ်း လုပ်ပြမနေနဲ့၊ အစကတည်းက ငါတို့ပြောတယ် ... ရည်းစားဖြင့် တစ်ယောက်မှ မထားဖူးဘဲနဲ့ ယောက်ျားတွေအကြောင်းကို ရေရေလည်လည် မသိဘဲနဲ့ ဟင်း ... တော်သေးတာပေါ့၊ အဆစ် ပါးတစ်ဖက် ရှဲ့သွားသေးလား"

"ဘာလဲဟဲ့ မိဂူးရဲ့ နင်က"

"ဟဲ့ ... အရိုး အတုံးမရဲ့၊ တော်ပြီ တော်ပြီ ... ဘာမှ ဆက်မပြောတော့ဘူး၊ ဟင်း ... အဲဒါ နင် ဒီကောင်အကြောင်းကို အခုလို အချိန်မီသိလိုက်ရတာ နင်ကံကောင်း၊ ငါက အစကတည်းက သိတယ်၊ နားမှာ စိန်နားကပ်တစ်ဖက်, လက်မှာ လက်ကောက်အနက်တွေ ဝတ်, ဝတ်တဲ့ဘောင်းဘီအရှည်အတိုက အမွေးအမျှင်တွေနဲ့၊ ကြည့်လိုက်ရင် ခေတ်ရှေ့ကို လန်ထွက်နေတာပဲ၊ ဒီလို အလန်းစားကိုမှ သူက ငါတို့မသိအောင် ရည်းစားနိုးထားတာ အံ့ဩပါရဲ့၊ အံ့ဩလွန်းပါရဲ့"

ဂူးက နဂိုကတည်းက အစွာဆုံးမို့ ရွှေဖုန်းကို ဆူဆူပူပူ ဝေဖန်ပြောဆိုလာခဲ့ပေမယ့် ငုကတော့ ခပ်ပြုံးပြုံးပင် နားထောင်နေခဲ့လေသည်။

ရွှေမင်းနီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖုန်းမှာတော့ . . .

အစကတည်းက သူငယ်ချင်းတွေ အသိမခံချင်လို့ အသိမပေးဘဲ သူ့ကို ရည်းစားနိုးထားခါမှ အခုတော့ သူ့ရဲ့ အကျင့်ဆိုးတွေကို အတွင်းကျကျ သိလိုက်ရပြီဆိုတော့ သူငယ်ချင်းတွေရှေ့မှာ ရင်ဖွင့်ပေါက်ကွဲသွားခဲ့တာ။

အခုတော့ ဂူးနဲ့အကဲ့ရဲ့ကို ခါးစည်းခံရသည့်ဘဝကို ရောက်ခဲ့ရပါတော့သည်။

"ဟင်း ဟင်း . . . သူ့ကိုယ်သူ သူရဲကောင်းမကြီး လုပ်ကြည့်တာပေါ့လေ၊ Hero Girl လိုလို ဘာလိုလိုနဲ့"

"ဂူး . . . တော်ပြီဟာ၊ ဒီမှာ ငါ အရမ်းစိတ်ဆင်းရဲနေတဲ့ကြားထဲ"

"အောင်မယ်လေး . . . ဒီလိုအကောင်ကို လမ်းခွဲရမယ်ဆိုတာကို စိတ်ဆင်းရဲတယ်"

ရင်ဘတ်ကြီးကို ဘုတ်ခနဲ အနာခံရိုက်ပြီး ပြောလာသည့် ဂူးကို ရွှေဖုန်းဘာမှ ပြောချင်စိတ်မရှိတော့။ ဒီအတိုင်းပဲ ငြိမ်နေလိုက်တာပဲ အကောင်းဆုံးဖြစ်သည်။

လောလောဆယ် အခြေအနေမှာတော့ . . .

❀ ရွှေမင်းနီတာပေ ❀



ရွှေဖုန်းရင်ထဲမှာ သူ့ရဲ့ ပွေလီရှုပ်ထွေးလှတဲ့ အရှုပ်တော်ပုံကြီးကြောင့် နှလုံးသားကွဲအက် ပူလောင်ကျွမ်းမြည့်သွားခဲ့ရပြီဆိုတာကို ...န်းကလွဲပြီး ဘယ်သူမှ နားလည်ခံစားတတ်မှာ မဟုတ်ခဲ့။

ဘယ်သူကရော . . .

ကိုယ့်ရဲ့ရင်ဘတ်ကို ထွင်းဖောက်ပြီး နားလည် ခံစားပေးမှာ ...

ရွှေဖုန်းချစ်ခဲ့သည့် သူကတောင် ရွှေဖုန်းကို နားလည်ပေး...ည် မဟုတ်။

အို . . . သူ့ကို ရွှေဖုန်း မေ့ပစ်လိုက်တာပဲ အကောင်းဆုံး ...ဖြစ်သည်။

သူဟာ . . .

ရွှေဖုန်းအတွက် အဖော်ကောင်းတစ်ယောက်၊ လေးစားအား...ထိုက်တဲ့ ယောကျာ်းတစ်ယောက်မှ ဖြစ်မလာခဲ့တော့တာ။

သူ့ကို မျက်စိစုံလုံးမှိတ်ပြီး ပြန်ကြည့်ဖို့ဆိုတာ ရွှေဖုန်းအတွက် ...ကြီးမားဆုံးပြဿနာကြီးကို ကျော်ဖြတ်ရမလို ဖြစ်သွားတော့လေ...သည်။

ဟာ . . .

❀ ရွှေမင်းနီတာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



ငါ ... ဘာတွေ ...


မပြတ်မသား တွေးနေတာလဲ။

ငါ သူ့ကို ယတိပြတ် ဖြတ်ရမယ်။

❋







ညနေ ရုံးဆင်းချိန်မှာ ကားဘော်ဒီကိုမှီပြီး ကားသော့ တသိမ်းယမ်းနှင့် အမွေးအမျှင်ထူပြောသည့် ဘောင်းဘီရှည်အညိုရောင်နှင့် အဖြူဆွတ်ဆွတ် စပို့ရှပ်အကျႌကလေးကို ဝတ်ထားသည့် သူ့တိုင်လ်က မြင်လိုက်တာနှင့် တကယ့်အလန်းစားမှန်း သိသာလွန်းသည်။

အဲဒီလို အလန်းစားကို သူမတို့ နာခေါင်းရှုံ့နေတာကို သူကသိတဲ့ သူ့ဆီသို့ တည့်တည့်မတ်မတ်လျှောက်လာနေသည့် အမျိုးသမီးသုံးယောက်ထဲမှ သူမကို ရွှန်းလဲ့ရီဝေသည့် မျက်လုံးတွေ နှင့်ငိုက်ကြည့်ပြီး ပြုံးပြလာခဲ့လျှင် သူမရင်ထဲမှာ မောလျတုန်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့ကို အပြတ်သားဆုံး စကားတွေကို ပြောဖို့ အားမွေးလိုက်သည်။

"ဒီနေ့ ဘာပုံစံ ဖြစ်လာတာလဲ"

သူကတော့ သူ့လိပ်ပြာ သူလုံပြီး ရွှေဖုံးဆီကို ကားဘော်ဒီကို မှီရပ်နေရာမှ ဆတ်ခနဲ လှမ်းလျှောက်ကာ ရွှေဖုန်းမျက်နှာတည့်တည့်ကို ကြည့်ပြီး ကြင်နာစွာ ပြုံးပြနှုတ်ဆက်လာတော့ ရွှေဖုန်း သူ့ကို ဘာ ပြန်ပြောရမှန်းမသိ ဆွံ့အသွားတော့သည်။

ရွှေဖုန်း တိတ်ဆိတ်ဆွံ့အ,သွားချိန်မှာ ဂူးက စွာတူးလန်သူ ပီပီ သူ့ကို ဘာမှမမေးတော့ဘဲ တရစပ် ပစ်ချလိုက်တော့သည်။

"ဒီမှာနေတိုင်း ... ရှင် ကျွန်မတို့ရှေ့က ချက်ချင်း လှည့်ထွက်သွားပါ၊ ရှင့်မျက်နှာကို ရွှေဖုန်း လုံးဝမကြည့်တော့ဘူး။ ကျွန်မတို့လည်း မကြည့်ဘူး၊ ယောက်ျားဖြစ်ပြီး ဖြောင်ကျကျ မျက်နှာပြောင်တိုက်ပြီး ရိုးသားတဲ့မိန်းကလေးကို အချဉ်ဖမ်းတာ အံ့ဩပါရဲ့"

"ဟာ ... ဘာကြီးလဲဟ"

သူက ဘာမှ နားမလည်သလို လက်နှစ်ဖက်ကို ပွတ်ပြီး ဒေါသမျိုသိပ်လိုက်သည်။

ပြီးတော့ ရွှေဖုန်းကို လေးလေးနက်နက်စိုက်ကြည့်ကာ ဂူးကို မေးတစ်ချက်ဆတ်ပြီး ...





"သူ စိတ်ကြွရူးသွပ်ဆေး ချထားတာလား"

"ဘာ ... ဒီမှာ နေတိုင်း ... ရှင် ဒီမှာလာပြီး ကျွန်မသူငယ် ကို ဟန်မူရာဘီထုတ်လို့ မရတော့ဘူး။ ရှင့်သမိုင်းကို ကျွန်မသူငယ် အားလုံး သိသွားပြီ ...၊

ရှင်ဟာ လူလေ၊ လူလွင့်၊ လူ့သခွတ်ပွင့် ... ရှင် ..."

"ဟာ ... အသားလွတ် ဘာလိုင်းကြီး လာခွပ်နေပါလားကွ၊ ပါဦး ... ငါက ဘာဖြစ်နေလို့လဲ၊ ရွှေဖုန်း ... မင်း သူငယ်ချင်း နော်၊ ကိုယ်က မိန်းကလေးမို့လို့ ဒီလောက် သည်းခံတာ"

"သည်းမခံတော့ ရှင်က ဘာလုပ်ချင်သလဲ"

"ဟာ"

သူ့အရှေ့ကို ဆွေ့ခနဲ ကျားကျားယားယား ရောက်လာသည့် န်းသူငယ်ချင်းမကို သူ အားပြင်းပြင်း ဆောင့်တွန်းပစ်လိုက်ပြီး န်းလက်ကို ဆတ်ခနဲဆွဲကာ သူ့ကားဆီသို့ တရွတ်တိုက် ဆွဲခေါ် ခဲ့သည်။

"ဟင် ... ရှင် နေတိုင်း"

"နေတိုင်း ... ရှင် ဒါ ဘာလုပ်တာလဲ၊ ကျွန်မသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအကြောင်း တစ်စက်မှ မပါဘူးနော်၊ ခင်ဗျားပါး
ပိတ်ထား၊ ကဲ . . . ပြော ရွှေဖုန်း . . . မင်း ဘာတွေ ပြဿနာဖြစ်နေတာ
လဲ"

သူက ခပ်တည်တည်မျက်နှာထားနှင့် ရွှေဖုန်းလက်နှစ်ဖက်ကို
ချုပ်ကိုင်ပြီး ခပ်တင်းတင်းမေးလိုက်တော့ ရွှေဖုန်းက သူ့ကို မျက်လုံး
စိမ်းတွေနှင့် စိုက်ကြည့်ပြီး သူချုပ်ကိုင်ထားသည့် လက်နှစ်ဖက်ကို
ဆွဲရုန်းရင်း . . .

"ဘာဖြစ်ရမလဲ . . . ရှင် လေခဲ့ ပွေခဲ့တဲ့ ဇာတ်ထုပ်အရှုပ်
ကျွန်မဆီကို ရောက်လာပြီလေ၊ ရှင်ထားခဲ့တဲ့ ရည်းစားတွေလိုပဲ ရှင်
ကျွန်မကို ရှင့်ရဲ့သားကောင်အဖြစ် စမ်းသပ်လို့ရဦးမယ်လို့ အကဲစမ်း
တာလား၊ ဟား ဟား ဟား . . . မရဘူး မရဘူး၊ ရှင့်လို လူရှုပ်တစ်
ယောက်ကို ကျွန်မ ဒီနေ့ကစပြီး လမ်းခွဲတယ်၊ ရှင်နဲ့ကျွန်မနဲ့ ဘာမှ
မဆိုင်တော့ဘူး၊ ရှင်နဲ့ကျွန်မ တန်လည်းမတန်ဘူးလေ၊ ရှင့်အကြောင်း
ရှင်သိ"

"ဟာ . . . ဘာတွေ လာပြောနေတာလဲ ရွှေဖုန်း"

သူ အရမ်းအံ့ဩသွားကာ မျက်ဝန်းနက်နက်တစ်စုံ ပြူးကျယ်
သွားချိန်မှာ ရွှေဖုန်းက သူ့လက်ထဲက လက်ကလေးကို တအား





ဆွဲရုန်းယူလိုက်ပြီး သူ့အရှေ့ကနေ ချာခနဲ လှည့်ထွက်ပြေးထွက်လာခဲ့
လိုက်သည်။

အဲဒီနောက် . . .

သူ့ကို တစ်ချက်လှည့်ကြည့်ပြီး သူမကားပေါ်သို့ ခပ်သွက်
သွက် လှမ်းတက်လိုက်တော့သည်။

သူမ ကားထဲလှမ်းဝင်လိုက်ချိန်မှာလည်း ဂူးနှင့်ငုကလည်း
ကားတံခါးကိုဖွင့်ပြီး ခပ်သွက်သွက် ဝင်ထိုင်လိုက်ပါတော့သည်။

သူငယ်ချင်းတွေ ကားပေါ်ရောက်တော့မှ ရွှေဖုန်းရင်ထဲက
အမောလုံးကြီး ပြန်ဆို့တက်သွားသလို သူမ 'ဟင်း' ခနဲပဲ သက်ပြင်း
ရှည်ကြီးချကာ မျက်စိကို စုံလုံးမှိတ်ချပစ်လိုက်ပါတော့သည်။

ဒီအချိန်မှာ ရွှေဖုန်း စိတ်ညစ်သည့်ခံစားချက်တွေ ဘာမှ
ပြောစားချင်တော့အောင် ခေါင်းတစ်ခုလုံး မူးနောက်သွားရပြီဖြစ်သည်။

❀



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖုန်းတို့ကားလေး ဝေါခနဲ ကုမ္ပဏီရှေ့က မောင်းထွ
သွားသည့်အချိန်မှာပဲ ရွှေဖုန်း ချိုင်းချိတ်အိတ်ထဲက ဖုန်းလေး
တတူတူ မြည်လာတော့သည်။

အင်း . . . သေချာသည်။

ဒီဖုန်းဟာ နေတိုင်းဖုန်းဆိုတာကို မစဉ်းစားရဘဲ တပ်အ
ခန့်မှန်းလို့ ရခဲ့သည်။

သူ့ဖုန်းမှန်းသိလို့ ရွှေဖုန်းက ဖုန်းဖွင့်နားမထောင်ဘဲနေသေ
ဂူးက ကားမောင်းနေရာမှ ရှုံ့ရှုံ့မဲ့မဲ့မျက်နှာကြီးနှင့် . . .

"ဖုန်းကိုင်လိုက်စမ်းပါ၊ နှစ်ပြားမတန်အောင် ပြောပစ်လို





မ်းပါ၊ ဟွန်း . . . လူချင်းသာ လဲပစ်လိုက်ချင်တယ်"

ဂူး စိတ်လိုက်မာန်ပါ ပြောလိုက်တာကို ငှကတော့ တခစ်
ခစ် ရယ်နေတော့သည်။

"ခစ် ခစ် . . . ခက်လိုက်တာ၊ ဂူး . . . နှင်က ကြားထဲကနေ၊
တော်ကြာ သူတို့ချစ်သူနှစ်ယောက် ပြန်ကြည်သွားရင် နှင်ကောတာပဲ
နေတိုင်းအပေါ် အဖတ်တင်ကျန်ခဲ့မှာ"

"အဖတ်တင်တော့လည်း ဂရုစိုက်စရာလား။ ဒီလိုကောင်စား
ကို ပြန်ကြည်လို့ကတော့ ဒီမိန်းမကို ငါကိုယ်တိုင် ရေမရှိတဲ့ချောင်း
ကို နှာခေါင်းရေနှစ်ပြီး သတ်ပြမယ်"

"ဟိ ဟိ"

ငှကတော့ အရယ်သမား။

ရွှေဖုန်းကတော့ ရယ်ပဲရယ်ရတော့မလို၊ ငိုပဲငိုရတော့မလို
ဖုန်းကလေးကို ဖျတ်ခနဲကိုင်ပြီး ဖွင့်လိုက်ချိန်မှာ ဂူးအသံက ခပ်စွာစွာ
ထွက်လာပြန်သည်။

"ထမနဲသံနဲ့မပြောနဲ့ သံမဏိသံနဲ့ပြော"

"ဟင်း"

❀



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှစကားသံတွေက သူ့နားထဲကို အတိုင်းသား[ကြား]
နေရပြီး လူလည်လုပ်နေသည့် ဂူးဆိုသည့် မိန်းမသူရဲကောင်းမ[...]
လည်ပင်းတောင် ဖျစ်သတ်လိုက်ချင်သည်။

တောက် ... သူနဲ့ ဘာဆိုင်လဲ။

အနေသာကြီးကို ကြားဝင်နှောင့်ယှက်နေတာ။

ယောကျ်ားလေးသာဆို သူမရဲ့ နိုင်နေတဲ့မေးရိုးတောင့်တောင့်
ကြီးကို ဖြောင်းခနဲမြည်အောင် လက်သီးထိုးပြီး ချိုးပစ်လိုက်သည်။

သူ့ စိတ်ထဲက ငြိုးကြိမ်းနေတုန်းမှာပဲ ဘုမသိ ဘမသိ [...]
လိုက်ရသည့် သူ့အသည်းနှလုံးကို ထပ်ပြီးအညှာဖြုတ်မယ့် သူ့ချစ်သူ[...]





[...]အသံက သူ့နားထဲကို ကျိန်းရှရှကြီး ဝင်ရောက်လာခဲ့တော့သည်။

"နေတိုင်း ... ရှင် ဒီလောက်ဆို သဘောပေါက်သင့်ပြီ
[...]င်တယ်၊ ရှင် အရှက်မရှိ ကျွန်မကို နှောင့်ယှက်ဖို့ မကြိုးစားနဲ့"

"ဟာ ... အရှက်မရှိတာ မင်းတို့မိန်းမအုပ်စု၊ အားကောင်း
[...]မောင်းသန်နဲ့ အားနွဲ့တဲ့ ယောကျ်ားလေးတစ်ယောက်တည်းကို မင်း
တို့မိန်းမတွေက စကားလုံးနဲ့ ဖိသတ်နေတာ"

"ဘာ ဘာစကားလုံးနဲ့ ဖိသတ်တာလဲ၊ ရှင့်လိပ်ပြာ ရှင်
[...]သလို ခြံသလို အရေမခြုံစမ်းပါနဲ့ရှင်"

"ရွှေဖုန်း ... မင်း ငါ့ကို ရှင်းရှင်းပြောစမ်း၊ မင်းကို ဘယ်သူ
ဘာစကားပြောလဲ"

"အေး ... ပြီးရော၊ ပြောရတာပေါ့၊ မနက်က ရှင်နဲ့ပတ်
သက်နေတဲ့ မိန်းကလေးရဲ့မိတ်ဆွေက ကျွန်မကို နောက်ဆုတ်ပေးဖို့
ပြောလာတာ၊ ရှင်နဲ့ အဲဒီမိန်းကလေးက"

"တော်ပြီ ... ဆက်မပြောတော့နဲ့၊ အဲဒီစကား လုံးဝမဟုတ်
ဘူး၊ ကိုယ့်မှာ ဘာရည်းစားမှလည်းမရှိဘူး၊ မိန်းမတစ်ယောက်ကို
မယူဘဲ ဒီလို လူပျိုကြီးဖြစ်အောင်လည်း ကိုယ် ဘယ်တုန်းကမှ
မကျူးလွန်ခဲ့ဖူးဘူး၊ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ် လုံခြုံတယ်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ်လည်း အာမခံရဲ့တယ်''

''ရှင် အာမခံတာ ရှင့်ဘာသာရှင်ပဲ နှလုံးသားထဲမှာ သွင်းထားလိုက်၊ ကျွန်မကတော့ ရှင့်လို လူရှုပ်လူပွေကို လုံးဝ အယုံအကြည်မရှိတော့ဘူး၊ ကျွန်မကို ရှင် နှောင့်ယှက်ဖို့တော့ စိတ်မကူးနဲ့နော်၊ ကျွန်မက Background တောင့်တယ်၊ ရှင် ထိပ်ကွဲ ခေါင်းဖြစ်ပြီး နောက်ထပ်မိန်းကလေးတစ်ယောက်ကို အသစ်ချစ်မယ့် နှလုံးသားမရှိအောင် အတိတ်မေ့ပြီး ပေါကြောင်ကြောင် ဖြစ်သွားမှာ သနားလို့ပြောတာနော်၊ ကျွန်မကတော့ ဆောရီး တော့တာပဲ''

တစ်ဖက်က ချစ်သူရဲ့စကားတွေက သူ့ရင်ထဲက အရည်ပျော်ကျလုဖြစ်နေသည့် နှလုံးသားကို ပိုပြီးအရည်ပျော်ကျသွားရလေတော့သည်။

မင်း ကိုယ့်အပေါ် တကယ် ရက်စက်နိုင်သွားပြီလား ရွှေဖုန်းရယ်။

ဟား . . .

ကိုယ် မှားပြီ မှားပြီ။

မလိုအပ်ဘဲ ရည်းစားများများထားခဲ့မိတာ အခုတော့ တကယ်ချစ်ရသည့် ချစ်သူနှင့်ဆုံတော့ ပွဲဖျက်မယ့်သူတွေ ရှိလာခဲ့တာ





က သူ့အတွက် ဘာအခွင့်အရေးမှ မရတော့အောင် ဖြစ်သွားတော့သည်။

ဒီအချိန်မှာ သူက ရင်နင့်ကြေကွဲစွာ ခံစားချက်သီးပြီး မျက်ရည်တွေ ဝိုင်းသွားသည်အထိ ဝမ်းနည်းလိုက်ဆို့သွားခဲ့သည်။

သူက မျက်ရည်ရစ်ဝိုင်းသွားသည်အထိ ဝမ်းနည်းကြေကွဲသွားပေမယ့် သူမကတော့ ခပ်သာသာပါပဲ။

အာသွက်လျှာသွက်သံဖြင့် ပြောလာသေးသည်မှာ . . .

''နောက်နောင် ကျွန်မကို နှောင့်ယှက်လာဦးမယ်ဆိုရင်တော့''

''ကျွန်မလက်က နေရာမရွေးဘူးလို့ ပြောစမ်း၊ ရွှေရှုံထက်ပြင်းတယ်လို့ ပြောစမ်း ရွှေဖုန်း''

''တောက် . . . ရွှေဖုန်း မင်းသူငယ်ချင်းတော့နော်၊ ငါကွာ မိန်းကလေးမို့လို့ပေါ့ကွာ''

''အောင်မယ် . . . ရှင်က မိန်းကလေးမဟုတ်တော့ ဘာလုပ်ချင်လဲ''

''မင်း စိန်မခေါ်နဲ့ . . . မင်း လက်သီးချင်း Fight မလား''

''Sorry ...Very Sorry . . . ငါ နင့်ကို နောက်ရုံး ရွှေဖုန်း



www.burmeseclassic.com

www.burmeseclassic.com



အစား စကားသုံးခွန်းပြောမယ် ... နားထောင်၊ ငါ နင့်ကိုသနား
တယ်''

''ဟာ''

သူ့ကားမှန်ပြတင်းပေါက်တွေကို ရင်ထဲက အခံပြင်းဆုံး
ဒေါသတွေ လွှတ်ချလိုက်မိတော့သည်။

'ဝုန်း'


ခနဲမြည်သံနှင့်အတူ သူ့နှလုံးသားတစ်စုံသည်လည်း သိပ်ချစ်
ခဲ့ရသည့် မိန်းမတစ်ယောက်အတွက်နှင့် 'ဝုန်း' ခနဲ ပြိုလဲကျသွားရ
တော့သည်။

ဒီအချိန်မှာ ...

သူ နားလည်လိုက်သည်မှာ 'ငါတော့ သွားပါပြီ' ဆိုတာကိုပဲ
ဖြစ်သည်။

❊ ❊ ❊





အခန်း (၉)

သူ ဒီရက်အတွင်း ချောင်ကုပ်သွားသည့်အဖြစ်ကို ရန်လင်း
က အထာပေါက်သွားသလားမသိ ...။

ချောင်ကုပ်ပြီး အိပ်ခန်းထဲ အောင်းနေသည့် သူ့ဆီသို့ ပြုံး
ဖိစီမျက်နှာပေးနှင့် ရန်လင်းက ရောက်လာပြီး သူ့ကို အားပေးသလို
သို့ နှစ်သိမ့်သလိုလိုနှင့် ခပ်ထေ့ထေ့ သရော်လာခဲ့သည်။

''ဘယ်လိုလဲ နေတိုင်း ... မင်း အခုတစ်လော အိမ်တွင်းပုန်း
လုချည်လားကွ၊ ဘာလဲ ... လေဒီနဲ့ နောက်နေပြီလား၊ ဒီ Lady
နောက်ရင် ကြည့်တဲ့တစ်ယောက် ပြောင်းကွာ၊ New လေးပြောင်းပေါ့''

''တော်စမ်းပါကွာ၊ ဘာလဲ ... မင်းက ငါ မရှုမလှ ခံနေရ



www.burmeseclassic.com

www.burmeseclassic.com



တာကို လာလျှောင်တာလား''

''ဟာ . . . မဟုတ်ပါဘူး''

''မင်းစိတ်ဓာတ်ကိုများ ငါမသိရင် ခက်လိမ့်မယ်''

''မင်း အဲဒီလိုကြီးတော့ မစွပ်စွဲနဲ့ကွာ၊ ငါက မင်းခံစားနေရတာတွေကို မကြည့်ရက်လို့ပါ၊ ဘာလဲ . . . ရွှေဖုန်းက မင်းကို ကန်လွှတ်လိုက်ပြီလား။ အဲဒါဆို ငါ မင်းကိုယ်စား ရွှေဖုန်းကို တောင်းပန်မလို့ကွာ၊ မင်း တော်တော် (ရင်နင့်ခံစား) ဖြစ်နေတဲ့အကြောင်း, ထမင်းတောင် မစားနိုင်ဘဲ အိပ်ရာထဲမှာကပဲ ဘုန်းဘုန်းလဲနေပြီလို့ မ,လိုက်မယ်ကွာ၊ ဒါမှ မင်းချစ်သူ ပွင့်ထွက်သွားမှာ''

သူ့မှာ ချစ်သူနှင့် အဆင်မပြေသည့်ကြားထဲ ရန်လင်းက သူ့ကို လှောင်သလို ပြောင်သလို ကလိလာတာက သူ့ကို တကယ် အခံရခက်လှသည်။

ရင်ထဲမှာ အခံရခက်လွန်းလို့။

ပြုံးစိစိ ဖြုံစပ်စပ် ဖြစ်နေသည့် ရန်လင်းမျက်နှာကြီးကို တည်တူးရူး စိုက်ကြည့်ပြီး ရန်လင်းကို အော်ထုတ်လိုက်မိပါတော့သည်။

''သွားကွာ သွား . . . မင်း ငါ့ကိစ္စကို ဝင်မရှုပ်စမ်းပါနဲ့''

''အေးပါ . . . နောက်မှ ရင်ထဲမှာ အရည်ပျော်ပြီး အပြင်





ကျလာမှ နားထောင်ပေးဖို့, အဖြည့်ခံလုပ်ပေးဖို့ ဆောရီးပဲ''

''ဟင် . . . ကျွတ်''

သူ့ကို မခံချင်အောင် တမင်လာကလိပြီး ဆွလေးလုပ်သွား ချာခနဲ အခန်းထဲက လှည့်ထွက်သွားသည့် ရန်လင်းကို သူ သထွက်လွန်းလို့ မျက်လုံးကြီးသာ အပြူးသား ဖြစ်ကျန်ခဲ့တော့ သည်။

သူ ဒီထက်ပိုပြီးလည်း ဘာစကားမှ ပြောစရာမရှိတော့။

ပြောလည်း မပြောချင်တော့အောင် ရင်ထဲမှာ ဝမ်းနည်းလှိုက် သွားရကာ သွားကြီးစေ့ပြီး ''ဟွီး'' ခနဲပဲ သက်မမောကြီး ကျိတ်ချ မာနကြီးသည့်မိန်းမကို ချစ်ခဲ့မိသည့် ကိုယ့်ရင်ဘတ်ကိုယ်ပဲ ဘုန်းဘုန်း ရိုက်ပစ်လိုက်ချင်တော့သည်။

ဟင်း . . .

သူ ဘာဆက်လုပ်ရမလဲ။

သူမကတော့ သူ့ကို တကယ်လမ်းခွဲပစ်လိုက်ပြီဖြစ်သည်။

သူမက လမ်းခွဲလိုက်ပြီဆိုတော့ ဘယ်တော့မှ သူ့ကို လှည့် ကြည့်မှာ မဟုတ်တော့။

ဒီတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



သူကပဲ သူမရှေ့မှာ ဒူးထောက်၊ လက်မြှောက်ရ လက်မြှောက်ရ ...

သူကတော့ သူမကို သိပ်ချစ်ရသည့် ခံစားမှုတွေနှင့် ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်ခဲ့ပြီမို့ သူမကိုပဲ အကြိမ်ကြိမ် အောက်ကျို့တောင်းပန်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

❁



'တူ တူ တူ'

"----------"

'တူ တူ တူ'

"----------"

'တူ တူ တူ'

"ဟာ ... နားငြီးလိုက်တာ၊ ဖုန်းဖွင့်လိုက်စမ်းပါ ရွှေဖုန်းရဲ့"

စားပွဲတစ်လုံးမှာ ထမင်းစားချိန် အနားယူနေတုန်း အတူထိုင်နေသည့် ဂူးက ဖုန်းသံကို ဘယ်သူ့ဖုန်းမှန်းမသိသေးဘဲနှင့် စွတ်ဖွင့်နှုတ်ထောင်နိုင်းတော့ ရွှေဖုန်းက မျက်နှာလှလှလေးကို အကျည်းတန်



www.burmeseclassic.com

www.burmeseclassic.com

သွားအောင် တအားရှုံ့မဲ့ပစ်လိုက်ကာ ...

"ဟိုအကောင်ဖုန်းဟာ၊ တစ်မနက်လုံးမြည်နေလို့ စက်ပိတ်ထားတာ၊ အခု ပြန်ဖွင့်တော့ တစ်ခေတ်ပြန်ထလာပြန်ပြီ၊ တော်တော်ဖွဲ့ကောင်းတဲ့ကောင်၊ သူများ ငါက ပြန်သနားမလားလို့၊ ဟာ ဟ ... မသနားပေါင်၊ ရွှေဖုန်းမိုမိုကလေ ချစ်သူမထားခဲ့ဖူးပေမယ့် ရင်ဘတ်က အကောင်းအတိုင်းပဲ၊ ပျင်းသနားတယ်၊ ဒီလိုမျိုးယောကျ်ားတွေအတွက် သနားစရာ ငါ့ရင်ဘတ်မှာ နေရာမရှိ၊ အရှင်းအလင်းပဲ"

"အေး ... ကောင်းတယ်၊ အဲဒီလို စိတ်ဓာတ်မာတာကို ကြိုက်တယ် ...၊

ဒီကောင်ကတော့ နင်လို မိန်းမတစ်ယောက်ကို အောက်ကျနောက်ကျ တောင်းခံရမှာပဲ၊ I love you တွေ I need you တွေ လုပ်မှာပဲ၊ နင် အသည်းနှလုံးသာ မျဉ်းတစ်ဖြောင့်တည်း နိုင်ထားပါစေ"

"နိုင်ပါတယ် နိုင်ပါတယ် ဂူးရယ်၊ ငါဆိုတဲ့မိန်းမက ငါ့အပေါ် လက်တစ်လုံး လာကြောတာတောင် အဲဒီလက်ကို ဖြတ်ပစ်ရဲတဲ့သတ္တိရှိတယ်"

"ကြိုက်တယ် ... မာမာကတော့ မာမာပဲ ကြိုက်တယ်"

ရွှေမင်းနီတာပေ



ဂူးက အမြှောက်သမား၊ ရွှေဖုန်းကလည်း လူလည်လူရှုပ်ယောကျ်ားဆိုရင် တစ်သက်လုံး ဘယ်တော့မှ ရည်းစားစကား အပြောခံရအောင် အကွက်မိမိနှင့် တိုက်ထုတ်နိုင်ခဲ့သည့်မိန်းမဖြစ်ခဲ့တာမို့ အခု သူ့ရဲ့ဇီဇကို မသိဘဲ ချစ်သူအဖြစ် ရွေးခဲ့ပြီးမှ စုံပစ်ကန်ဖို့ပဲ၊ မျက်စိမှိတ်ကာ ဆုံးဖြတ်ချက်ကြမ်းကြမ်း ချထားလိုက်တော့သည်။

ကဲ ... ရှင် ဘယ်လောက်ဖုန်းခေါ်ဦးမလဲ။

ခေါ်စမ်း ... ကြိုက်သလောက်ခေါ်စမ်း။

ရှင် ... မူးပြီး မှောက်အိပ်လိုက်ရတာပဲ အဖတ်တင်မယ့်အတိုင်း။



ရွှေမင်းနီတာပေ

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဟဲ့ ... ဟိုမှာ မျှော်တော်ယောင်ကြီး ရောက်လာပြန်ပြီ၊ တကတဲ ... ငါနယ်နေ၊ ငါသာ ယောက်ျားလေး တစ်ယောက်ဆို ဒီကောင့်ကို Fighting Play ပစ်တယ်"

"ဟင်"

ရုံးဆင်းချိန်မှာ ရုံးရှေ့ကနေ ကားပါကင်ယူပြီး ကားဘော် မှာ ခပ်မာမာ လက်ထောက်ရပ်ထားသည့် သူ့ကို လှမ်းမြင်ကတည်း ဒီတစ်ကြိမ်တော့ သူ ပွဲကြမ်းတော့မည်ဆိုတာကို ရွှေဖုန်း ရင် ထိတ်လန့်စွာ သိလိုက်ရသည်။

ပြီးတော့ တစ်လကျော်သွားသည်အထိ သူ ဖွဲ့မလျှော့ချ





တာကို ရွှေဖုန်း ကြောက်သလိုတောင် ခံစားလိုက်ရသည်။

သူဟာ ရွှေဖုန်းကို ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမှုမပေးဘူး တာကိုလည်း ရွှေဖုန်း နားလည်လိုက်သလို သူလွှတ်မည့် ပွဲကြမ်း သည်း ကိုယ့်ကိုယ်ကိုယ် အကာအကွယ်လုပ်နိုင်ဖို့မျက်နှာကို မာန် သည်ဆုံး တင်းပစ်လိုက်သည်။

ဒီအချိန်မှာ ...

ရွှေဖုန်းသူငယ်ချင်း ဂူးကလည်း ယောက်ျားတစ်ယောက် ယောက်ကို အားကိုးထိုက်သည့် မျက်နှာထားနှင့် ရွှေဖုန်းနှင့် မျက်နှာ သုဉ်ရပ်လာသည့် သူ့ကို တိုက်ကွက်လှလှထုတ်ပြီးသား ဖြစ်သွား သည်။

"ဟော့ ... ဘယ်လိုလဲ နေတိုင်း"

လို့ မေးလိုက်သည့် ဂူးအသံက ယောက်ျားတစ်ယောက် ယောက်ကို အားကိုးထိုက်သည်။ လန့်စရာလည်းကောင်းသည်။

ဒါပေမဲ့ သူကတော့ လုံးဝမဖြုံ။ ပခုံးနှစ်ဖက်ကို ခပ်သာသာ ပြီး ရွှေဖုန်းအရှေ့သို့ ခြေလှမ်းကျဲကျဲတွေနှင့် ရောက်လာပြီး ရွှေဖုန်း ကလေးကို ဖျတ်ခနဲဆွဲကာ သူ့ကားဆီသို့ ခပ်ကြမ်းကြမ်း ဆွဲ သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ရွှေဖုန်းက သူ့လုပ်ရပ်တွေကို ကြောင်
ကြည့်ပြီး သူ့အနောက်ကို ပါသွားရပြီဖြစ်သည်။

အဲဒီအချိန်မှာပဲ ဂူးအသံက ကြောက်စရာကောင်းလော
အောင် မာထန်ထန်ကြီး ထွက်လာခဲ့သည်။

"နေတိုင်း . . . ရှင် ပြဿနာဖြစ်သွားချင်လို့လား"

"မင်းကို ငါ လုံးဝ ဂရုမစိုက်ဘူး၊ ငါ့ချစ်သူငါ သူ့အထင်
အောင် ရှင်းပြမယ်၊ မင်း ငါတို့ဇာတ်ထုပ်ထဲ ဝင်မပါနဲ့၊ ဒီတစ်
တော့ မင်း ကာဆီး ကာဆီး တားဖို့စိတ်မကူးနဲ့နော်၊ သက်သ
ပြဿနာ မိုးပေါ်တက်သွားလိမ့်မယ်"

သူက ပြောလည်းပြော ရွှေဖုန်းကိုလည်း သူ့ကားထဲ
ဆွဲ့ခနဲ တွန်းသွင်းလိုက်ချိန်မှာ သူ သွင်းလိုက်သည့် ရွှေဖုန်းကိုယ်
ကို သူမက လှမ်းဆွဲပြီး သူ့ကို အပြင်းဆုံးစကားလုံးတွေနှင့် တိုက်
ဆင်လာတော့သည်။

"ရှင် ရွှေဖုန်းအသားကို နည်းနည်းမှမထိနဲ့၊ မထိနဲ့"

"ဟာ ကွာ . . . မင်း"

ရုတ်တရက် သူ့ဒေါသတွေ ငယ်ထိပ်ကြွတက်သွား
ရွှေဖုန်းကိုယ်လုံးလေးကို လှမ်းဆွဲထားသည့် သူမလက်ကို ဆွဲဖြ





အားအပြင်းဆုံး တွန်းပစ်လိုက်သည်။

"အား"

ယောက်ျားအားနှင့် သူမကိုယ်လုံးကို ဆောင့်တွန်းလိုက်သဖြင့်
သူမ မြေပြင်မှာ ဖင်ထိုင်လျက် လဲကျသွားချိန် ရွှေဖုန်း လက်တစ်
ဖက် မြှောက်တက်လာတာကို သူ ဘယ်လိုမှ ရှောင်တိမ်းချိန် မရ
သော့ဘဲ တည့်တည့်တိုးပြီး အရိုက်ခံလိုက်ရသလို ခံလိုက်ရတော့သည်။

'ဖြန်း'

ခနဲ မြည်သံနှင့်အတူ သူ့မျက်လုံးထဲမှာ မီးရောင်စုံကူးသွား
ချိန် သူ ဘယ်သူ့ကိုမှ မရှက်နိုင်တော့ဘဲ ရွှေဖုန်းအရှေ့မှာ မုဆိုး
ဒူးထောက် ထိုင်ချလိုက်ပါတော့သည်။

သူ အဲဒီလို သူမရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တာကို
သူမက လုံးဝဂရုမစိုက်ဘဲ သူ့မျက်နှာတည့်တည့်ကို လက်ညှိုးငေါက်
ငေါက်ထိုးကာ အပြတ်သားဆုံးအသံဖြင့် ခပ်ပြတ်ပြတ် ပြောလာပါ
တော့သည်။

"ရှင် ကျွန်မကို နောက်နောင် နှောင့်ယှက်ဖို့ ဘယ်တော့မှ
မစဉ်းစားနဲ့၊ ဒါ သင်ခန်းစာပဲမှတ်"

"ရွှေဖုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာမှမပြောတော့နဲ့"

"မဟုတ်ဘူးကွာ၊ ကိုယ့်ကို ရှင်းပြခွင့်လေးပေးပါနော်၊ ကိုယ်မင်းထင်သလို မဟုတ်တဲ့အကြောင်း ရှင်းပြရရင် ကျေနပ်နိုင်ပါပြီကွာ"

"ဘာမှ လာရှင်းပြစရာလည်း မလိုဘူး၊ ရှင့်ကို ကျွန်မအတည်ချစ်ခဲ့တယ်လို့ ရှင်သတ်မှတ်ရင် ရှင် ရူးလို့ပဲ၊ ကျွန်မရင်ဘတ်ထဲမှာ ရှင်မရှိဘူး၊ ကဲ ... ရှင်သွားတော့"

ရွှေဖုန်း သူ့ကို လှည့်မကြည့်တော့ဘဲ ရွှေဖုန်းတို့နစ်ယောက်ကို အံတကြိတ်ကြိတ်ကြည့်ပြီး အဆင်မသင့်ရင် တစ်ခုခုနှင့် သူ့ကိုထိပ်ကွဲ ခေါင်းပြဲဖြစ်အောင် ဆော်ချင်နေသည့် ဂူးကို လက်ဆွဲကာ ကိုယ့်ကားဆီသို့ပဲ တန်းတန်းမတ်မတ် လျှောက်လာခဲ့တော့သည်။

အဲဒီလို လျှောက်လာသည့်အချိန်မှာ ဂူးက မိန်းမ မပီသစွာ ကျားကျားယားယားကြီး သူ့ကို ကြိမ်းလိုက်သေးသည်။

"ဒီကောင် ပုံစံမကျလို့ကတော့ အုတ်နီခဲနဲ့ ကောက်ထုမလို့ အုတ်နီခဲကို ရှာပြီးသား။ ကောင်းတယ် ... ဒီလောက်ရဲတင်းဟဲ့ကောင်ကို ပါးတစ်ချက် ဆော်ပေးလိုက်တာ အီသွားတာပဲ၊ ပါးတစ်ချက်တည်းဆော်တာ နည်းတောင်နည်းသေးတယ်၊ နှစ်ချက်လောက်ဆော်ထည့်လိုက်ဖို့ကောင်းတာ"





"ဟယ် ဂူးရယ် ... ကြာရင် နင့်ကို နေတိုင်း လည်ပင်းညှစ်သတ်လိမ့်မယ်နော်၊ ဟင်း ... နင့်အစား ငါတော့ ကြက်သီးထပါရဲ့"

ငကတော့ နဂိုကတည်းက အေးအေးဆေးဆေးနေတတ်သူပီပီ ရန်ဖြစ်ရမှာကိုလည်း အင်မတန်ကြောက်သူ၊ စကားနည်း ရန်စဲနေတတ်သူပီပီ မမြင်ရသေးတဲ့အန္တရာယ်ကို အခုလို ကြိုတင်ကြောက်တတ်သူ ဖြစ်သည်။

ဂူးကတော့ ဝုန်းဝုန်းဒိုင်းဒိုင်း မိန်းမကြမ်းကြီးပီပီ အာဋာဝကဖီးထားသလို အစွယ်မထွက်ရုံတမယ် သွားကြီးဖြဲပြီး ကြိမ်းလိုက်မောင်းလိုက် လုပ်နေတာ။ ရွှေဖုန်းရင်ထဲမှာ သူ့ကိုယ်စား စိတ်မကောင်းတော့ ဖြစ်မိပါသည်။

ဒီအချိန်မှာ သူကလည်း သူမနှင့်ပတ်သက်ပြီး ပွဲကြမ်းနေသည့် သူငယ်ချင်းကို မုန်းချင်မုန်းနေမှာပေါ့။

ဘာပဲဖြစ်ဖြစ် ရွှေဖုန်းကတော့ သူ့ကို ပါးရိုက်လိုက်မိသည်အထိ ပွဲကြမ်းသွားရသည့်အဖြစ်ကြီးကို စိတ်ထဲကနေ တိတ်တဆိတ်စိတ်မကောင်းစွာဖြင့် ရင်ထဲက ဒေါသတွေကို ကျိတ်မျိုချလိုက်ရပါတော့သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ရွှေဖုန်းလက်ထဲသို့ ရောက်လာသည့် စာရွက်ခေါက်အပြ
လေးကို ရွှေဖုန်းတို့ သူငယ်ချင်းတွေ အအေးဆိုင်ထိုင်ရင်းမှ ခေါင်းချင်းဆိုင်ပြီး စုဖတ်လိုက်မိသည်။

သူမတို့သုံးယောက် ဖတ်လိုက်မိသည့်စာကတော့ ...

ရွှေဖုန်းကို ခပ်ပြတ်ပြတ် ခြောက်ထားသည့် နေတိုင်းစာပင်
ဖြစ်သည်။

စာထဲမှာ ရေးထားသည့် နေတိုင်းရဲ့ ခပ်ပြတ်ပြတ် စကားလုံးတွေကတော့ ဒီလိုရယ်ပါ။





ရွှေဖုန်း ...

မင်း ကိုယ့်ကိုရှောင်ရင် မင်း ဒီထက်မှားသွားမယ်။

အဲဒီတော့ မင်း ကိုယ့်ကို ဖုန်းလက်ခံစကားပြောဖို့ ဆုံးဖြတ်။

ကိုယ် အပိုစကား ထပ်မဆိုတော့ဘူး။ ညကျ ဖုန်းဆက်မယ်။ မင်း ကိုယ့်ဖုန်းကို လက်ခံနားထောင်ပြီးမှ အေးအေးဆေးဆေး ဆုံးဖြတ်ပါ။

နေတိုင်း

"ဟယ် ... ဘာကြီးလဲ စာကြီးက၊ အာဏာတွေများလိုက်တာ၊ အာဏာသံပေးတဲ့ စာပါလား"

ဂူးက စာလည်းဆုံး ပါးစပ်ကလည်း မဲ့မဲ့ရွဲ့ရွဲ့ ပြစ်တင်ဝေဖန်လာတော့ ရွှေဖုန်း ဘာပြန်ပြောရမှန်းမသိအောင် အကြံအိုက်သွားရလေသည်။

အကြံအိုက်အိုက်ဖြင့်ပင် ခေါင်းက ရှေ့တွဲကျနေသည့် ဆံပင်တွေကို နောက်ကို ဖတ်ခနဲ ပစ်ပို့ရင်း မျက်ဝန်းအိမ်ကိုကျဉ်းကာ အကြံတွေ ဉာဏ်တွေ ထုတ်ယူလိုက်သည်။

အင်း ... သူက အခုလို အာဏာပေးလာတော့လည်း ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကလည်း တစ်ခါ ပညာပြန်ပေးရတာပေါ့။

ရွှေဖုန်း သူ့ကို ဘယ်လိုပညာပေးရကောင်းမလဲလို့ စိတ်မကောင်းစွာ စဉ်းစားတွေဝေနေတုန်းမှာပဲ ဂူးအသံပြဲပြဲကြီးက နားထဲကို စူးခနဲ ဝင်ရိုက်လာခဲ့သည်။

"အာဏာသားကြီးပါလား၊ တစ်သက်လုံး ထောင်လာတဲ့ ရွှေဖုန်းမိုမိုတို့တော့ လဲတာပဲ၊ အာဏာသားကြီးနဲ့တွေ့မှ"

"ဟင်"

ဂူးက ရွှေဖုန်းကို တမင်မခံချင်အောင် ကလိတော့လည်း ရွှေဖုန်းက နဂိုကတည်းက ဆတ်ဆတ်ကြဲ ဟာနခဲပီပီ အမောက်ထောင်သွားရလေသည်။

"ဂူး ... ငါလိုမိန်းမက ဘယ်တုန်းက လဲကျတာ နင်မြင်ဖူးသလဲ၊ ဒီမှာ ရွှေဖုန်းမိုမို History မှာ ဘယ်တော့မှ ယောကျ်ားတစ်ယောက်အာဏာအောက်မှာ ပြားပြားဝပ်လဲမကျဘူး၊ အဲဒီယောကျ်ားသာ လဲကျစေရမှာ၊ သူက ငါ့ကို အာဏာပေးလာတော့လည်း ငါက သူ့ကို ပါးကွက်သားဖြစ်အောင်သာ လှန်ပစ်လိုက်မယ် ... နင်တို့ စောင့်ကြည့်"

"အေး ... ကြည့်မယ်၊ တော်ကြာမှ မင်္ဂလာကိန်းကြီး ဆိုက်





သွားမယ်"

"ဆောရီး တော့တာပဲ၊ ရည်းစားများတဲ့ ယောကျ်ားကို ခွတ်မိုတ်လက်ထပ်ဖို့ ရွှေဖုန်းမိုမိုရာဇဝင်မှာ မရှိ"

"အေးပါ အေးပါ ... အပြောနဲ့အဟော ညီပါစေ"

ဂူးစကားကြီးကို မုန်းလွန်းလို့။

"ကျစ်" ခနဲပဲ ရွှေဖုန်း စုတ်သပ်ပြီး မျက်နှာတစ်ချက် ခါပစ်ကာ သောက်နေသည့်အအေးခွက်ကို စားပွဲပေါ်သို့ ဆောင့်ချပစ်လိုက်သည်။

အဲဒီလို ...

ဆောင့်ချလိုက်တာဟာ ရွှေဖုန်းရဲ့ အပြတ်သားဆုံး အဖြေပဲဆိုတာ သူငယ်ချင်းနှစ်ယောက် သိသွားစေရမည် ထင်ပါသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



ညဆယ့်တစ်နာရီ သူဖုန်းဆက်နေကျ အချိန်တစ်ခုမှာတော့ ရွှေဖုန်းခေါင်းရင်းက ဖုန်းကလေးက တတူတူ မြည်လာတော့သည်။

ရွှေဖုန်းက တတူတူမြည်နေသည့် ဖုန်းကလေးကို မဲ့မဲ့ရွဲ့ရွဲ့ ကောက်ကိုင်ဖွင့်နားထောင်လိုက်ပြီး ရင်ထဲက ရင်ခုန်သံစဉ်တွေကို နှုတ်ခမ်းဖြင့် ခပ်ဖိဖိ ကိုက်ပစ်လိုက်သည်။

ပြီးတော့ ရင်ထဲက ရင်ခုန်သံတွေကိုလည်း တိတ်တိတ်လေး ကြိမ်းလိုက်မိသည်။

ဟင်း . . . ငါ ဒီလို ဂျစ်ပစီကို ရင်မခုန်ကောင်းဘူး။

ဒီကောင်က အလကားကောင် . . .





လို့ စိတ်ထဲကနေ ကိုယ့်ကိုယ်ကိုယ် သူ့စကားနုနုတွေမှာ ချော်ဝင်အောင် အားပေးရင်း ရွှေဖုန်း သူ့ကို အထက်သံနှင့် အသံ ပြုလိုက်ပါသည်။

"ဟယ်လို"

"ရွှေဖုန်း . . . ကိုယ် မင်းကို နာရီဝက်လောက် ဖုန်းနဲ့ စကား ပြောမယ်"

တစ်ဖက်မှ အပိုင်အနိုင်တောင်းဆိုလာသည့် သူ့စကားကို ရွှေဖုန်း ဟာခနဲတောင် ရယ်ပစ်လိုက်ချင်သည်။

တော်တော့်ကို လာတဲ့လူ။ (နာရီဝက် . . . တဲ့) ငါးမိနစ် တောင် အလွန်ကြီးပဲ နေတိုင်းရေ။

ဒီငါးမိနစ်တောင် ရှင့်ကို ဖျော်ချင်လို့ လက်ခံစကားပြော လိုက်တာ။

"ကြားတယ်နော် ရွှေဖုန်း"

"နေစမ်းပါဦး . . . ရှင်က ကျွန်မကို အာဏာပေးလာရအောင် ရှင် ဘယ်တုန်းက ကျွန်မကို အာဏာပေးခဲ့ဖူးလို့လဲ"

"ဘယ်တုန်းကမှ မပေးဖူးပေမယ့် အခုပေးတယ်ကွာ"

"အေးပါ အေးပါ . . . နားထောင်ရသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နားထောင် ... ကိုယ် မင်းကို လုံးဝ လုံးဝ မခွဲနိုင်ဘူး နော်၊ ကိုယ့်ဘဝမှာ မင်းတစ်ယောက်တည်းကိုပဲ ကိုယ့်အချစ်တွေ စုပြုံပုံအောခဲ့တာ၊ ကိုယ် ဘယ်မိန်းမကိုမှ မချစ်ခဲ့ဖူးဘူး၊ ဒါကို ရွှေဖ မယုံလည်း ကိုယ်မတတ်နိုင်ဘူး၊ ကိုယ်ကတော့ ကိုယ်တတ်နိုင်တဲ့ ဘက်က ရှင်းပြပြီးပြီ"

"ဒါလား ရှင်ပြောချင်တဲ့စကား"

"မကသေးဘူး ... နာရီဝက်လေ"

"အေးပါ ... ဆက်ပြော"

ရွှေဖုန်းအသံ တောင့်အင့်အင့်လေးက သူ့ကို ရင်ခုန်ဆူဝေ ကာ သူ့စိတ်လှုပ်ရှားစွာ မျက်ဝန်းကြီး ယောင်ယမ်းမှိတ်ထားမိပြီး အသက်ဝဝ ရှိုက်ရှူကာ ...

"ရွှေဖုန်းသူငယ်ချင်း ဂူးမကို ကိုယ် လုံးဝ မကျေနပ်ဘူး သူက ကိုယ်တို့ချစ်သူနှစ်ယောက်ကြားကို ခလောက်ဆန် အကောင် ကြီးမယ့်စတိုင်လ်ပဲ"

"ရှင်ကလည်း မဟုတ်ပါဘူး၊ ရှင့်လို ရည်းစားများတဲ့သူ ကျွန်မသူငယ်ချင်းက ကျွန်မနဲ့ ငြိစဉ်မဖြစ်စေချင်တာ အမှန်ပေါ့"

"ဟ ... ဘာဆိုင်လဲ၊ သူနဲ့လည်း ဘာမှမဆိုင်ဘဲနဲ့ လာကြား





ဝင်ပါနေတာ၊ နောက်နောင် လုံးဝ ဒီလိုမဖြစ်စေနဲ့၊ ရွှေဖုန်း ကိုယ့်ကို ကျေနပ်လို့ ကိုယ့်ကို ပါးအချက်တစ်ရာရိုက်၊ ကိုယ်ကျေနပ်တယ်"

"ဟဲ့ အယ် ... အချက်တစ်ရာလည်း မရိုက်ရက်ပါဘူး၊ တစ်ချက်တည်း ရိုက်မိတာတောင် သနားလွန်းလွန်းလို့'

ချက်ချင်းပြောင်းလဲသွားသည့် ရွှေဖုန်းအသံနုနုတွေဟာ ရွှေဖုန်းပြောတာမှ ဟုတ်ရဲ့လားလို့ သူ သံသယဖြစ်သွားရသည်။

ဒါပေမဲ့ အခုပြောနေတာ သူသိပ်ချစ်ရသည့် ချစ်သူလေး ရွှေဖုန်းမှ ရွှေဖုန်းအစစ်။

ဟား ရွှေဖုန်းလေးရယ် ... မင်းကိုချစ်ရလွန်းလို့ ကိုယ် ပြာလောင်ခတ်နေရတာတွေကို အခုလို နားလည်ပေးလိုက်စမ်းပါနော်။

နောင်လည်း ကိုယ့်ကို မဆိုးရတော့ဘူးနော်။

"ဟိတ် နေတိုင်း ... ဘာမှ ပြောစရာမရှိတော့ရင် ကျွန်မ ပြောတော့မယ်"

အတန်ကြာ ငြိမ်ကျသွားသည့် သူ့ရဲ့လေလှိုင်းသံထဲကို ခပ် တိုးတိုး ဝင်လာသည့် ရွှေဖုန်းအသံလေးက သူ့ကို ဆွဲနှုတ်ယူသွား လေသည်။

အဲဒီအချိန်နှင့် တစ်ပြိုင်နက် သူ့ပါးစပ်က ကယောင်ကတမ်း



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟင်"

လို့ ထူးလိုက်မိတာကို သူမက တအိအိ ရယ်လိုက်သေး သည်။

သူမရယ်သံက သူ့ကို လှောင်သလိုမို့ သူ-မခံချင်ဖြစ်သွားကာ မျက်မှောင်ကြီး ကုတ်ပစ်လိုက်ပြီး ...

"ဘာရယ်တာလဲ"

"သဘောကျလို့"

"ရွှေဖုန်းနော် ... မင်း"

"အင်း ... ကျွန်မပြောမယ့်စကားကို ရှင်နားထောင်တော့"

"အိုခေ ... ဆက်ပြော"

"ကျွန်မ အိပ်ချင်ပြီ၊ မနက်ဖြန်မနက် ဆယ်နာရီကျရင် ကျွန်မနဲ့ရှင် ချစ်သူဘဝက ထိုင်ခဲ့ဖူးတဲ့ Mr.Brown Cafe မှာ အမှတ်တရ ပြန်ထိုင်မယ်၊ အဲဒီတော့မှ စကားပြောမယ်ကွာ၊ ဒီမှာ အိပ်ချင်လို့ ပါးစပ်တွေတောင် လေးလာပြီ"

"အင်း အင်၊ ... ဟုတ်ပြီ"

တစ်ဖက်မှ ရွှေဖုန်းအကြံကို ဘာမှမသိဘဲ စွတ်ကြည်သွား သည့် နေတိုင်းကို ရွှေဖုန်း မြင်ယောင်ကြည့်ရင်း သူ့ကို ဒီလို





ညာပေးရမှာတောင် သနားချင်တင်တင် ဖြစ်သွားရသည်။

တကယ်တော့ သူဟာ ကိုယ့်အပေါ်ကို တကယ်ချစ်မြတ်နိုး သည့် ယောက်ျားပါလားဆိုသည့် အတွေးတွေက ရွှေဖုန်းကို တကယ် ကြည်နူးစေရသည်။

ပြီးတော့ ငါ ဒီလိုလုပ်ရမှာ သင့်တော်ပါ့မလားဆိုသည့် အတွေးတစ်ချက်နှင့် တွေ့ဝေကာ သူ့စကားသံနွေးနွေးကိုပဲ ရင်မော သလို ရင်ခုန်သလိုလိုနှင့် နားစွင့်ထားလိုက်သည်။

ရွှေဖုန်း နားစွင့်ထားတုန်းမှာပဲ သူက အသံကြည်ကြည်လေး နှင့် ပြောလာခဲ့သည်မှာ ...

"ဖုန်းလေး ... ကိုယ် သီချင်းဆိုပြီး ချော့သိပ်မယ်ကွာ၊ ငြိမ်းချမ်းရေး ... Peace Peace"

"တပိစ် ပိစ်နဲ့ ငြိမ်းချမ်းရေးလုပ်ပြီး လာမဆိုပြပါနဲ့၊ နားငြီး တယ်၊ အသံလည်း မကောင်းဘဲနဲ့"

"ဟာကွာ ... ကောင်းပါတယ်၊ ဟန်ထွန်းထက်တောင် သာသေး ... ဟဲ ဟဲ"

"သာလိမ့်မယ် အားကြီးကြီး၊ ရှင့်အသံကို ကျွန်မတောင် ကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အသံမကြိုက်တော့ ရုပ်ရောဟင်"

"မကြိုက်ဘူး"

"ဟန်ရော"

"လုံးဝပဲ"

"အရည်အချင်းရော"

"တဲ့တာ"


ဆိုတာနဲ့ပဲ စကားအဆုံးသတ်ပြီး ရွှေဖုန်း ဖုန်းပိတ်ကာ မျက်နှာကြက်ကို မော့ကြည့်ပြီး မစင်ကြယ်စွာ ပြုံးလိုက်မိပါတော့သည်။

အဲဒီလို ...

ပြုံးလိုက်သည့် သူမရဲ့အပြုံးတွေကို သူကတော့ ဘာမှသိရှာမည် မဟုတ်တာမို့ ရင်ထဲမှာ သူ့ကို သနားသလိုလို မပြတ်သားရက်နိုင်သလိုလိုနှင့် တစ်မျိုးကြီး ခံစားလိုက်ရပါသည်။

❊ ❊ ❊





အခန်း (၁၁)

Mr. Brown Cafe မှာ သူနှင့် မျက်နှာချင်းဆိုင်ပြီးသည့် အချိန်မှာတော့ ရွှေဖုန်း ကိုယ့်လုပ်ရပ်ကို မှားသလား၊ မှန်သလား ဖြန့်မဆန်းစစ်မိတော့ဘဲ ရွှေဖုန်းလက်ကလေးကို ခပ်တင်းတင်း ဆုပ်ကိုင်လာသည့် သူ့ကို အကြည့်နွေးနွေးတွေနှင့် ပြန်လည်ပေးသနားလိုက်ပါသည်။

ဒီအချိန်မှာ ရွှေဖုန်းရဲ့အကြည့်နွေးနွေးတွေကို သူက ပျော်ဝင်ရင်ခုန် ယစ်မူးသွားသည် ထင်သည်။

ရွှေဖုန်းမျက်နှာလေးကို သူ့လက်ဖဝါးကြီးနှင့် တစ်ချက်ဖွဖွ ဖိပြီး ပြုံးတုံ့တုံ့ (ရင်ခုန်သွားသည့်) မျက်နှာပေးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘွားတော်လေး တကယ်ကြည့်သွားပြီနော်"

လို့ မေးလာတာ ရွှေဖုန်း တဟိဟိ ရယ်ပစ်လိုက်ချင်သည် အထိ သူ့စကားတွေအောက်မှာ ရင်ခုန်ပျော်ဝင်သွားရတာ ဖြစ်သည်။

ဒါပေမဲ့ ရွှေဖုန်းက မိန်းမပီပီ အမူပိုပို မာပြလိုက်ပြီး သူ့ မျက်စောင်းခဲကာ . . .

"ဘိုးတော်ကြီး ရှင့်အထာကရော ပြောင်းမှာလား"

"ဟား ဟား . . . မိတယ် မိုက်တယ်ကွာ၊ ကိုယ်က ရွှေဖုန်း ချစ်သူဖြစ်ကတည်းက အထာပြောင်းသွားတာပါကွာ၊ ရွှေဖုန်းမကြိုက် တဲ့ လက်ကောက်နက်တွေလည်း မဝတ်တော့ဘူး၊ နားကပ်တစ် လည်း မဝတ်တော့ဘူး။ ဘော်ဒါလည်း အကုန်ကျဉ်းပစ်လိုက်ပြီကွာ ကဲ ဘာလိုသေးလဲ . . . ပြော ပြော"

"ဟင်း . . . အပြောကတော့ ချောနေတာပဲ"

"သဘောလည်း ချောပါတယ်ကွာ၊ လက်ထပ်ပြီးရင် ကောင် ဘယ်လောက် သဘောချောတယ်ဆိုတာကို တစ်ပတ်တည်း တန်းသဘောပေါက်လိမ့်မယ်"

"တော်စမ်းပါ . . . လျှာ အရိုးမရှိတိုင်း လျှောက်ပြောမနေပါ နဲ့"





ခက်ရပါပြီ။

သူ့မှာ ချစ်သူလေးယုံအောင် ဘယ်လိုပြောပြော ချစ်ရသည့် ရွှေဖုန်းကတော့ ငြိမ်းချမ်းရေးမှတ်တိုင် ထူတာတောင် အခုထိ သူ့ အပေါ် သံသယထားဆဲ၊ မယုံမကြည်ဖြစ်နေဆဲ ဖြစ်နေသေးတာ သူ တကယ် အခံရခက်လှသည်။

အင်း . . . ဒီအတိုင်းဆိုရင်တော့ ယုန်တစ်ကောင်လုံးကို မီး တင်ပြီး မျိုချပြရမလို ဖြစ်နေသည်။ အဲဒီလို မျိုချရမလိုဖြစ်သလို အခုထိ သူ့ကို မကြည်ကြည့် ကြည့်နေသည့် ချစ်သူကောင်မလေးကို မေးတစ်ချက်ဆတ်ပြီး လက်ကလေးကို တင်းတင်းဖျစ်ကာ . . .

"ကဲ ပြောပါဦး . . . ဘာတွေမကျေပွဲနိုင်ဦးမလဲ"

"မနိုင်တော့ပါဘူး"

"ဟာ . . . ဒါနဲ့ပဲ ညက မနက်မှ ဆိုင်မှာစကားပြောမယ်ဆို"

"အင်း . . . အဲဒီတုန်းကတော့ ပြောချင်သလိုရှိသား၊ အခု တော့ မပြောချင်တော့ဘူး"

"ဟားကွာ . . . ဘယ်လိုလေးလဲ၊ ခွတိုက်လိုက်တာ"

အခုချိန်မှာတော့ ရွှေဖုန်း အကြံကြီးကြံကြီး မောင်ဖြစ်သူကို ချိန်းပွဲလုပ်ထားသည့်ပွဲကို ဖျက်လို့မဖြစ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မောင်လေးကလည်း လက်ခံမှာ မဟုတ်။

အင်း ... ငါ ဒီလို ကြံလိုက်မိတာ သူ့ကိုများ စော်ကားသည် ဖြစ်သွားပြီလား။

ဟင်း ... ဘာပဲဖြစ်ဖြစ် မီးစင်ပေါ်ရောက်သွားပြီမို့ ကြည်ကျက်ပဲ လုပ်ရတော့မည် ဖြစ်သည်။

အင်း ... အခုလောက်ဆို မောင်လေးကလည်း ရွှေဖုန်း ကားဘော်ဒီမှာမှီပြီး ရွှေဖုန်းရဲ့လက်သစ်ဥဏ်တွေကို ဖျော့ဖို့ လက်သီးယားနေလောက်ပြီထင်သည်။

မောင်လေး လက်သီးယားနေပေမယ့် သူကတော့ မျက်ခွက်ယားပုံ မပေါက်ဘဲ ရွှေဖုန်း သူ့ကို တကယ်ပြုန်ကြည်သွားပြီထင်ပြီး တမြို့မြို့ပြုံးကာ ပျော်မဆုံး ပြုံးမဝနှင့် ရွှေဖုန်းကို ကြည့်နေတာကြာလာတော့ ရွှေဖုန်း လိပ်ပြာမလုံတော့။

လိပ်ပြာမလုံတော့သလို သူ့ကိုလည်း မော့မကြည့်ဝံ့တော့ဘဲ စကားကိုဖြတ်ဖို့ စကားလုံးရွေး လိုက်သည်။

အဲဒီအချိန်မှာပဲ သူက ရွှေဖုန်းကို ဘာမသိ ညာမသိ တောင်းဆိုလာသည်မှာ ရွှေဖုန်း ရင်ကို လှိုက်ဖိုတုန်ယင်သွားရလေသည်။

"ရွှေဖုန်း ... ဘာမှ ကိုယ့်ကို သံသယထားမနေပါနဲ့ကွာ





ကိုယ့်ကိုလက်ထပ်ဖို့သာ ခေါင်းညိတ်လိုက်ပါတော့နော်"

"ဟင်"

ရွှေဖုန်းကို မျက်လုံးတောက်တောက်တွေနှင့် စိုက်ကြည့်ပြီး တောင်းဆိုလာသည့်သူ့ကို ရွှေဖုန်းက တစ်ချက်တည်တည်ကြည့်ပြီး နှုတ်ခမ်းသားကို တင်းတင်းစေ့ကာ စဉ်းစဉ်းစားစား လုပ်လိုက်သည်။

ဒါကို သူက သူ့ကိုလက်ထပ်ဖို့ အတည်ပြုမယ်ထင်ပြီး အပြုံးနွေးနွေးတွေနှင့် မေးတစ်ချက်ဆတ်ပြတော့ ရွှေဖုန်း ပိုပြီး ရင်နင့်ကြေကွဲသွားရသည်။

ကျွန်မ ရှင့်ကို ဒီလိုမလုပ်သင့်ပါဘူး။ ဒါပေမဲ့ အခုတော့ မရတော့ဘူး။

"ဟင်း"

"ဟင် ... ဘာဖြစ်လို့ သက်ပြင်းကြီး ချရတာလဲကွာ၊ မင်းလာကိစ္စ ပြောနေတာကိုး"

သူ သတိပေးလာတော့မှ ရွှေဖုန်းက အမှတ်တမဲ့ သတိလစ်ပြီး သက်ပြင်းကြီး ချလိုက်မိတာကို သတိရသွားကာ သူ့ကို ခေါင်းခါပြလိုက်ရင်းက သူကျေနပ်မည့် စကားတွေကို ရွေးပြောလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ဖို့ကိစ္စက နောက်မှ သေချာစဉ်းစားတာ

နေတိုင်းရယ်"

"ဒါဆို ဘာကိစ္စ ဆွေးနွေးမလဲ"

"ဟို . . . ဘာမှ မဆွေးနွေးတော့နဲ့ဟာ၊ ပြန်ချင်ပြီ"

"အင်း . . . ဖြစ်ရပြီကွာ၊ အမျိုးမျိုး ငါ့မှာနော် ချစ်သူ

ကတည်းက ဒါလေး ဗိုလ်ကျတာကို သည်းခံနေရတာ လက်ထပ်

ရင်ရော အဲဒီလို ဂျစ်တိုက်ဦးမှာလား"

"တိုက်ဦးမှာ"

"ကောင်းတယ်"

ဆိုပြီး သဘောတကျ ရယ်မောလိုက်သည့် သူ့မျက်နှာချို

လေးကိုကြည့်ရင်း ရွှေဖုန်း ရင်ထဲမှာ တကယ်ဝမ်းနည်းသွားခဲ့ရ

ပြီဖြစ်သည်။

ဒါပေမဲ့ ရွှေဖုန်း ဝမ်းနည်းတာပဲ အဖတ်တင်ပါသည်။

❋





ရွှေဖုန်းတို့နှစ်ယောက် ရပ်ထားသည့်ကားဘေးသို့ ရောက်

သွားသည့်အချိန်မှာတော့ အတိုင်အဖောက်လုပ်ထားသည့်အတိုင်း

မောင်လေးက သူ့အရှေ့မှာ ခပ်မိုက်မိုက် ခြေနှစ်ချောင်းခွဲရပ်ကာ

. . .

"ဟော့ကောင် . . . မင်း ငါ့နှမနဲ့ တွဲစရာမလိုဘူး"

ဆိုပြီး သူ့ရင်ဘတ်က အင်္ကျီကြယ်သီးကို ပြုတ်ထွက်မတတ်

ဆောင့်ဆွဲကာ ရန်ရှာလိုက်ပြီမို့ ရွှေဖုန်းက မသိမသာလေး အနောက်

ကို လျှိုနေပေးလိုက်သည်။

အဲဒီခဏအတွင်း သူနှင့်မောင်လေး ဘယ်လိုပြဿနာဖြစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မလဲ စောင့်ကြည့်၊ မောင်လေးက သူ့ကို ဘာမပြောညာမပြောနှ
သူ့မျက်နှာကို လက်သီးနှင့် ဆင့်ကဲ ဆင့်ကဲ ထိုးချလိုက်ပါတော့သည်။

"မှတ်ထားကွ ... မိန်းမရှုပ်တဲ့ကောင်ကများ ငါ့နှမကို တ
တန်ရာရာ ရာရာစစ၊ ဒါ ပွဲဦးထွက် မင်းအတွက် သင်ခန်းစာပဲ ဟေ့
ကောင်"

"မင်း မင်း"

တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ဒီလိုစော်ကားမှုမျိုး အခေ
ကား မခံခဲ့ရဖူးသဖြင့် သူ့မျက်နှာက နာကျင်သည့်ဒဏ်ရာထက်
ရင်ထဲက ဒဏ်ရာက ပိုနက်သွားသည်။

အဲဒီနောက် သူ့ကို ဘာမပြော ညာမပြော ရန်စလာသည့်
ကောင်ကို သူကလည်း လက်သီးနှင့်ပြန်ထိုးဖို့ လက်ကိုပင်အမြှောက်
ရွှေဖုန်းက သူ့အရှေ့မှာကွယ်ရပ်ကာ အစိမ်းဆုံးစကားတွေကို ဆိုခဲ့တာ
သူ မယုံနိုင်လွန်းလို့ အံ့သြမှင်တက် မိသွားရတော့သည်။

"နေတိုင်း ... ရှင် ကျွန်မမောင်ကို လုံးဝမထိနဲ့နော်၊ ရှင်
ကျွန်မမောင်ကိုထိရင် ရှင်နဲ့ကျွန်မ ဒီထက်ပိုပြီး ပွဲပြတ်သွားမယ်မှတ်"

"ဩော် ... မင်းတို့မောင်နှမက ဒီလိုကြံထားတာလား"

သူ့မှာ လက်ကြီးလေထဲမှာဝဲပြီး ရှုံ့မဲ့ မဲ့လိုက်မိတော့သည်။





ရွှေဖုန်းကိုလည်း မယုံနိုင်သည့် မျက်လုံးစိမ်းတွေနှင့် စိုက်
ကြည့်ပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ ...

"မင်း ... မင်းဟာ အကြံပက်စက်တဲ့မိန်းမ"

"ဒါပေါ့ ... ရည်းစားများများထားချင်တဲ့ ယောကျ်ားတစ်
ယောက်ကို သင်ခန်းစာပေးရတာပေါ့"

"ရွှေဖုန်း ... မင်း ဒီလိုလုပ်တာနဲ့ ငါက နောက်ပြန်ခေါက်
မယ့်ယောကျ်ားလို့ မင်းက ယုံကြည်ထားသလား"

"ရှင် သိပ်ပွဲတောင်းမနေနဲ့နော်၊ မောင်လေးလက်သီးက
ရှင့်နှာခေါင်းထဲက သွေးကို ရဲခနဲထွက်ကျစေနိုင်တယ်"

"ဟားကွာ ... ချစ်ခဲ့မိတာ မှားပါတယ်၊ ဆလံပဲကွာ"

သူ ချာခနဲ ကျောခိုင်းလိုက်ချိန်မှာ ရွှေဖုန်းကလည်း မောင်
လေးလက်ကို ဆွဲပြီး ကားဆီသို့ ဆွဲခေါ်လာခဲ့လိုက်သည်။

အဲဒါတောင် မောင်လေးက မကျေနပ်သေးဘဲ သူ့ကို အော်
ကြီးဟစ်ကျယ် ခြိမ်းခြောက်လိုက်သေးသည်။

"ငါ့အစ်မကို မင်း နောက်တစ်ခါ အနှောင့်အယှက်ပေးလို့
ကတော့ကွာ ဒီထက်ပြင်းတဲ့ လက်သီးက မင်းရဲ့ ခိုင်နေတဲ့မေးရိုးကို
ဖြောင်းခနဲမြည်အောင် ထိုးချိုးပြမယ်မှတ် ...၊



www.burmeseclassic.com

www.burmeseclassic.com

ဘာကြီးလဲ . . . အလကားကောင်၊ ငွေ့၊ ငလေ၊ ရာရာစ ငါ့အစ်မ သန့်ရှင်းမယ်လေးများ၊ ဒီတစ်ခါတော့ သေကြောပဲမှတ်”

ဆိုသည့် မောင်လေး ကြိမ်းလိုက်တဲ့အသံကြီးက သူ့နားထဲ တော့ မပြောတတ် . . . ရွှေဖုန်းနားထဲမှာတော့ သံရည်ပူကြီး လောင်း ထည့်လိုက်သလို ပြင်းပြင်းကြီးခံစားလိုက်ရပါတော့သည်။


ထိုခံစားချက်နှင့်အတူ ‘ငါတော့မှားပြီ’ ဆိုသည့် မိုက်နောင်တ လည်း ရလိုက်သေးသည်။

ဒီအချိန်မှာ . . .

သူကတော့ ရွှေဖုန်းကို အမှုန့်ချေပစ်ချင်လောက်အောင် မုန်း သွားမှာ သေချာသွားပါသည်။

❀ ❀ ❀





အခန်း (၁၂)

“အောင်မယ်လေး အောင်မယ်လေး . . . တစ်သက်နဲ့တစ်ကိုယ် ငါ့သားလေး ဒီတစ်ခါပဲ ဒါမျိုးခံရတာ၊ ဒါ ဘယ်သူ့လက်ချက်လဲ ပြော ပြောစမ်း . . . မာမီကို အမှန်အတိုင်းပြောစမ်း”

အိမ်ပြန်ရောက်ရောက်ချင်း မာမီက သူ့ရဲ့ သပြေသီးမှည့် ရောင်ပြေးနေသည့် မျက်နှာကြီးကိုကြည့်ပြီး ရင်ဘတ်စည်တီးကာ သတိလစ်မတတ် ဖြစ်သွားတာကို ရန်လင်းက ခါးဖက်ပြီး ထိန်းလိုက် သည်။

“အန်တီ . . . အန်တီ သတိထားပါ။ နေတိုင်း တစ်ယောက် ယောက်နဲ့ ရန်ဖြစ်လာတာပါ။ ဘာမှ မပြောပလောက်ပါဘူး။ အမေ



www.burmeseclassic.com

www.burmeseclassic.com



ယံ ရှပ်ထိတာပဲ . . . ပါးပါးလေးပါ''

''ဘာ ပါးပါးလေးလဲဟဲ့ . . . ဒီလောက်မျက်နှာကြီး ညိုနေတာ၊ ဒါ ပါးပါးလေးမတဲ့လား''

တစ်သက်လုံး ရွှေပေါ်မြတင်ထားသည့် တစ်ဦးတည်းသောသားကလေးကို မသူတော်တွေ ဆုံးမလွှတ်လိုက်တာ မြင်တော့ မာမီ့မှာ ဘာမှမပြောနိုင်သေးဘဲ ရင်ဘတ်ကြီးဖိပြီး အမောဆို့သွားချိန်မှာ ဒယ်ဒီက ရုံးကပြန်ရောက်လာခဲ့ပြီ။

''ဟာ မိန်းမ . . . ဘာဖြစ်တာလဲ၊ ဟင် . . . သား သားမျက်နှာက ဘာဖြစ်တာလဲ''

''အောင်မယ်လေး . . . မပြောချင်တော့ဘူး ကိုကိုရဲ့၊ ရှင့်သား ရှင့်သားကို ဘယ်အလေမ,သားတွေက ဆုံးမလွှတ်လိုက်တာလဲ မသိဘူး၊ ကြည့်စမ်းပါဦး . . . ကျွန်မသားလေး မျက်နှာကြီးကို''

မာမီက ပြောလည်းပြော သူ့ကိုပွေ့ဖက်ပြီး မျက်ရည်တွေနှင့် သူ့မျက်နှာက ဒဏ်ရာတွေကို ကိုင်ကြည့်တော့ သူက နာနေသည့် ဒဏ်ရာကို မနာဟန်ဆောင်ပြီး ခေါင်းမော့ကာ မာမီစိတ်ချမ်းသာအောင် ပြောလိုက်ရသည်။

''ဘာမှမဖြစ်ပါဘူး မာမီရာ . . . သူငယ်ချင်းတွေနဲ့ ရန်ဖြစ်

❀ ရွှေမင်းနီစာပေ ❀



ထမ်း ကစားရင်း လက်လွန်သွားတာ''

''အဓိပ္ပာယ်မရှိတာ မင်း မပြောနဲ့၊ ဒါ ဘယ်သူနဲ့ဖြစ်တာလဲ၊ ပြတ်ပြတ်သားသားပြော၊ အခု ရဲစခန်းကို ခွပ်ခနဲ ဖုန်းကောက်ဆက်ပြီး တိုင်ချက်ဖွင့်မယ်''

''နေစမ်းပါဦး . . . မင်းကလည်း ဒေါသက အာကာသ ရောက်မနေစမ်းပါနဲ့၊ မင်းသားလည်း အသေအချာ မေးကြည့်ဦး၊ မင်းက သူများချည်း အပြစ်ဖို့မနေနဲ့၊ မင်းသား အပြင်မှာ ဘယ်လောက် ချွပ်နေမှန်းမှ မသိတာ၊ ဒါနဲ့ပဲ ဆိုင်တယ်''

ဒယ်ဒီပြောတဲ့ မှန်သောစကားတွေကို မာမီက ဆတ်ဆတ်ခါ နာသွားတာ ဒယ်ဒီ့ကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်ပြီး . . .

''ရှင် ကျွန်မသားလေးကို မဟုတ်တမ်းရမ်း မပြောနဲ့၊ ကျွန်မသားလောက် ဒီရန်ကုန်မြို့ထဲမှာ လိမ္မာတဲ့ သားလိမ္မာလေး တစ်ယောက်မှ မရှိဘူး၊ ရည်းစားဆို တစ်ယောက်မှမထားခဲ့ဖူးတာ အခု အသက်အစိတ်ပြည့်တော့မယ်''

အဲဒီစကားအရောက်မှာတော့ ရန်လင်းက ဖက်ကြီးတစ်ဖက် လိမ်ပြီး ရယ်လိုက်တာကို သူက မြင်ဖြစ်အောင် မြင်သွားပြီး သူကိုယ်တိုင်လည်း နာနေသည့်ကြားက ရယ်ချင်သွားရသည်။

❀ ရွှေမင်းနီစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်လွန်းလို့ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မျက်နှာကြ

ကို လက်ဝါးနှင့်အုပ်ကာ အခန်းထဲသို့ဝင်မလို့ လှည့်ထွက်လာသည်

အချိန်မှာ မာမီက သူနှင့်ပြဿနာဖြစ်သည့် မမြင်ရသည့်ကောင်း

သူ့ကိုယ်စား ကျိန်ဆဲလိုက်လေသည်။

"ငါ့သားလေးကို ဒုက္ခရောက်အောင်လုပ်တဲ့ အကောင် ...

တစ်နေ့ သူလည်း သူ့ကိုနိုင်တဲ့လူ ပေါ်ပါစေ၊ ဘယ်ခွေးမသားကမှ

ငါ့သားကို ဒီလိုလုပ်ရတာလဲ မသိဘူး၊ သိလို့ကတော့နော် တစ်

တည်းကို အမှုန့်ချေစက်ထဲရောက်သွားသလို အမှုန့်ချေပြလိုက်မယ်"

"ဘာမှမဖြစ်ပါဘူး မာမီရာ ... သားတို့သူငယ်ချင်းအချင်း

ချင်း ပါဆို"

ဒယ်ဒီကတော့ သူ့မပြောချင်သည့်စကားကို ဘာမှမမေး

တော့ဘဲ သူ့ကို မျက်စောင်းကြီးတခဲခဲနှင့် နောက်မှ ပြဿနာရှင်းမည်

ဆိုပြီး အံကြိတ်မျိုသိပ်ထားပုံပေါ်သည်။

အင်း ... ဒယ်ဒီက မျိုသိပ်နိုင်ခဲ့ပေမယ့် ...

သူ့မာမီကတော့ သူ့အတွက် ဒေါသတကြီးဖြစ်နေသလို

သူပြောသည့် ယုတ္တိမရှိတဲ့ စကားတွေကိုလည်း "မယုံဘူး၊ မယုံဘူး"

ဆိုပြီး မြည်တမ်းလျက် သူ့အနောက်ကနေ သူ့မျက်နှာကို ဆေးလိမ်း





ခဲ့ လိုက်လာခဲ့သည်။

ဒီအချိန်မှာ ...

ရန်လင်းကတော့ အံ့သြစရာကောင်းလောက်အောင် ငြိမ်

သက်နေခဲ့တာ သူ မယုံနိုင်အောင် ဖြစ်သွားရတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့မှာ အပြစ်လုပ်ထားသည့် မောင်နှမနှစ်ယောက်သည် အိမ်ရဲ့ထုံးစံအတိုင်း ကိုယ့်အပြစ် ကိုယ်ဝန်ခံဖို့ မဝံ့မရဲဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နှာခေါင်းပြိုင်တူ ရှုံ့လိုက်မိကြသည်။

ဒီအချိန်နှင့် တစ်ပြိုင်နက် မောင်လေးက . . .

"မကြီး . . . နင် လုပ်နိုင်းလို့ ငါလူတစ်ယောက်ကို အလကား သက်သက် လက်သီးကျွေးတာနော်၊ ငါ လူရမ်းကား မဟုတ်ဘူး"

"အံမယ် . . . တကယ် ကျူးလွန်တာက နင်၊ ငါက အပြစ် လွှတ်တယ်"





"လွှတ်မလား မကြီး၊ နင် မတရားမပြောနဲ့နော်၊ ဟင်း . . . နင်ပဲ နင့်ကောင်ကို နင်ဆုံးမချင်တာ၊ နင့်ဘာသာ ဆုံးမပါလား၊ ငါ့ကို ဆွဲလွဲထည့်ရအောင်၊ နင့်ဘာသာပဲ မေမေတို့ကို အပြစ်ဝန်ခံ"

"မခံပါဘူး နင်ခံ"

"ငါလည်း မခံဘူး"

"ဒါဆိုလည်း မသိသလို နေလိုက်တာပေါ့ဟာ၊ ဘာဆန်း သလဲ . . . နော် မောင်လေး"

"ဟဲ့ ဒီမောင်နှမ . . . နင်ခံ ငါမခံဘူး လုပ်နေတာလဲ၊ ကဲ ပြောကြစမ်း . . . မျက်နှာတွေက မလုံမလဲနဲ့ မျက်လွှာကိုယ်စီ ချမထား ကြနဲ့၊ ကဲ ပြောကြ . . . ဘာတွေ အပြစ်လုပ်ထားပြီလဲ"

"ဟင်"

မေမေနဲ့တွေ့ရင် ဟန်မဆောင်တတ်သည့် သူမနှင့်မောင် လေးက ခေါင်းလေးငုံ့ကုပ်ပြီး မောင်လေးက အတန်ကြာ ငြိမ်နေပြီးမှ မေမေ့ကို ရဲရဲဝံ့ဝံ့မော့ကြည့်ကာ ဝန်ခံလိုက်ပါသည်။

"မေမေ . . . သား ဒီနေ့ မကြီးကို လိုက်နေတဲ့လူကို လက်သီး နဲ့ထိုးထည့်လိုက်တယ်"

"ဟဲ့ . . . ဘာစကားတွေလဲ၊ လူကြီးရှေ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့ပါ မေမေ၊ အဲဒီကောင်က မကြိုးနောက်
တကောက်ကောက် လိုက်ကြိုက်နေလို့"

မေမေ့မျက်လုံးက ရွှေဖုန်းမျက်နှာပေါ် ဝဲခနဲကျလာချိန်
ရွှေဖုန်းကလည်း ဝန်ခံဖို့ မခက်မခဲ ဖြစ်သွားတော့သည်။

"ဟုတ်တယ် မေမေ ... အဲဒီကောင်လေးက ရွှေဖုန်း ဘယ်
လိုတားတား အနောက်ကနေ မပြတ်လိုက်နေလို့ အဲဒါ မောင်လေး
ဘောဝင်တီးခိုင်းလိုက်တာ၊ ရွှေဖုန်းတို့မောင်နှမ အပြစ်လုပ်မိပါတယ်"

အိမ်ရဲ့ထုံးစံအရ သူတစ်ပါးအပေါ် အပြစ်တစ်ခု လုပ်မိ
ဆိုရင် ငယ်ငယ်ကတည်းက မိဘနှစ်ပါးရှေ့မှာ ပြန်ပြီး ဝန်ခံပြော
တတ်သည်က ဒီကနေ့မှတော့ ပြောရသည့်ပြဿနာက ရွှေဖုန်းမျက်နှာ
ကို ပူထူခဲ့ရသလို ရင်တွေလည်း တထိတ်ထိတ် ခုန်စေကာ ချွေးပြန်
ခဲ့ရသည်။

ချွေးပြန်ဆို မေမေပြောလာမည့်စကားကို တင်ကြိုသိနေ
လို့ ဖြစ်သည်။

ထင်သည့်အတိုင်းပင် မေမေက ရင်ဘတ်ကြီးကို လက်နှ
ဖက်နှင့်ဖိပြီး ...

"ဟယ် ... နင်တို့ ဒီလိုအင်အားနဲ့ အနိုင်ကျင့်တာ ကောင်း





သလား၊ သူ့ဘာသာ အနောက်က တကောက်ကောက်လိုက်တော့
သည်း နင်တို့က ပါးစပ်က ပြောထုတ်ပါလား"

"ပြောတာပဲ ... ရမှမရတာ"

"ငါ့ကို ဆင်ခြေမပေးနဲ့ မိရွှေဖုန်း၊ ညည်းဟာလေ နေတော့
အေးသလို တည်သလိုနဲ့ သူများကို အမြဲတမ်း တစ်ကွက်ကြောလုပ်
တယ်၊ လုပ်ပြီးရင် ညည်းမဟုတ်တဲ့စတိုင်လ်လာခင်းပြီး၊ အခုလည်း
ကိုယ့်မောင်လေးကို တခြားယောကျ်ားလေးနဲ့ ရန်ဖြစ်စေတာ၊ ဟင်
... ငါ့သားက ကြားထဲက အသက်အန္တရာယ် ဖြစ်မယ့်ကိန်း"

"ဟာ မေမေကလည်း ... ဟိုတစ်ဖက်ကကောင်က ဒီ
လောက် သတ္တိမကောင်းပါဘူး"

"ညည်းတို့ကသာ မိကောင်းဖခင်သားသမီးပီပီ သတ္တိကောင်း
တာပေါ့ ... ဟုတ်လား၊ သူရဲကောင်းမကြီးတွေပေါ့ ... ဟုတ်လား"

အင်း ... မေမေပြောလာတော့လည်း ခေါင်းငုံ့ခံလိုက်ရုံပဲ
ပေါ့။

အခုလောက်ဆို မေမေက ရွှေဖုန်းတို့ကို ဆူနေသလို သူ့
အမေကလည်း သူခံလာရတာကို ဒေါသမောင်းထပြီး ကဆုန်ပေါက်
လောက်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ ပြန်စဉ်းစားကြည့်တော့လည်း ရွှေဖုန်းလုပ်ရပ်ဟာ သူ့အပေါ် အတော့်ကို ရိုင်းပျသွားတာဖြစ်သည်။

အခုလို ရိုင်းပျခဲ့တာတွေကိုတော့ ဒီတစ်ခါတော့ သူ ရွှေဖုန်းကို ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ်တော့သလို ရွှေဖုန်းကလည်း သူ့ကို မျက်နှာမပြရဲအောင် လိပ်ပြာမလုံ ဖြစ်သွားရပြီ ဖြစ်သည်။

အဲဒီလို ရွှေဖုန်းရင်ထဲမှာ လိပ်ပြာမလုံ ခံစားနေရသည့် အချိန်မှာပဲ မေမေက မျက်နှာတည်ကြီးနှင့် ပြောလာခဲ့သည်မှာ . . .

''ညည်းထွင်တဲ့ ပြဿနာ၊ အဲဒီတော့ ညည်း အဲဒီကောင်လေးနဲ့ ကောင်လေးမိဘတွေကို ကျေနပ်အောင် တောင်းပန်ရမယ်''

''ဟာ . . . ရွှေဖုန်း . . .''

''မငြင်းနဲ့ ရွှေဖုန်း . . . သားငယ်ပါ တောင်းပန်ရမယ်၊ အခု မေမေ့ရှေ့မှာ အဲဒီကောင်လေးကို ဖုန်းဆက်ပြီး တောင်းပန်ကြ''

''ဟာ . . . မေမေကလည်း''

''မိရွှေဖုန်း . . . ညည်းတို့က မိကောင်းဖခင်သားသမီးတွေနော်''

''ဟုတ်ပါတယ် . . . ဒါပေမဲ့''

''ဒါပေမဲ့တွေ, ဘာတွေ ငါမလိုချင်ဘူး၊ အခုဆက် . . . အခု





ဖုန်းဆက်ပြီး တောင်းပန်လိုက်''

''ဟား''

ရွှေဖုန်း အခုမှပဲ ကိုယ့်ပြဿနာ ကိုယ်ဝယ်ယူလိုက်သလို ဖြစ်သွားရပြီဖြစ်သည်။

ဒီအချိန်မှာ . . .

မောင်လေးကတော့ ခေါင်းကလေးကုတ်လိုက်၊ မျက်လုံးလေး ထောင့်ကပ်ပြီး သူမကို ခိုးကြည့်လိုက်နှင့် သူမထက်စာရင် သူက အနေသာကြီး ဖြစ်သွားရသည်။

သူမမှာသာ မရှုနိုင် မကယ်နိုင်ဖြစ်ပြီး သူ့ဆီသို့ အခုချက်ချင်းပဲ ဖုန်းဆက်လိုက်ရပါသည်။

အင်း . . . မေမေက တောင်းပန်တာကို ကြည့်ချင်တယ်ဆိုတော့လည်း တောင်းပန်ပေးလိုက်တာ ဘာဆန်းသလဲကွယ်။

ဒါပေမဲ့ . . .

ကိုယ့်ဘက်က အများဆုံးအပြစ်လုပ်ထားတော့လည်း ရွှေဖုန်းမျက်နှာတစ်ခုလုံး ထူပူကျိန်းမြမြကြီး ခံစားရကာ သူဖုန်းကိုင်ပြီး ''ဟယ်လို'' အသံပြုလာတာကို ရင်ခုန်ထိတ်လန့်စွာ အသက်အောင့်နားထောင်နေလိုက်မသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ စိတ်မကောင်းသည့် ခံစားချက်အသံသွင်ကာ . . .

"နေတိုင်းလား . . . ကျွန်မပါ"

"ဟင် . . . မင်း"

တစ်ဖက်မှ နေတိုင်းအသံက လေပြင်းပြင်းတိုက်ခတ်လိုက်သလို ရွှေဖုန်းနားထဲ ပြေးရိုက်သွားချိန်တွင် ရွှေဖုန်းက အသံကိုနှိမ့်ပြီး . . .

"မှားခဲ့တဲ့ ကျွန်မရဲ့အမှားကို တောင်းပန်ပါတယ်၊ အိမ်က မိဘတွေကလည်း အရမ်းစိတ်မကောင်းဖြစ်သွားတယ်၊ နေတိုင်း . . . ကျွန်မ ရှင့်ကို အနူးအညွတ် တောင်းပန်ပါတယ်"

"ဒီမှာ မောင်လေးကလည်း ရှင့်ကို တောင်းပန်မလို့တဲ့"

သူ့စကားပြန်ကို မစောင့်တော့ဘဲ မောင်လေးလက်ထဲကို ဖုန်းကလေး ထည့်ပေးလိုက်တာကို မေမေက မျက်စောင်းကြီးခဲပြီး မကြည်ကြည့် ကြည့်ပေမယ့် မောင်လေးကတော့ ခပ်သာသာပဲ သူမနည်းတူ သူ့ကို စကားပြောခွင့်မပေးဘဲ . . .

"ဟယ်လို ကိုကြီး . . . ကျွန်တော် ကိုကြီးကို လက်သီးနဲ့ထိုးခဲ့မိတဲ့အတွက် မကြီးလိုပဲ အနူးအညွတ် တောင်းပန်ပါတယ်နော်





မကြီးကို ခွင့်လွှတ်ပေးနည်း ကျွန်တော့်ကိုလည်း ခွင့်လွှတ်ပါ . . . နော် ကိုကြီး"

ဆိုပြီး တစ်ဖက်စကားကို မစောင့်ဘဲ ကိုယ့်သဘောနဲ့ကိုယ် ဖုန်းပိတ်လိုက်တဲ့ မောင်လေးကို မေမေကလည်း မကြည်ပေမယ့် ကျိတ်မျိုချလိုက်တာ သူမစိတ်ထဲက သဘောကျစွာ ရယ်ချင်သွားရသည်။

သို့သော် . . .

သူမ အပြင်ပန်းမှာ မရယ်ဖြစ်ခဲ့ဘဲ မေမေ့အရှေ့ကနေ မျက်နှာသေလေးနှင့် လှည့်ထွက်လာခဲ့သည်။

❁ ❁ ❁





www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

ဒီရက်အတွင်းမှာ ရွှေဖုန်းရင်ထဲမှာ သူကပဲနေရာဝင်ယူနေခဲ့လေသည်။

အိပ်လည်း သူ၊ စားလည်း သူ၊

ရေချိုးလည်း သူ့အကြောင်းပဲ တွေးပြီး ကိုယ်ပြုခဲ့သည့်ကိစ္စအတွက် ကိုယ့်ဘာသာကိုယ် စိတ်မကောင်းဖြစ်နေခဲ့မိပေမယ့် ဒီကိစ္စ လုပ်လိုက်တာကို အပျော်ကြီးပျော်ပြီး ကျေနပ်သွားသူကတော့ ဂူးပင် ဖြစ်သည်။

ဂူး ဘယ်လောက်အထိ ပျော်ရွှင်ကျေနပ်သွားသလဲဆိုရင် လက်ခုပ်လက်ဝါးတီးပြီး ရွှေဖုန်းကို ကောင်းချီးပေးခဲ့တာ ဖြစ်သည်။





''ကောင်းတယ် ကောင်းတယ် ... ဒါမှ ဒီကောင် နင့်ကို သနိတွက်သွားမှာ၊ ဟား ဟား ... တော်တယ် တော်တယ် မယ်ကိုန်း''

ဆိုပြီး သဘောအကျကြီးကျသွားသည့် ဂူးကို ရွှေဖုန်း ဘာမှ မပြောမိတော့ဘဲ အဲဒီနေ့တစ်နေ့လုံး သူ့အတွက် စိတ်မကောင်းကြီးစွာ ခံစားချက် ပြည့်သွားရသည်။

ခံစားချက်ရီရီတွေက ရွှေဖုန်းမျက်နှာမှာ ရီတွေတွေကြီး အသက်ဝင်သွားကာ အိမ်ပြန်ရောက်တော့ သူ့ကိုပဲ ရင်ထဲမှာ စိုးရိမ်စိတ်တွေ ဖြစ်နေခဲ့မိကာ ဒီကနေ့ညမှာပဲ သူ့ဆီကို ဖုန်းဆက်ဖို့ ရွှေဖုန်းစိတ်ကို ဒုံးဒုံးချပစ်လိုက်တော့သည်။

အင်း ... သူကတော့ ...

ရွှေဖုန်းလက်ချက်နှင့် ခံခဲ့ရသူမို့ ရွှေဖုန်းကို အစာမကြေရင်ပြည့်ရင်ကယ်ဖြစ်နေမှာ သေချာသည်။

သူ့ ရင်ကယ်တော့လည်း ရွှေဖုန်းက ခပ်နော့နော့လေး လေချိုသွေးပေးရမှာပေါ့လေ။

အင်း ... ဘာလိုလိုနှင့် ရွှေဖုန်းတောင် သူ့ကို ပြန်လည်ပြီး လက်ခံလိုက်မိသည့်မိန်းမ ဖြစ်သွားရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု သူ့ဆီ ဖုန်းဆက်လိုက်တော့ သူကပိုပြီး မှုကောင်းမလားပဲ။ ဒါမှမဟုတ် ရွှေဖုန်းကို ဘယ်လိုပဲ တိုက်စစ်ဆင်မလဲ မသိ။

ရွှေဖုန်းကတော့ သူ့ကို ဖုန်းဆက်မိပြီးပြီးမို့ ရင်တထိတ်ထိတ်နဲ့ပဲ သူ့အသံကို နားစွင့်ထားမိသည်။

အဲဒီအချိန်မှာပဲ . . .

"ဟယ်လို ရွှေဖုန်း"

ဆိုပြီး ခပ်ထန်ထန်အသံဖြင့် ပြောလာသည့် သူ့အသံက ရွှေဖုန်းရဲ့ ခုန်နေတဲ့နှလုံးသားကို ခပ်ကြမ်းကြမ်း ဆောင့်ခုန်သွားရလေသည်။

တစ်အောင့်ကြာတဲ့အထိ ဘာစကားမှ မပြောမိသေးဘဲ ငြိမ်နေပြီးမှ . . .

"နေတိုင်း . . . ရှင် နေကောင်းပြီလားဟင်"

"နေကောင်းရင် ထပ်နှိပ်စက်ဦးမလို့လား"

"ရှင်ကလည်း . . . ကျွန်မက အကောင်းသတင်းမေးတာကို"

"တော်စမ်းပါကွာ . . . ရုပ်ကလေးချောသလောက် စိတ်ဓာတ်ပုပ်တဲ့မိန်းမ"





သူ ဒေါသထွက် ပေါက်ကွဲနေတာကို ရွှေဖုန်းက ရယ်ချင်မိသလို နှုတ်ခမ်းကို ဖိကိုက်လိုက်ရသည်။

အဲဒီအချိန်မှာ သူ့ရဲ့ ရှူးရှူးရှားရှားအသံကြီးက နားစည်ထဲကို အလုံးလိုက် ဆောင့်ဝင်လာခဲ့ပြန်သည်။

"မိန်းမတွေ မိန်းမတွေ . . . အတော့်ကို ညာတ်များတာ၊ ဒါကြောင့် စကားပုံရှိတာ မိန်းမကြံ ကြံတယ်ဆိုတာ"

"ရှင်နော် . . . ရန် စွတ်တွေ့မနေနဲ့၊ ကျွန်မက ယတိပြတ် ဖြတ်ပစ်လိုက်လို့ ဘာမှတ်နေလဲ"

"အောင်မယ် . . . လာလာချည်သေးတယ်၊ ခံရတဲ့ ငါကပဲ ခင်းကို ဦးကုန်းချရမယ့်စတိုင်လ်"

"အဟင်း ဟင်း"

"မရယ်ပါနဲ့"

"ဟောတော် . . . တောင်းပန်ထားတာတောင် မကျေသေးဘူးလား"

"မကျေဘူး"

"ဟယ် . . . ဒုက္ခပါပဲနော်၊ ကျွန်မကနော် ရှင့်ကိုသနားလို့ ပြန်ကြည့်တာ၊ ရှင့်မှာ ကြည့်စရာတစ်ကွက်မှ မရှိဘူး၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



သူများပြောတာကို နားနဲ့ဆတ်ဆတ် ကြားခဲ့ရတော့ ဒီလောက်တော့ စိတ်ဆိုးသင့်တာပေါ့"

"စိတ်ဆိုးတာနဲ့ ကိုယ့်ကို ပါးရိုက်စရာလား၊ မင်းမောင်ကို လက်သီးနဲ့ ထိုးနိုင်းစရာလား"

"တော်ပြီရှင် ... ဘာမှမပြောတော့ဘူး"

"နေပါဦး ... မင်းက အလံဖြူတင်တာလား"

တစ်ဖက်မှ သူ့အသံက အနည်းငယ် ကြည်သွားသလိုဖြစ်ပြီး မေးလာသည့် စကားကလည်း အေးအေးလေးမို့ ရွှေဖုန်းက နှာခေါင်း ရှုံ့လိုက်မိပြီး တစ်ယောက်တည်း ပွစိ ပွစိ ရေရွတ်လိုက်မိသည်။

"သေချင်းဆိုးလေး ... သူကပဲ စိတ်ဆိုးရတယ်ရှိသေး"

"ဟမ် ... မင်း ဘာပြောလိုက်တယ်"

"ဘာမှမပြောဘူး"

"အေး ... မနက်ဖြန် အိမ်ကိုလာခဲ့၊ ကိုယ် အခုထိ မင်းပေး တဲ့လက်ဆောင်က မပျောက်သေးဘူး၊ ကိုယ့်ကို တကယ် ရင်ဘတ်ထဲ ထည့်လိုက်ပြီဆို၊ မနက်ဖြန်လာခဲ့"

"မလာပါဘူး၊ ရှင့်ကို ရင်ဘတ်ထဲလည်း အစစ်အမှန် မထည့် ဘူး၊ ရှင်က ရင်ဘတ်အတုနဲ့ပဲ တန်တာ"





"ဘာနဲ့တန်တန်ကွာ ... မင်းအကြောင်းမပါဘူး"

"ဒါဆိုလည်း ပြီးတယ်နော်၊ အေး ... နောက်မှ နောင်တမရ နဲ့"

"ဟာ ရွှေဖုန်း ... မင်း"

"ဘာမှ မပြောတော့နဲ့ ... ရှင့်အသံကို မကြားချင်ဘူး"


ဒီတစ်ခါတော့ ရွှေဖုန်းကပဲ သူ့ကို အနိုင်ပိုင်းပြီး ဖုန်းပိတ် ပစ်လိုက်ပါတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်မထားသည့် ညှေ့သည်ချစ်သူလေး ရောက်လာခဲ့တော့လည်း သူက ပိုပြီး အမူပိုပြမိတော့သည်။

ချစ်သူလေးက သူ့မျက်နှာက အခုထိ အညိုအမည်း နည်းနည်းကျန်နေသည့် ဒဏ်ရာလေးကိုကြည့်ပြီး သူမရင်ဘတ်ကိုဖိကာ သူ့မျက်နှာကို အသနားပိုသည့်မျက်လုံးတွေနှင့် ကြည့်ပြီး ...

"ကျွန်မ စိတ်မကောင်းလိုက်တာဟယ်၊ ရှင် ဒီလောက်အထိ ဖြစ်သွားလိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ကျွန်မ ရှင့်ကို အနူးအညွတ် တောင်းပန်ပါတယ်နော် နေတိုး။ ရှင် ကျွန်မကို ခွင့်လွှတ်ပေးနော်"

ရွှေဖုန်းက သူ့ရင်ဘတ်နှင့် မျက်နှာလေးကို မအပ်တအပ်





ပြီး သူ့ကို အသနားခံလိုက်တော့ သူက မူအင့်အင့်အိုက်တင်ကြီးနှင့် အသည်းထဲမှာ ကျိတ်အခံရခက်နေရသည်။

အခံရခက်သလို အသည်းလည်းယားကာ သူမကို ခါးကနေ တင်းတင်းဆွဲဖက်ပစ်ချင်ပြီး ကိုင်ဆောင့်ပစ်ချင်သည့်ဆန္ဒတွေကို မျိုချကာ မျက်နှာကြီးကို တစ်ဖက်လှည့်ပစ်ရင်း ...

"တော်စမ်းပါကွာ ... အပိုတွေ၊ အခုမှ ဟပ်ဖွိုင်လာလုပ်နေနဲ့ ကိုယ်ကတော့ မင်းကို တစ်သက်မကျေဘူး၊ အေး ... မပြတ်လို့ လက်ထပ်ချင် လက်ထပ်မယ်၊ ဒီလို ဆုံးမခံရတာကိုတော့ ခေါင်းမွေးမီးလောင်တဲ့အထိ မှတ်သွားမှာပဲ"

"ဟင် ... ဒါဆို ကျွန်မကို နေတိုးက ခွင့်မလွှတ်ဘူးပေါ့နော်"

အသံတုန်တုန်ယင်ယင်လေးနှင့် တမင် Mood သွင်းပြောလိုက်သည့် သူမရဲ့အမူအရာပိုပိုကို သူက မနှစ်မြို့စွာ နှုတ်ခမ်းကိုက်ပြီး စိုက်ကြည့်ရင်း မူအိုက်တင်ကြီးနှင့် လက်ပိုက်မျက်နှာလွှဲလိုက်သည်။

သူ အဲဒီလို မျက်နှာလွှဲလိုက်တာကို ပိုပြီးကြေကွဲသွားပုံလေးဖြင့် သူ့ပခုံးတစ်ဖက်ကို ခေါင်းကလေးပစ်မှီချရင်း ...

"ဟင် နေတိုး ... ကျွန်မကို ခွင့်မလွှတ်ဘူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်ရင် ဒဏ်ရာပိုနက်သွားမှာပေါ့"

"ဒါဆိုလည်း ကျွန်မ ရှင့်ကို မတောင်းပန်တော့ဘူး ပြန်တော့မယ်"

ပြောပြောဆိုဆို သူမက ခေါင်းကလေးကို ဆတ်ခနဲ မတ်ပြီး ထရပ်လိုက်တော့ သူက ဖတ်ခနဲ သူမလက်ကို ဆွဲကာ ...

"ပြန်ထိုင်"

ဆိုပြီး ခပ်ဆောင့်ဆောင့် ဆွဲချလိုက်တဲ့အချိန်မှာ သူမကိုယ်လုံးလေးက သူ့ပေါင်ပေါ်သို့ စွတ်ခနဲ ပြုတ်ကျပြီး သူ့ပေါင်ပေါ် ထိုင်မိလျက်သား ဖြစ်သွားရသည်။

ဒါကို သူ မိန့်ခနဲ ကြည်နူးရင်ခုန်သွားချိန်မှာပဲ ဧည့်ခန်းအပေါက်ဘက်ဆီက အသံတစ်ခုက သူနှင့်ရွှေဖုန်းကို ဘယ်လိုမှ ရင်ခုန်ခွင့် မရောက်အောင် ပျက်ပြယ်သွားရလေတော့သည်။

"ဟာ ဟာ ... အဲဒီလို မလုပ်ကြပါနဲ့ကွာ၊ လန့်တယ်"

ဆိုသည့် ရန်လင်း အသံပြကြီးက သူနှင့် ရွှေဖုန်းကို ဘယ်လို ဘယ်လို ကိုယ်လုံးချင်း ခွာမိမှန်းမသိ ခွာမိပြီးသား ဖြစ်သွားရလေသည်။

ကိုယ်လုံးချင်း ခွာလိုက်မိသလို ရန်လင်းကိုလည်း ငြိုငြင်စွာ





ကြည့်လိုက်မိကြသည်။

"ရန်လင်း"

"ဟုတ်ပါ့ဗျာ"

"ညီလေး"

"ဘာညီလေးလဲ၊ လာပြီး နှုတ်မပိတ်နဲ့ ... မရဘူး၊ တကယ်လို့ နှုတ်ပိတ်ချင်ရင် အင်း ... GSM တစ်လုံး ဝယ်ပေး"

"အေးကွာ အေး ... ပေးမယ်ကွာ၊ မင်းသွားရင်း ပြီးတယ်၊ ဒယ်ဒီတို့ မာမီတို့ကို ဒီအကြောင်းတွေ လုံးဝ ပြန်မပြောရဘူးနော်"

"မပြောပါဘူး ... ဒါပေမဲ့ ရွှေဖုန်းမိုမိုကိုတော့ အန်တီက သူ့သားကို လက်စွာစွာ တီးလိုက်တဲ့သူမှန်းသိရင် လုံးဝလက်သင့်ခံမှာ မဟုတ်ဘူး၊ အဲဒါတော့ ရွှေဖုန်းမိုမို သိစေချင်တယ်"

"ဟင်"

ရန်လင်း အခန်းထဲကနေ လှည့်ထွက်သွားတာကို ရွှေဖုန်းက မကြည့်မသာမျက်နှာပေးနှင့် စိုက်ကြည့်ပြီး သူ့ဘက်ကို မျက်နှာငယ်လေးနှင့် လှည့်မေးလာခဲ့သည်။

"အန်တီက ကျွန်မကြောင့် ရှင် အခုလို ဖြစ်ရတယ်ဆိုတာ သိရင် ကျွန်မကို လက်သင့်ခံမှာတောင် မဟုတ်ဘူးနော် နေ့ဇော်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့"

သူက မျက်စချီပြီး ရွှေဖုန်းကိုပြောလိုက်တော့ ရွှေဖုန်းက နှုတ်ခမ်းတစ်ဖက်မဲ့ပြီး မျက်စိမှိတ်ချလိုက်ကာ ...

"အင်း ... ရှင်ကရောဟင်"

"ကိုယ်လည်း အတူတူပဲ"

"ဟင် ... ဒုက္ခပါပဲဟယ်၊ ဒါဆို ရှင့်ကို ကျွန်မ ဘယ်လို တောင်းပန်မှ ရှင်က ကျေနပ်ခွင့်လွှတ်မှာလဲဟင်"

"ဦးကုန်းချ"

သူ စိတ်ပေါက်ပေါက်နှင့် အော်ပြောလိုက်တော့ သူမက ခစ်ခနဲရယ်ပြီး ပခုံးလေးကို အသာကျုံ့ကာ ...

"ဒါဆို ခေါင်းတုံး တုံး"

"ဟာ ... တကယ်ပြောတာနော်၊ နောက်တာမဟုတ်ဘူး"

"နေတိုင်းကလည်းနော် ... တခြားနည်းလေး နည်းနည်း တွေးပါဦး၊ ဦးကုန်းချ ဆိုတာကြီးက High and Low ဖြစ်လွန်းတယ် နည်းနည်းနိမ့်တိမ့်တိမ့်လေး လုပ်ဟယ်"

သူမက ဈေးဆစ်နေသေးတာမို့ သူက နှာခေါင်းကြီး ရှုံ့မဲ့ ရှုံ့မဲ့ လုပ်မိပြီး သူမခါးကို တင်းတင်းဆွဲဖက်ပစ်လိုက်ကာ သူမမျက်နှာ





နှင့် သူ့မျက်နှာကြီးကို အနီးဆုံးထိမတတ် ပူးယှက်အပ်ပစ်လိုက်တော့ သူမက ရင်ခုန်ထိတ်လန့်သွားပုံဖြင့် "အား" ခနဲ အော်ပစ်လိုက်တာ သူ မနည်းအချိန်မီ ဘရိတ်အုပ်လိုက်ရသည်။

"ဟာ ဟာ ... ဘာလို့အော်တာလဲ"

"ဘာ ... ဘာလုပ်တာလဲ လူကို"

"ဟွန်း ... ကွာ၊ ကျွတ် ကဲ ... မင်း ငါ ကျေနပ်ခွင့်လွှတ် ပေးတာကို လိုချင်တယ်ဆိုရင်"

သူကပြောရင်းနှင့် လူဆိုးဗိုလ်ရုပ်ပေါက်အောင် မျက်အိမ် ကျဉ်းပစ်လိုက်ပြီး သွားတစ်ချက် စုတ်လိုက်သေးသည်။

ဒီပုံစံမှာ သူမ အသည်းယားအောင် လုပ်နေသည့်ပုံစံ ဖြစ်တာမို့ သူမက နှုတ်ခမ်းကို လျှာတစ်ချက်သတ်ပြီး သူ့ပခုံးကြီးကို လက်ဝါးကလေးနှင့် 'ဖြန်း'ခနဲ ပိတ်ရိုက်ပြီး ...

"ပြောမှာဖြင့်ပြောဟာ ... အိုက်တင်ကလည်း သွင်းလိုက်ရတာ၊ သူလည်း ဘယ်သူမှမချစ်ဘဲနဲ့"

"မချစ်လို့ အောက်ကျနောက်ကျ လာတောင်းပန်တာနော်၊ သူ့ကို ဘယ်သူ့မှ မခေါ်ဘဲနဲ့"

"ရှင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ရှင်လို့ကို ပါးတစ်ဖက်ကို မွှေးမွှေးပေးနိုင်ဦးမှာ ကဲ ... မွှေးမွှေးပေးရင် အရာအားလုံး ပြည်ဖုံးကားချပစ်လိုက်ပြီး ကိုယ့်တက်က မင်းကို အပြစ်ဆို ဘာမှမတင်တော့ဘူး အရှင်းအလင်း ခွင့်လွှတ်တယ်"

"ဟာ ... ဒါကြီးတော့"

ရွှေဖုန်း အနောက်ကို ဆတ်ခနဲတွန့်သွားတာကို သူက ဆွဲဖက်ပြီး ပါးတစ်ဖက်ကို အဆစ်ဖူးပေးလိုက်ပြန်ရာ သူမက ရှက်အားပိုစွာဖြင့် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ခြေနှစ်ဖက်ဆောင့်ကာ ...

"ရှင်နော် ... မဟုတ်တာ မပြောနဲ့"

"ရှည်တယ်ကွာ ... မင်း မပေးရင် ငါပေးမယ်ဟေ့"

"ဟာ ... ဟေ့ကောင်လေး"

ရွှေဖုန်း သူ့ကို ဘယ်လိုပဲငြင်းငြင်း ရွှေဖုန်း နှုတ်ခမ်းလေးတွေဟာ တိခနဲ ပိတ်ကျသွားရပါပြီ။

ဒီအချိန်မှာ ရွှေဖုန်း သူ့ကိုယ်လုံးကြီးကို ယောင်ယမ်းပြီး ခပ်တင်းတင်းကြီး သိမ်းဖက်လိုက်မိသည်လား မသိအောင် ရွှေဖုန်း သူ့ရဲ့အင်အားကြီးတဲ့ ချစ်ခြင်းမှာ ရင်ခုန်ပျော်ဝင်သွားခဲ့ရတာဖြစ်မည်။

❀ ❀ ❀





## အခန်း (၁၄)

ရန်လင်း ဘယ်လောက်အထိ အနှောင့်အယှက်ပေးခဲ့ ပေးခဲ့ အချစ်စစ်အချစ်မှန်နှင့် ချစ်ခဲ့သည့် ချစ်သူနှစ်ယောက်ကတော့ ပြန်ပြီး ကြည်သွားခဲ့ရပြီဖြစ်သည်။

ဒီလို နေတိုင်းတို့ချစ်သူနှစ်ယောက် ပြန်ကြည်သွားတာကို သူ ဝမ်းသာသလို၊ ဝမ်းနည်းသလိုကြီး ခံစားခဲ့ရသည်။

အင်း ... ဝမ်းနည်းခဲ့ရတယ် ဆိုတာကတော့ သူ့ကျေးဇူးရှင်ကို ပြစ်မှားမိသလို ဖြစ်သွားတာမို့ပါ။

ဒီကိစ္စက သူ့ကို နောက်ကျောမလုံဖြစ်ကာ သူတစ်ယောက်တည်း နေတိုင်းကွယ်ရာမှာ စိတ်မကောင်းကြီးစွာ တောင်းပန်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

“ငါ့ကိုခွင့်လွှတ်ပါ နေတိုင်းရာ၊ ငါ့ရဲ့မနာလိုစိတ်ကြောင့် မင်းတို့ချစ်သူနှစ်ဦး အကြီးမားဆုံး ပြဿနာဖြစ်ခဲ့ရတာအတွက် ငါ တကယ် စိတ်မကောင်းပါဘူးကွာ ...၊

ဒါပေမဲ့ အခု မင်းတို့ချစ်သူနှစ်ယောက် ပြန်နားလည်သွားကြပြီဆိုတော့ ငါ အတိုင်းထက်အလွန် ဝမ်းသာပါတယ်၊ ငါ ဝမ်းသာပါတယ်ကွာ”

ရင်ထဲကပဲ အကြိမ်ကြိမ် မှားခဲ့မိတဲ့အပြစ်တွေကို သူ ဝန်ချတောင်းပန်ပြီး နေတိုင်းတို့ချစ်သူနှစ်ယောက် ချစ်ပန်းပွင့်လန်းသွားတာကို တွေးမြင်ယောင်ရင်း သူ့ရင်ထဲမှာ အရှင်းအလင်း ပကာတိဖြူစင်သန့်ရှင်းစိတ် မွေးလိုက်သည်။

ဒီအချိန်မှာ နေတိုင်းတို့ ချစ်သူနှစ်ယောက်ကတော့ ကွဲကွာသွားသည့်အချိန်တွေအတွက် အမြန်ဆုံး လက်ထပ်ဖို့အရေးကို အင်းယားကန်က ခုံတန်းကလေးမှာ တစ်ယောက်ကိုတစ်ယောက် ခပ်တင်းတင်းဖက်ပြီး ဆွေးနွေးပွဲ ဝင်လိုက်ကြပါတော့သည်။

“ကိုယ်တို့ လက်ထပ်ဖို့ကိစ္စကို လူကြီးတွေကို ဖွင့်တိုင်ပင်တော့မယ်၊ အဲဒါ ကိုယ်စီစဉ်တာကို ရွှေဖုန်း အေးအေးဆေးဆေး





သက်ခံရမယ်နော်”

ရွှေဖုန်းက နေတိုင်းရင်ဘတ်ကျယ်ကြီးမှာ ခေါင်းကလေးမှီချပြီး ရင်ထဲက သံသယတွေက ချစ်သူရဲ့ နူးညံ့သည့်ချစ်ခြင်း ရင်ခုန်သံစဉ်အောက်မှာ ငြိတွယ်သွားရင်းက သူ့ရင်ခွင်ထဲမှာ အေးငြိမ့်ငြိမ့်လေးနှင့် သူ တောင်းဆိုတာကြီးကို ရင်ခုန်ယစ်မူးသွားတော့သည်။

ပြီးတော့ ...

သူ့တောင်းဆိုတာကိုပဲ ချက်ချင်းကြီး လက်ခံလိုက်မိမလို စိတ်အစဉ်က နူးညံ့နွေးထွေး ပျော်ဝင်ပြီးမှ သတိရသွားကာ သူ့ကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး သူ ကျေနပ်လောက်သည့်စကားတွေနှင့် နှစ်သိမ့်လိုက်သည်။

“အင်း ... အခု လောလောဆယ်ကြီးတော့ မစီစဉ်ပါနဲ့ဦးဟယ်၊ ကျွန်မအိမ်က မိဘတွေ ကို ဖွင့်ပြောရမှာ မဝံ့ရဲသေးဘူး”

“ဘာလို့ မဝံ့ရဲရမှာလဲ၊ မင်းမောင် ဆုံးမလွှတ်လိုက်တဲ့ ကောင်လေးဆို မင်းမေမေက ပိုတောင်သနားသွားဦးမယ်၊ ခေါ်လာခဲ့ဟဲ့ မြန်မြန် ။။။ကောင်လေးကို ငါကြည့်စမ်းဦးမယ် ဖြစ်မယ်”

“အင်း ... ဖြစ်လိမ့်မယ် အားကြီးကြီး၊ ဘယ်က အရှုပ်ထုပ် လေးလဲ၊ တစ်ခါတည်း ရှင်းပစ်ခဲ့ပဲပြောမှာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မမိုက်ဘူးကွာ၊ မယ်တော်က ဒီလောက်တော့ ရက်စက်လိမ့်မယ် မထင်ပါဘူး၊ စမ်းကြည့်ရတာပေါ့၊ တစ်ပတ်အတွင်း ကိုယ် ရွှေဖုန်းမေမေနဲ့ စကားပြောကြည့်မယ်"

"ဟာ ... အဲဒီလို လျှောက်မလုပ်နဲ့နော်၊ မေမေတို့ ဖေဖေတို့က အရမ်းစည်းကမ်းကြီးတာ၊ ထားပါဦး နေတိုင်းရယ်"

"မထားနိုင်ဘူးကွာ၊ ဒီတစ်ခါ ရွှေဖုန်းအထင်လွဲမယ့် အနေအထားဖြစ်ရင် ကိုယ်က ဂေါက်သွားတော့မှာ၊ မရဘူး မရဘူး ... ကိုယ်ကတော့ ဒီတစ်လအတွင်းကို စီစဉ်မှာပဲ"

"ဟယ် ... ဒုက္ခပါပဲဟယ်၊ စိတ်ညစ်လိုက်တာ"

"စိတ်မညစ်နဲ့ စိတ်မညစ်နဲ့ ... ကိုယ့်ကို အရှင်းအလင်း ချစ်ကြည့်"

ပြောပြောဆိုဆို သူက ရွှေဖုန်းပခုံးလေးကို သိမ်းဖက်ပြီး မျက်နှာချင်း အနီးဆုံးပူးယှက်ကာ ရှက်သွေးဖြာနေသည့် ရွှေဖုန်း ပါးပြင်နုနုလေးကို ခပ်ပြင်းပြင်း နမ်းရှိုက်လိုက်ရင်းမှ ...

"ဟပ်ချိုး"

"ဟဲ့ အောင်မယ်လေး ... ဘာဖြစ်တာလဲ၊ သူများမျက်နှာကို တံတွေးတွေ စဉ်ကုန်ပြီ၊ ပြန်သုတ်ပေး သုတ်ပေး"





"အေး ... သုတ်ပေးမယ်၊ သုတ်ပေးမယ်၊ အဟား ... ခင်းလိမ်းထားတဲ့ သနပ်ခါးမှုန်တွေ နှာခေါင်းထဲ ဝင်သွားပြီး ချေလိုက်မိတာ၊ ဟဲ ဟဲ ... နှာခေါင်းရောဂါ ရောဂါ"

သူက ရွှေဖုန်းမျက်နှာလေးကို လက်ဖဝါးလေးဖြင့် ခပ်ဖွဖွ သုတ်ပေးပြီး မချိုမချဉ်ပြုံးလိုက်တော့ ရွှေဖုန်းမျက်နှာလေး တည်သွားပြီး ဆတ်ခနဲ လွှဲကာ သူ့လက်ကြီးကို ပုတ်ချလိုက်သည်။

"သွား သွား ... တော်ပြီ တော်ပြီ"

"ဘာတော်ပြီလဲ ... လက်သင့်မခံတော့ဘူးပေါ့"

"နေတိုင်းနော် ... ရှင် ရင်ဘတ်စကားပြောမှာလား, နှာခေါင်းစကား ပြောမှာလား"

"နှာခေါင်း အဲ ... ရင်ဘတ်စကားပဲ ပြောတော့မှာပါ"

"ဘာစကားမှ မပြောတော့နဲ့ ... နားမထောင်ချင်ဘူး"

ရွှေဖုန်းက ခပ်ဆောင့်ဆောင့်အော်ပြီး ခုံတန်းကလေးမှ ထအရပ် ... ရွှေဖုန်းလွယ်ထားသည့် အိတ်ထဲက မြည်လာတဲ့ဖုန်းသံက ရွှေဖုန်းကို နည်းနည်း စိတ်ထွက်ပေါက်ရသွားတော့သည်။

ဒီအချိန်မှာ တတူတူမြည်နေတဲ့ ဖုန်းကလေးကိုပဲ အရှိန်စိုက်ပြီး ဆွဲထုတ်ကိုင်ကာ ဖွင့်နားထောင်လိုက်တော့ ရွှေဖုန်း ဝိုပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသွားတာက ဂူဖုန်း ဖြစ်နေလို့ပင်။

မျက်လုံးပြူးပြီး အံ့ဩသွားမိသလို ရင်တွေလည်း တထိတ်ထိတ်ခုန်ကာ စိတ်လှုပ်ရှားသွားရသည်။

"အင်း . . . ဂူး ပြော"

"ပြောဆိုတော့လည်း ပြောရတာပေါ့၊ နင် အခု ဘယ်သူနဲ့လဲ၊ ဘာတွေလုပ်နေသလဲ"

ရင်ထဲမှာ 'ဟင်' ခနဲ မြည်သွားသည်အထိ အံ့ဩသွားပြီးမှ ရွှေဖုန်း ဂူးကိုလိမ်လည်ဖို့ စကားလုံးရွေးလိုက်သည်။ ပြီးတော့လည်း အနားမှာ လက်နှစ်ဖက်ပိုက်ပြီး စိုက်ကြည့်နေသည့် သူ့ကို မလုံမလဲ မျက်နှာပေးနှင့် တစ်ချက်ပြုံးပြလိုက်သည်။

သူက ရွှေဖုန်းရဲ့အပြုံးကို သဘောပေါက်သလို မျက်ခုံး ရှုံ့ကြည့်နေတုန်း ရွှေဖုန်းက ဂူးကို လိမ်လည်စကား ဆိုလိုက်သည်။

"အင်း . . . ဘယ်သူမှမရှိပါဘူး၊ ငါ့အိမ်မှာ တစ်ယောက်တည်း၊ ခုတင်ပေါ်မှာ ဝက်ဝံရုပ်တစ်အုပ်နဲ့ ငြိမ့်နေတာ . . . ဟဲ ဟဲ"

"ဘာ ဟဲ ဟဲ လဲ"

"ဝက်ဝံလေးက ရယ်စရာကောင်းလို့ပါဟဲ့ . . . အဟင်း ဟင်း"





"ဘယ်သူ့ဝက်ဝံလဲ"

"အကြည်တော်"

"ကောင်းလား"

"အေး . . . ကောင်းတယ်၊ သိပ်ကောင်း၊ ရယ်စရာကောင်းလိုက်တာဟာ"

"အဲဒါဆို ငါ့ကို နင်ဖတ်ပြီးပေးစမ်း၊ ငါ အခု နင့်ဆီကို လာခဲ့မယ်"

"ဟင့်အင်း . . . မလာနဲ့ မလာနဲ့၊ ငါက မရှိဘူး . . . အဲ့"

"ဘယ်လိုလဲ အမျိုးချော . . . လိမ်စဉ်ကြီး သာသာထိုးထိုးပဲ လား"

ရုတ်တရက် ရွှေဖုန်းအရှေ့ကို မျက်နှာတည် မျက်နှာထားကြီးနှင့် ခါးထောက်ရပ်လာသည့် ဂူးကို ရွှေဖုန်း ဘာမှပြန်မပြောသာတော့ဘဲ ဖုန်းကလေးပိတ်ပြီး အိတ်ထဲကို ကမန်းကတန်း ထည့်လိုက်တာကို ဂူးက ဆတ်ခနဲ အိတ်ကို ဆွဲလုလိုက်လေသည်။

ဂူးလုပ်ရပ်ကြီးက ရွှေဖုန်းကို သူ့အရှေ့မှာ ဘာစကားမှ ဆက်မပြောနိုင်တော့ဘဲ သူ့ကိုလည်း မျက်စောင်းလေး ထိုးကြည့်လိုက်တော့ သူက ဂူးကို စားတော့ ဝါးတော့မတတ် စိုက်ကြည့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေသည်။

ဂူးကလည်း သူ့ကို တည်စူးစူးကြီးကြည့်ပြီး ရွှေဖုန်းဘက် မျက်နှာလှည့်ကာ ...

"နင်က ဒီမှာ ဘာလာလုပ်တာလဲ ရွှေဖုန်း"

"မင်း မျက်စိကန်းနေလား၊ ငါနဲ့ ချစ်တင်းနှောနေတာ"

"ရှင့်ကိုမေးနေတာ မဟုတ်ဘူး ... ကျွန်မသူငယ်ချင်းကို ကျွန်မ မေးနေတာ"

"အဲဒီသူငယ်ချင်းက ငါနဲ့ နောက်တစ်လကြာရင် လက်ထပ်မယ့် မိန်းမ၊ မင်း ဝင်ရှုပ်စရာ မလိုဘူး"

"အံမယ် ... ရှင်ကများ လူကိုမြင်လိုက်တာနဲ့ ခွပ်ဖို့ချောင်းနေရအောင်"

"ခွပ်တာက မင်း"

"ဘလိုင်းကြီးခွပ်တာက ရှင်"

"ဗလာကြီးသက်သက် ခွပ်နေတာက မင်း"

တစ်ယောက်တစ်ပြန် လက်ညှိုးထိုးပြီး ရန်ဖြစ်နေကြသည့် ဂူးနှင့်နေတိုင်းကို ကြည့်ပြီး ရွှေဖုန်းကပဲ တောင်းတောင်းပန်ပန် ဖျန်ဖြေပေးလိုက်ရသည်။

ရွှေမင်းနီတာပေ



"အောင်မယ်လေး ... တော်ပါတော့ တော်ပါတော့၊ ဂူး ... ငါ့ကို ခွင့်လွှတ်ပါဟယ်၊ ငါတို့ချစ်သူနှစ်ယောက် ပြန်လည်မိတ်ဆက်ပွဲ ကျင်းပနေတာ ... အဟင်း ဟင်း၊ နေတိုင်း ... ဂူးကိုလည်း ခွင့်လွှတ်နားလည်ပေးလိုက်ပါနော်၊ ကျွန်မကို ချစ်တယ်ဆိုရင် ကျွန်မခင်တဲ့ သူငယ်ချင်းကိုလည်း ဘာမှရန်ငြိုးမထားဘဲ ခင်ခင်မင်မင် ဆက်ဆံပေးပါနော်"

ရွှေဖုန်း အနူးအညွတ် တောင်းပန်လိုက်ပေမယ့် သူနှင့်ဂူးကတော့ ကမ္ဘာ့ရန်သူကြီးတွေလို ဓွေစောင်းပြီး အခုပဲ အပြတ်ချဲပစ်မယ့် စတိုင်လ်ဖြင့် ဂူးက ဆိုလာသည်မှာ ...

"ငါကတော့ တာ့တာပဲဟေ့၊ တာ့တာပဲ၊ ဒီလို အရိုင်းအစိုင်းကို ပြန်ပြီး Peace လုပ်ဖို့ လုံးဝ စိတ်ကူးမရှိ"

"အောင်မယ် ... လူပါးဝလို့၊ မင်းလို မိန်းကလေးဖြစ်ပြီး အာနီးရုပ်ပေါက်နေတဲ့ မိန်းကလေးကိုလည်း ငါက ခင်မင်စရာနေရာမရှိ၊ ကွက်လပ်ပဲ"

နေတိုင်းက အနိုင်ပိုင်းပြီးပြောကာ ရွှေဖုန်းတို့အရှေ့ကနေ စကားနည်းရန်စဲ ရှောင်ထွက်သွားပါတော့သည်။

နေတိုင်း ရှောင်ထွက်သွားမှ ...

ရွှေမင်းနီတာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂူးက ရွှေဖုန်းလက်ကို လိမ်ချိုးပြီး . . .

"သေနာမ . . . နှစ်ထပ်ရိုမှ မှတ်မိမယ့်အဖြစ် ရောက်ဦးမယ်"


"အဲဒီလို မပြောပါနဲ့ဟယ် . . . သူက လူလိမ္မာလေးပါဟယ်"

"အေးပါ အေးပါ . . . ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပါတော့၊ ချဉ်ပါ တော့"

ဆိုပြီး ရွှေဖုန်းကို ခပ်တည်တည်ကြည့်ကာ ကျောခိုင်းလှည့်ထွက်သွားသည့် ဂူးကို ရွှေဖုန်း ဘာမှမပြောမိတော့ဘဲ စိတ်မကောင်းစွာဖြင့် ဒီအတိုင်းကြီး ရပ်ကြည့်ပြီး ငေးငေးငိုင်ငိုင်ကြီး ကျန်ခဲ့မိပါတော့သည်။

❀ ❀ ❀





အခန်း (၁၅)

ဒီကနေ့မှာတော့ သူ့ကို လုံးဝ အစာမကြေဖြစ်နေသည့် ဗူးမနှင့် သူ ရန်ပွဲနွှဲလိုက်ရပါတော့သည်။

ဟင်း . . . သူမနှင့် ဘာမှမဆိုင်ဘဲ ကြားထဲကနေ သူ့ကို ရန်လိုမုန်းထားနေသည့် သူမကိုတော့ ဒီကနေ့မှာ သူ ဘယ်လိုမှ သည်းမခံနိုင်အောင် ရန်ဖြစ်စကားများခဲ့ရတာ ဖြစ်သည်။

"ရှင် ဒီရွှေ့မှာ ဘာလာလုပ်တာလဲ"

ရွှေဖုန်းနှင့် ပြန်လည်ချွေးထွေးမှု ရသွားပြီးတဲ့နောက်ပိုင်းမှာ ရွှေဖုန်း ရုံးအပြန်ကို သူက ကားဘော်ဒီမှီပြီး ရပ်စောင့်နေတုန်းမှာပဲ ရွှေဖုန်းသူငယ်ချင်း ဂူးဆိုသည့်မိန်းမက အရပ်ထဲက မိန်းမလို ပွှာ



www.burmeseclassic.com

www.burmeseclassic.com



လောင် စွာလောင် ပြောလာတာကို သူ မျက်ခုံးရှုံ့ကြည့်ပစ်လိုက်သည်။

ဒီအချိန်မှာ ချစ်သူလေးကတော့ သူနှင့် သူမသူငယ်ချင်းကို ရန်ဖြစ်မှာစိုးပြီး သူ့လက်ကို ဖမ်းဆွဲကာ ...

"နေတိုင်း Please... ဂူးကို ဘယ်လိုမှ သဘောမထားပါနဲ့နော်၊ သူက ဒီလိုပဲ စကားပြောတတ်လို့ပါ"

"သူမှ ဒီလို ခွကျကျပြောတတ်သလား၊ ကိုယ်လည်း ပြောတတ်တာပဲ"

"ဟင် ... ရှင် ကျွန်မသူငယ်ချင်းလက်ကို မဆွဲနဲ့"

"ဂူးကလည်းဟယ် ... နင်ကလည်း စမနေတော့ပါနဲ့ တော်ကြာ နေတိုင်း စိတ်တိုပြီး နင့်ကို လည်ပင်းထဖျစ်လိမ့်မယ်"

"အံမယ် ... သူမှ လက်ပါသလား၊ ငါလည်း လက်ပါတာပဲ သူက လည်ပင်းတစ်ချက် ဖျစ်ရင် ငါက နှစ်ချက်ဖျစ်"

တကယ့်ကို စွာတူးလန်သည့် ရွှေဖုန်းရဲ့သူငယ်ချင်းမကို သူ စိတ်မဆိုးနိုင်တော့ဘဲ ပြုံးဖြဲဖြဲ ကြည့်လိုက်တော့မှ သူ့ရဲ့ချစ်သူလေးကလည်း ပြုံးချိုသွားပြီး ...

"သူငယ်ချင်းတွေ အေးဆေးပေါ့၊ ငြိမ်းချမ်းရေးအထိမ်း





အမှတ်"

ဆိုပြီး ရွှေဖုန်းက ဂူးလက်ကလေးကို ဆွဲကာ သူ့လက်ကို ဆွဲစေလိုက်ပြီး သုံးယောက်သား ဗိုင်းကြီးပတ်ပတ် ဒူဝေဝေ လုပ်လိုက်လေသည်။

"သူငယ်ချင်း ဂူးရေ ... ဗိုင်းကြီးပတ်ပတ် ဒူဝေဝေ"

"ကျားကြီးကိုက်လို့ သေပါစေ"

"ဟာ မဂူး ... ခင်ဗျားပါးစပ်က ပုပ်စော်နံလိုက်တာ"

"ဟင် ... ဘာ"

သူ့ကို "ကျားကြီးကိုက်လို့ သေပါစေ" လို့ ပြောပြီး လက်ညှိုးညွှန်လိုက်သည့် ဂူးမကို သူကလည်း ပြန်ပြီးနှိမ့်ချ ရှုတ်ချပစ်လိုက်သည်။

ကဲ ... မှတ်ထား။ ပါးစပ်ပုပ်စော်နံတယ် ပြောလိုက်တော့မှ ပဲ မျက်လုံးကြီးပြူး ငြိမ်သွားလေရဲ့။

ကောင်းလိုက်တာကွာ။

"ရှင် ... ရှင် ဘာစကားပြောတယ်"

အခုမှ သူမက သတိရသွားပုံဖြင့် ပြူးတူးပြဲတဲ ပြောလာတော့ ရွှေဖုန်းက တစ်ဖက်လှည့်ပြီး တခစ်ခစ် ရယ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင်က ဘာရယ်တာလဲ"

"ဘာမှ မရယ်ဘူး၊ ပြန်ကြမယ်"

"ဟွန်း ... ကျွန်မပါးစပ် ဘယ်မှာ ပုပ်စော်နံလဲ၊ ပါးစပ်ထဲမှာ ရှင်းသန့်နေတာပဲ၊ ဟင်း ... ဒီမှာ ကြည့်၊ ဒီမှာကြည့်"

ဂူးက သူ့အပြောကို မခံချင်ဖြစ်သွားပြီး သူ့ပါးစပ်ကို ဟကာ လျှာတထုတ်ထုတ် လုပ်ပြတာ သူမတည်နိုင်တော့ဘဲ ရွှေဖုန်းလက်ကလေးကို ဆွဲကိုင်ရင်းမှာ တဟားဟား အော်ရယ်လိုက်တော့သည်။

"ဟား ဟား ... ဘယ့်နှယ်လဲ ... ခင်ဗျားထိတော့ ခင်ဗျား နာတတ်သလား။ ဘယ့်နှယ်ဗျာ ... မကြာခင် မင်္ဂလာရှိမယ့် သတို့သားကို ကျားကြီးကိုက်လို့ သေပါစေလို့ ကျိန်တော့ ကျွန်တော်ကလည်း ခင်ဗျားပါးစပ်ကြီးကို ပုပ်စော်နံတယ်လို့ ပြောတာပေါ့"

"ပြောပါ ပြောပါ ... ရှင် ရွှေဖုန်းကို လက်ထပ်ပြီးမှ ရွှေဖုန်း လက်သံကို သိရမယ်"

ဂူးကလည်း သူ့ကိုပြန်ပြီး ကောလိုက်ပြန်သည်။

ဂူး ဘယ်လိုပြောပြော သူကတော့ ကိုယ့်ချစ်သူအကြောင်း ကိုယ်အသိဆုံးမို့ ပန်းနုစ်ဖက်ကို အသာကျုံ့ကာ ချစ်သူလေးနှင့် ပါးချင်း အနီးဆုံးကပ်ပစ်ပြီး ...





"ကျွန်တော့်ချစ်သူက ရိုးရိုးလေးပါ"

"အောင်မယ်လေး ... ရိုးတယ်"

"ဟုတ်တယ်လေ၊ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် လေး၊ ခင်ဗျားလို ဖျတ်ကော့ ဖျတ်ကော့ မစွာဘူး"

"မစွာဘူး"

"ဟုတ်တယ်ဗျာ"

"မစွာလို့ ရှင့်ပါးတစ်ချက် အတီးခံလိုက်ရတာ မျက်နှာ သပြေသီးမှည့်ရောင် ပြေးသွားတာ"

"ဟာ ... ဒါကတော့"

"ကဲ ... ရှင် ဘာပြောဦးမလဲ၊ ရှင် ရှုံးပြီ၊ ကျွန်မသူငယ်ချင်း စိတ်ဓာတ်ကို ကျွန်မ အသိဆုံး။ အေးသလို တည်သလိုနဲ့ သိပ်စွာတာ၊ စကားလုံးစွာတာက ပိုအခံရခက်တယ်၊ ရှင် သူ့ကို လက်ထပ်ပြီးရင် သိလာမှာပါ၊ သိလာမှာပါ"

ဂူးကလည်း သူ စိတ်အနှောင့်အယှက်ဖြစ်အောင် ပြန်ပြော လိုက်သည်။

ဒါပေမဲ့ သူကတော့ သာသာထိုးထိုးပုံစံဖြင့်ပင် ချစ်သူလေး ကို အပြုံးနွေးနွေးဖြင့် စိုက်ကြည့်ပြီး အဆစ်ဆံပင်လေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



သပ်တင်ကာ ...

"အင်းဗျာ ... သူ ကျွန်တော့်အပေါ် ဘယ်လောက်ဆိုးဆိုး ခွင့်လွှတ်ပါတယ်ဗျာ၊ ဖြစ်နိုင်ရင်လေ ကျွန်တော်က ကျွန်တော့်ချစ်သူကို ..."

"နေတိုင်း ... ရှင် ပေါက်ကရ လျှောက်ပြောမနေတော့နဲ့"

"မပြောတော့ပါဘူးဗျာ ... ဟဲ ဟဲ၊ ကဲ ... သွားကြစို့"

သူ့ရင်ထဲမှာ ဘယ်လိုပျော်လို့ ပျော်မှန်းမသိအောင် ပျော်လုံးဆို့သွားကာ ချစ်သူလက်တစ်ဖက်ကိုဆွဲပြီး ကားဆီသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့ပါတော့သည်။







"အင်း ... ဒီနေ့ မေမေတို့နဲ့ သူ့ကို မိတ်ဆက်ပေးဖို့ စိတ်ထားတဲ့ပွဲမှာ နင်တို့ကလည်း ထောက်ခံပေးကြနော်၊ အပြည့်အဝ သူက ရိုးသားတယ်, စိတ်ဓာတ်ကလည်း ရိုးသားတယ် ဆိုတဲ့ အကြောင်း"

"အောင်မယ်လေး ... မဟုတ်တာကိုတဲ အဟုတ်လုပ်ဖာတ်ခင်းရဦးမယ်"

ဂူးအပြောက ရွှေဖုန်းကို ရင်တစ်ချက် နင့်သွားပေမယ့် ရွှေဖုန်းက ဘာမှ အလေးမထားတော့။

ဒီအချိန်မှာ သူ့စိတ်ဓာတ်ကို ရွှေဖုန်းက အပြီးသိရှိနေးလည်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားမို့ သူနှင့်ပတ်သက်ပြီး ဘေးပယောဂ ဘာဝင်ဝင် ရွှေဖုန်းက တော့ သူ့ကို မျက်စိမှိတ်ယုံပြီးသား ဖြစ်ခဲ့သည်။

အဲဒီလိုယုံလို့လည်း ဂူးအပြောကို ပြုံးမော်ပြီး မျက်ခုံးလေး ပင့်ကာ ...

"ဘယ်လိုပဲဖြစ်ဖြစ် ငါနဲ့ နေတိုင်းရဲ့ အချစ်စစ်တွေဟာ စစ်မှန်နိုင်မာလွန်းလို့ အခု ငါတို့ချစ်သူနှစ်ယောက်ရှေ့မှာ ဘယ်လောက်ကြီးမားတဲ့ အဖျက်သမားလာလာ ... ငါနဲ့ သူကတော့ ဖွဲ ဆန်ကွဲလောက်ပဲ သဘောထားတယ်"

"အေးပါ အေးပါ ... အခုမှ ယောကျ်ားတစ်ယောက်ကို အသေအလဲ ချစ်တတ်နေလိုက်တာ၊ အပျိုကြီးဖြစ်မှာစိုးလို့ ထင်တယ်"

"ဒါပေါ့ဟယ်၊ အယ် ... မဟုတ်ဘူး။ ရင်ဘတ် ရင်ဘတ်က စကားပြောလာပြီလေ"

"ချောတဲ့လူမို့လို ရင်ဘတ်က မျက်နှာလိုက်တာ"

"ဒါပေါ့ကွယ် ... ရွှေဖုန်းမိုမိုဘဝမှာ မချောမမောတဲ့ မျိုးဆက်ကြီးတော့ အတွင်မခံနိုင်ပါဘူး၊ ပစ္စည်းဆိုတာ လူကြုံးစားရင် ကြိုးစားသလောက် ချမ်းသာခွင့်ရှိတယ်၊ ရုပ်ရည်က ပြင်ဆင်လို့ရတာ မဟုတ်ဘူးလေကွယ်၊ အဲဒီတော့ မလှမပ ဟိုင်းဘောစ်ကြီးတွေ ဖြစ်နေ





ပါစေ ... ရွှေဖုန်းအတွက် နေရာမရှိ၊ ကွက်လပ်အတိပဲ"

"ဟုတ်တယ် ဟုတ်တယ်"

"ဘာလဲ ... ရှမ်းတရုတ်လား"

"အင်း ... ဟဲ ဟဲ ဟဲ ... ပြောရင်းဆိုရင်း ဟိုမှာလာပြီလာပြီ"

"ဘယ်သူလဲ"

"ခွေးသူခိုးလေး စတိုင်လ်ကျလိုက်တာဟယ်၊ ဝတ်ထားတာ မလန်တော့ဘူး။ လန်းတယ်ဟေ့ လန်းတယ် ... ဖြူဆွတ်ကလေး"

စတိုင်လ်ဘောင်းဘီ အဖြူကလေးနှင့် ပိုလိုစပို့ရှပ် အစင်းကြားကလေး တွဲဝတ်ထားသည့် သူ့စတိုင်လ်က ကားပေါ်က ဆင်းလာကတည်းက တကယ်ရင်ခုန်စရာကောင်းလောက်အောင် ကြည့်ကောင်းလှပါသည်။

တကယ့်ကို အမိုက်စားပင်။

"ဟယ် ... ငါ့ချစ်သူက မိုက်လိုက်တာဟယ်၊ နိုင်ငံကျော်မင်းသားဖြစ်လို့ ရတယ်၊ အင်း ... လက်ထပ်ပြီးရင်တော့ ငါကိုယ်တိုင် Producer လုပ်ပြီး သူ့ကို ဗီဒီယိုမင်းသားအဖြစ် နိုင်းစားလို့ရတယ် ... အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး . . . ရယ်သံကိုက မုန်းဖို့ကောင်းလိုက်တာနော်၊ သေတော့မှာပဲ၊ သွား သွား ရွှေဖုန်း . . . နင် Bathroom ထဲခဏဝင်နေစမ်း၊ ရော့ ရော့ . . . ဒီမှာ နင့်ဖုန်း၊ သူ့ကို နင် ဉာဏ်စမ်းပဟေဠိလုပ်ပြီး နှိပ်စက်စမ်း၊ အံ့ဖွယ်ကြီးနဲ့ ခြောက်ဟယ်၊ နင့်မေမေတို့လည်း အပြင်က မရောက်သေးဘူး"

"လုပ်ပြီ . . . ကြည့် . . . ဂူးကတော့ဟာ"

"လုပ်ဟာ လုပ် . . . မြန်မြန်၊ အံ့ဖွယ်ကြီး အံ့ဖွယ်ကြီးနော်၊ သဘောပေါက်ရဲ့လား၊ လက်ထပ်ဖို့ကိစ္စကို ကမ္ဘာ့အံ့ဖွယ်ကြီးနဲ့ ပဟေဠိလုပ် . . . သိတယ်နော်"

"သိပါတယ်တော် သိပါတယ်၊ တကတဲ . . . ငါ့ချစ်သူကိုများသူတို့က ကော်ပတ်ရုပ်ကလေး အောက်မေ့နေသလား မသိဘူး"

ပြောပြောဆိုဆို ရွှေဖုန်းက ညေှ့ခန်းထဲမှ ဖုန်းကလေးယူပြီးလှည့်အထွက်၊ အိမ်ထဲလှမ်းဝင်လာသည့် သူက မျက်ခုံးကြီးပင့်ပြီးရွှေဖုန်းကို စိုက်ကြည့်ကာ . . .

"ရွှေဖုန်း . . . ဒါ ဘယ်လဲ"

"Bathroom ဝင်မလို့၊ ဟိုမှာ ကျွန်မသူငယ်ချင်းနှစ်ယောက်ရှင့်ကိုစောင့်နေတယ်၊ မေမေတို့ကတော့ နောက်တစ်နာရီလောက်မှ





ရုံးကပြန်မှာ . . . ခဏနော် နေတိုင်း"

သူ့ကို သုတ်သီးသုတ်ပျာပြောပြီး ပြုံးစိစိကြည့်သွားသည့်ချစ်သူလေးရဲ့အမူအရာကို သူက နားမလည်နိုင်စွာဖြင့် ဧည့်ခန်းထဲကိုခပ်သွက်သွက် ဝင်လာခဲ့လိုက်သည်။

သူ ဝင်လာလာချင်းပင် စွာတူးလန်မက . . .

"တစ်ယောက်တည်းလား နေတိုင်း"

"ဘယ်တုန်းက ခင်ဗျား ကျွန်တော့်ကို ဘယ်နှယောက်မြင်ဖူးလို့လဲ"

"အောင်မယ်လေး . . . အခုမှ ဆိတ်သားရေ တပ်မနေပါနဲ့"

"ခင်ဗျား စကားမပြောစမ်းပါနဲ့ဗျာ . . . မခံနိုင်လို့ပါ၊ ငုလိုနေစမ်းပါ . . . အေးအေးလေး"

"အေးမှာပေါ့ . . . သူက ရည်စားနဲ့လေ၊ ကိုယ့်ဇာတ်ကိုယ်အမြဲစိတ်ကူးတော်ယဉ် . . ."

"ဟဲ့ ဂူး . . . နင်ဟာလေ တကတဲ"

ငု ဝင်ဟန့်လိုက်တော့မှ ဂူးက ဖက်ကလေးပုပြီး တဟီးဟီးရယ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူး အကြိတ်အနယ် ရယ်နေတုန်းမှာပဲ သူ့ခါးကြားထဲက Hand Phone ကလေးက တတူတူမြည်လာသဖြင့် သူက ဖုန်းကို ဆတ်ခနဲ ထုတ်ပြီး ဖွင့်နားထောင်လိုက်ချိန်မှာပဲ . . .

"ဟာ ရွှေဖုန်း . . . ဘာလို့ ကိုယ့်ကို ဖုန်းဆက်တာလဲ၊ Bathroom ထဲမှာ ချော်လဲလို့လား"

"အင်း"

"ဟာ . . . ဒါဆို ကိုယ် အခုချက်ချင်း လာခဲ့မယ်"

"အလကားပြောတာ၊ သူ့ကို ရွှေဖုန်း လွမ်းလို့"

"ဟာ . . . ဒုက္ခပဲကွာ၊ ကျိုင်ပတ်ပြီ၊ ကဲ . . . ဘာတွေရစ်ဦးမလဲ၊ ဒီအသံကြားကတည်းက ကိုရင် သဘောပေါက်ပါတယ်"

"တကယ်"

"အင်း . . . အဟုတ်"

"ဘယ်ဆိုးလို့လဲ"

"ဆိုးမှ ထောင်ကျသွားမှာပေါ့ကွာ"

"အင်း . . . ဟုတ်သား။ ထားပါတော့ . . . ဒီမှာ ရှင့်ကို ကမ္ဘာ့အံ့ဖွယ်ကြီး စစ်ပြီးမှ ကျွန်မ ရှင့်ကို ဒီတစ်လအတွင်း လက်ထပ်မယ့်အဖြေကို ပေးမယ်"





ထူးထူးခြားခြား ကမ္ဘာ့အံ့ဖွယ်ကြီးတွေ ဘာတွေပြောလာသည့် ရွှေဖုန်းကို သူ ဖြစ်နိုင်ရင် တအားအော်ပြီး မေးပစ်လိုက်ချင်သည်။

အခုတော့ ကိုယ့်မှာ ကိုယ်ချစ် သည့်သည်းလှုပ်ကလေးဆိုတော့ ဖုန်းကိုင်ထားရင်းမှ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း . . .

"အင်း အင်း . . . ပြောပါကွာ၊ ပြောပါ"

"အဟိ ဟိ"

"မဂူး . . . ခင်ဗျားပါးစပ်ပိတ်၊ ဒါ ခင်ဗျားထွင်တာ"

"ဒါပေါ့ ဒါပေါ့"

"Shut up"

"ဟင် . . . ဘာဖြစ်တယ် နေတိုင်း"

တစ်ဖက်မှ ရွှေဖုန်းက သူ့မကို အော်လိုက်တယ်မှတ်ပြီး ဗွာတူးတူးလေး ပြန့်အော်လိုက်သည်တွင် သူက ရွှေဖုန်းကို အနူးအညွတ် တောင်းပန်လိုက်ရပါသည်။

"ချစ်ကိုပြောတာ မဟုတ်ဘူး၊ ဒီမှာ မဂူးကိုပြောတာ၊ တောင်းပန်ပါတယ်ကွာ၊ ကိုယ်မသိတဲ့စကားလုံးတွေနဲ့ ကိုယ့်ကို ဗိမသတ်ပါနဲ့နော်"

"သတ်မှာပဲ . . . ကမ္ဘာ့အံ့ဖွယ်ကြီးမှာ မဖြေနိုင်ရင် ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတမရှိတဲ့သူကို ကျွန်မက လက်ထပ်မှာမဟုတ်တော့ဘူး"

"ရွှေဖုန်း မညစ်နဲ့ကွာ ... ကိုယ်မကျွမ်းကျင်တာနဲ့ ကိုယ့်ကို ဖိမသတ်နဲ့"

"ရှင် ကျွမ်းကျင်တာ ဘာလဲ"

"Power of Love"

"အဲဒါနဲ့ပဲ ရင်ကွဲနာကျပြီးသေမှာ"

"အင်း ... ပြောကွာ၊ ကိုယ် စိတ်မရှည်တော့ဘူး"

သူက မိန်းကလေးတစ်ယောက်လို နှုတ်ခမ်းလေးစူပြီး ပြောလိုက်တာကို ရွှေဖုန်းသူငယ်ချင်းမနှစ်ယောက်က တခစ်ခစ် ရယ်နေတာက သူ့ကို ပိုပြီး အခံရခက်စေသည်။

"မရယ်နဲ့"

"ဘယ်မှာရယ်လို့လဲ"

"ဟာ ... ဒီမှာ ပြောတာပါကွာ၊ ကဲ ရွှေဖုန်း ... ဘာမေးချင်လဲ၊ ဘာလဲ ဘာလဲ ... မေး"

သူ တကယ့်ကို စိတ်တိုသွားရပြီမို့ ရွှေဖုန်းကို ခပ်ဆတ်ဆတ်ကို ဟောက်လိုက်တော့ ရွှေဖုန်းက တခစ်ခစ်ရယ်ပြီး သူ့ကို သရော်သေးသည်။





"အင်း ... မေးမယ်၊ ကမ္ဘာပေါ်မှာ အားအသန်ဆုံးမိန်းမတစ်ယောက်ရှိတယ်တဲ့၊ အဲဒီမိန်းမက ဘယ်နိုင်ငံကလဲဆိုတာသိရင် ရှင့်ကို ရှင်ဖြစ်စေချင်တဲ့ တစ်လအတွင်း လက်ထပ်မယ်"

ရွှေဖုန်း သူ့ကို တမင်ညစ်လိုက်ပြီမို့ သူက နားခေါင်းရှုံ့လက်ခါလိုက်ပြီး ...

"မဆိုင်တာ မပြောနဲ့"

"ဩော် ... ဆိုင်ပါပကော"

"မသိဘူးကွာ၊ မသိဘူး၊ မင်း Bathroom ထဲက မြန်မြန်ထွက်ခဲ့တော့၊ ဒီမှာ မင်း မျက်နှာလေးကို ကိုယ်မြင်ချင်လှပြီကွာ"

"အမယ်လေးဟဲ့ ... နားကလောလိုက်ပါဘိ"

ဂူးအသံကို သူ စိတ်မဝင်စား။ ရွှေဖုန်းအသံလေးကိုပဲ နားထောင်ရင်းမှ ...

"ပန်းပေးပါပြီကွာ ... ကိုယ် မသိပါဘူးဆို"

"အေး ... ပြီးတယ်၊ ဒါဆိုလည်း နောက်နှစ်မှ လက်ထပ်မယ်"

"ဒါဆို အဖြေက ဘာလဲ"

"ဗြိတိန်နိုင်ငံကတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း . . . ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဘယ်သူ့စကားကို သံယောင်က နေဝင်းမှည့်ဖြစ်အောင် လုပ်တာလဲမှမသိတာ"

"ရှင်လို ဗဟုသုတမရှိတဲ့ ငတုံးမဟုတ်ဘူး"

"ဟာ အာ . . . ရွှေဖုန်းရေ . . . အိမ်ရှေ့မှာ ညှော်သည်အမျိုးသားကြီးတစ်ယောက် ရောက်နေတယ်၊ ဝတုတ်တုတ်ကြီး၊ မြန်မြန်ထွက်ကြည့်စမ်း . . . သူလည်း ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်ပဲ၊ ကမ္ဘာပေါ်မှာ အကြီးဆုံးပဲ"

"ဒါပဲ တတ်တယ်"

ရွှေဖုန်းက ဘာမှ ဆက်မပြောတော့ဘဲ ဖုန်းပိတ်လိုက်ပြီမို့ သူလည်း ဖုန်းပိတ်လိုက်ရပါတော့သည်။

❀ ❀ ❀





## အခန်း (၁၆)

"ဟင် . . . ဒါဆို နေတိုင်း အဲဒီကောင်ကို ကျွန်မသိတယ်၊ သိတယ်၊ သူ့ကို ကျွန်မ အပြတ်ပြောပစ်မယ်. သူ့ကြောင့် ကျွန်မတို့ ချစ်သူတွေ ဒုက္ခအမျိုးမျိုးရောက်ခဲ့တာ၊ ကျွန်မ လုံးဝ ခွင့်မလွှတ်ဘူး"

ဆိုပြီး ရွှေဖုန်းက သူ့အပြစ် သူလာဝန်ခံသွားသည့် ကွမ်းယာသည်ကြီး ကျောခိုင်းသွားတာနှင့် စိတ်ဆိုးမာန်ဆိုး ဖုန်းခနဲ ထရပ်ပြီး အားဆီသို့ ပြေးသွားလိုက်လေသည်။

ရုတ်တရက်ကြီး ထပြေးသွားသည့် ရွှေဖုန်းအနောက်ကို သူကလည်း အပြေးအလွှား လိုက်သွားလိုက်ပြီး . . .

"မဂူး . . . ကျွန်တော်တို့ အိမ်ကိုသွားတာပါ၊ သူ့မေမေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာရင် ဘာမှစိတ်မပူပါနဲ့လို့ ပြောလိုက်ပါ၊ ခင်ဗျားတို့လည်း မလိုက်ခဲ့နဲ့၊ ဘာမှ စိတ်မပူနဲ့''

သူက ဂူးကို ပြောလည်းပြော ပြေးလည်းပြေးနှင့် ကားထဲကို ရောက်နေသည့် ချစ်သူလေးကို လှမ်းသတိပေးလိုက်ရသေးသည်။

''ရွှေဖုန်း ... ဘာမှ စိတ်လှုပ်ရှားစရာမလိုဘူး၊ ကိုယ် အားလုံး ဖြေရှင်းပေးမယ်၊ ကားကို ကိုယ်မောင်းမယ် ရွှေဖုန်း''

သူ အဲဒီလို သတိပေးလိုက်တော့မှ ရွှေဖုန်းက မျက်နှာလေး ပင့်ပြီး လေကို ဟားထုတ်ကာ တိတ်ဆိတ်ငြိမ်ကျသွားတော့သည်။

အင်း ... ချစ်သူလေး အပြင်ပန်းမှာ ငြိမ်ကျသွားပေမယ့် စိတ်ထဲမှာတော့ ရန်လင်းကို အပြတ်အသတ် ပါးရိုက်နေပြီဖြစ်သည်။

စိတ်ထဲက သူမ ရိုက်တဲ့အတိုင်း သူတို့နှစ်ယောက် အိမ်ကို ရောက်သွားသည့် အချိန်မှာတော့ ထင်သည့်အတိုင်းပင် ခြံထဲမှာ အဆင်သင့်ရှိနေသည့် ရန်လင်းဆီသို့ ကားရပ်ရပ်ချင်း ပြေးသွားကာ ရန်လင်းပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်သည့် ရိုက်ချက်နှင့် အတူ ...

''ကဲ မှတ်ထား ... မြေခွေးလို ယုတ်မာဦး''

''ဟာ ... ဘာ ... ဘာဖြစ်''





''ရန်လင်း''

သူ့အသံက ဒေါသနှင့် လှိုင်းထန်သွားချိန်မှာ ရန်လင်းက ကြောင်တက်တက်အမူအရာနှင့် နီရဲနေသည့်မျက်နှာကြီးကို လက်နှင့် ပွတ်ပြီး ဝမ်းနည်းဆို့နင့်သံကြီးနှင့် ...

''ငါ ... ငါ ဘာအပြစ်လုပ်မိလို့လဲကွာ''

ဟု ဆိုလာခဲ့သည်တွင် သူက ရန်လင်းအင်္ကျီကော်လံစကို ဆွဲပြီး တစ်လုံးချင်း ပြတ်ပြတ်သားသား ပြောချလိုက်သည်။

''မင်း ကွမ်းယာသည်ကို ငွေတစ်သိန်းပေးပြီး ငါ့တို့ချစ်သူ နှစ်ယောက်ကို မကွဲ့ကွဲအောင် ငါက မိန်းမရှုပ်တဲ့ကောင်လို့ ပြောခဲ့တဲ့ စကားတွေ၊ ကဲ ... မင်း ဘာငြင်းဦးမလဲ၊ အခုမှ အဖြေမှန်ပေါ်တော့ ဘယ်ကွာ၊ ရှက်ဖို့ကောင်းလိုက်တာ၊ ကိုယ်မွေးတဲ့မြွောက်က ကိုယ့်ကို ပြန်ခြောက်တာ၊ လောကမှ ရင်အနာဆုံးပဲ၊ ကိုယ့်ရဲ့သွေးသားထဲမှာ ဒီလို အောက်တန်းကျတဲ့သွေးပါလာတာ ဖောက်သာထုတ်ပစ်လိုက်ချင်တယ်''

ရန်လင်းမျက်နှာကြီးတစ်ခုလုံး နီရဲတင်းမာကာ ဝမ်းနည်းကြေကွဲ ခံစားရတဲ့အချိန်မှာ ရွှေဖုန်းက ရန်လင်းရင်ဘတ်ကြီးကို ဝုန်းခနဲ ဆောင့်တွန်းပြီး ...



www.burmeseclassic.com

www.burmeseclassic.com



''တိရစ္ဆာန်တစ်ကောင်လောက်မှ ကျေးဇူးမသိတတ် ကောင်၊ နင့်ကို ငါ လုံးဝမကြည့်ချင်ဘူး။ ထွက်သွား ထွက်သွား''

ဟု ပြင်းပြင်းထန်ထန် မောင်းထုတ်လိုက်သည်တွင် ရန်လင်း က မျက်ရည်တွေ စီးကျလာပြီး သူ့ကို တောင်းပန်တိုးလျှိုးစွာ မော့ ကြည့်ကာ ဝမ်းနည်းလှိုက်ဆို့သံကြီးနှင့် တောင်းပန်လာခဲ့သည်။

''နေတိုင်း ... မင်း မကျေနပ်ရင် ငါ့ကို သတ်ပစ်လိုက်ပါ ကွာ၊ သတ်ပစ်လိုက်ပါ၊ အမိုက်တကာ့ အမိုက်ထဲမှာ ဘာအမိုက် အပြင်းဆုံးလဲဆိုတာ မင်းနားလည်ရင် ငါမိုက်ခဲ့တဲ့ အမှားတွေအတွက် မင်း နားလည်ပေးပါလို့ ငါမတောင်းဆိုပါဘူး၊ ငါမှားခဲ့တဲ့ အမှားတွေ အတွက် မင်းကိုယ်တိုင် ငါ့ကို ငါတို့အိမ်ရိပ်ကနေ မင်းအခုထွက်သွား လို့ နှင်ထုတ်လိုက်စမ်းပါ၊ အဲဒါ ငါ့အပြစ်တွေအတွက် မင်းကို ငါ ပေးဆပ်တာပဲ''

ရန်လင်းစကားလုံးတွေအောက်မှာ သူ မျောပါသွားခဲ့ပြီး သူလည်း ဝမ်းနည်းလွန်းလို့ ရန်လင်းလက်နှစ်ဖက်ကို ဆွဲခါနေရင်း မျက်ရည်တွေ တပေါက်ပေါက် စီးကျလာခဲ့သည်။

အဲဒီခဏအတွင်းမှာပဲ ရွှေဖုန်းက စိတ်ဆတ်သူပီပီ ရန်လင်း ကို အနောက်ကနေ ဝိတ်တွန်းပြီး ဒေါသနှင့်အပြင်းဆုံး နှင်ထုတ်လိုက်





ပြန်သည်။

''သူ နှင်မထုတ်ရက်ပေမယ့် ငါ နင့်ကို နှင်ထုတ်တယ်၊ ငါက နောက်တစ်လကြာရင် ဒီမိသားစုစာရင်းဝင်ပဲ၊ အဲဒီတော့ ငါ ပြောပိုင်ခွင့်ရှိတယ်၊ နင့်ကို ငါတို့မိသားစုအဖြစ် အသိအမှတ် မပြုနိုင် တော့ဘူး ... ဒါ ငါ့အမိန့်ပဲ၊ နင် ဒီအိမ်ရိပ်ကနေ ထွက်သွားပါတော့''

''ရွှေဖုန်း''

''မခေါ်နဲ့ ... နင့်အသံကို မကြားချင်ဘူး''

''နေတိုင်း ... မင်းတို့နှစ်ယောက်ကို စော်ကားမိတဲ့ ငါ့ဘဝ တစ်ခုလုံး အလင်းရောင် မှိန်သွားပါပြီကွာ''

ရန်လင်းက သူ့မျက်နှာကြီးကို တည့်တည့်စိုက်ကြည့်ပြီး မျက်ရည်တွေနှင့် သူနှင့် ရွှေဖုန်းအရှေ့ကနေ ချာခနဲ ကျောခိုင်းလှည့် ထွက်ပြေးသွားတဲ့အချိန်မှာ ကံကြမ္မာက ရန်လင်းကို အဆိုးဆုံး မွေ နောက်သွားပါတော့သည်။

အဲဒီကံကြမ္မာဆိုးကြီးကတော့ ရန်လင်း သူတို့ခြံထဲမှာ အရူး တစ်ယောက်လို ပြေးအထွက်မှာပဲ ရန်လင်းကို ကားတစ်စီးက ပြင်း ပြင်းထန်ထန် တိုက်သွားခဲ့တာပဲ ဖြစ်သည်။

❁



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံအထူးကြပ်မတ်ဆောင်တွင် အရေးပေါ်လူနာအဖြစ် တင်ထားသည့် ရန်လင်းရဲ့သတင်းဆိုးကတော့ ဘယ်တက်ခြေထောက် တစ်ချောင်း အရင်းကနေ ဖြတ်ပစ်ခဲ့ရသည်တဲ့။

အဲဒီလို ခြေထောက်ဖြတ်ပစ်လိုက်ရတဲ့ ရန်လင်းအတွက် တစ်မိသားစုလုံး စိတ်မကောင်းဖြစ်ခဲ့ မျက်ရည်ကျခဲ့ကြပေမယ့် ထူးထူး ခြားခြား ပြုံးပျော်ကျေနပ်နေသူကတော့ သူ အသည်းနှင့်အောင် ချစ်ခဲ့သည့် ချစ်သူလေးပဲ ဖြစ်ခဲ့သည်။

သူမက ရန်လင်း အခုလို ဒုက္ခိတဖြစ်တာကိုပဲ ကျေနပ်သ ယောင် ပါးစပ်က ဖွင့်ပြောသေးသည်။





"အဲဒါပေါ့ နေတိုင်းရဲ့ . . . လူ့လောကမှာ ဝဋ်လည်တယ်ဆို တာ နောင်ဘဝ မစောင့်ရဘူး။ အခု လက်တွေ့ပဲ၊ ဒီနေ့ သူများကို စိတ်ဆင်းရဲအောင်လုပ်ရင် ကိုယ်က နောက်နေ့ သူ့လိုပဲ စိတ်ဆင်း ရဲရော ကြုံမှာပဲ၊ ဟင်း ဟင်း . . . ရှင်တို့ မိသားစုတွေက ရန်လင်း ဒုက္ခိတဖြစ်တာကို ဝမ်းနည်းမျက်ရည်ကျပေမယ့် ကျွန်မကတော့ လက် ခုပ်တီးပြီးတောင် ရယ်ချင်တယ်၊ သူ အဲဒီလို ဒုက္ခိတဖြစ်တာကို ကျေနပ်တယ်"

"ဟင်"

ရန်လင်းအတွက် စိတ်မကောင်းကြီးစွာ ခံစားနေရသည့် သူ့ကို ပခုံးမှီပြီး လွင်လွင်လေး ပြောလာသည့် ချစ်သူလေးကို ရင်နင့်စွာ တစ်ချက်စိုက်ကြည့်ပြီး . . .

"အဲဒီလို မပြောရဘူးလေ ရွှေဖုန်းရယ်၊ လူဆိုတာ သူ့ကံနဲ့ သူလာတာပါပဲ၊ ဘယ်သူ့ကို ဘာဖြစ်ပါစေ၊ ဘယ်သူကတော့ ဘာဖြစ် သွားပြီဆိုပြီး ကျေနပ်နေလို့ မရဘူး၊ ဟော . . . ဟိုအရှေ့ရပ်က နေမင်းကြီးကို ကြည့်စမ်း ရွှေဖုန်း"

"အင်း"

ရွှေဖုန်းက နေလုံးကြီးကို မကြည့်ဘဲ အင်းလိုက်လိုက်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . နေမင်းကြီးကို မော့ကြည့်လေ"

"မကြည့်ချင်ပါဘူး . . . မျက်စိကျိန်းတယ်"

"ခဏဖြစ်ဖြစ် ကြည့်လိုက်ပါကွာ"

"အင်း အင်း . . . ကြည့်ပြီ၊ ကြည့်ပြီ . . . ဘာလဲ ပြော"

ရွှေဖုန်းကို သူ့ရင်ခွင်ထဲမှာ နွေးထွေးစွာ သိမ်းဖက်ရင်း ရင်ခုန်သံတွေကို ခပ်ဖွဖွခံစားပြီးမှ သူလည်း နေမင်းကြီးကိုမော့ကြည့်ကာ တိုးတိုးလေး ရေရွတ်လိုက်သည်။

"ပူလိုက်တာကွာ . . . ဒီနေကြီးကလည်း"

"ဟဲ့ . . . ဘာလဲ၊ သူ့ညီ ဒုက္ခိတဖြစ်တာနဲ့ ကြောင်သွားပြန်ပြီ"

သူက ခံစားချက်ရှိရှိပါသည့် အကြည့်နက်နက်တွေဖြင့် ရင်ခွင်ထဲက ချစ်သူလေးကို ငုံ့ကြည့်ကာ ချစ်သူရဲ့ပါးပြင်လေးကို နှုတ်ခမ်းဖြင့် ဖွဖွဖိကပ်နမ်းရှိုက်ပြီး . . .

"နေမင်းက ဘာပြောလဲ"

"ဘာမှ မပြောဘူး"

"အေး . . . အဲဒီလိုပဲ၊ ကိုယ်က သူ့ကိုပူလို့ အပြစ်တင်လိုက်ပေမယ့် သူက ကိုယ့်ကို ဘာမှ ပြန်မပြောဘဲ နေမင်းကြီးသာမြဲသာဆဲ



BURMESE CLASSIC .com



အလင်းရောင်ပေးမြဲ ပေးဆဲပါပဲ"

"အဲဒီလို နေလိုကျင့်စမ်းပါ ရွှေဖုန်းရယ် . . . ဘယ်သူက ဘာပဲပြောပြော ကိုယ့်ဘက်က အပြည့်အဝ အလင်းရောင် ဖြာထွက်စမ်းပါနော်၊ ဒီစကားပြောလို့ ကိုယ့်ကိုလည်း စိတ်မဆိုးပါနဲ့၊ ကိုယ်မင်းကို ဆရာလုပ်တာ မဟုတ်ပါဘူးကွာ၊ ဖြူစင်မှန်မြတ်တဲ့စိတ်ထားပိုင်ရှင်အဖြစ် အမြဲတမ်း မြင်ချင်လို့ပါ၊ အခု ရန်လင်းလည်း သူ့ဘဝနဲ့သူ ပြီးသွားပါပြီ၊ ကိုယ်တို့ သူ့ ဆေးရုံက ဆင်းလာရင် သူ့ကို နှစ်သိမ့်အားပေးရမှာပဲ . . . နော် ရွှေဖုန်း"

"ဟင်း"

သူ့စကားတွေကို အခဲမကျေဖြစ်ပြီး သက်ပြင်းရှိုက်ရင်းမှ ခေါင်းတစ်ချက်ညိတ်ကာ . . .

"အေးပါ . . . သူတော်ကောင်းကြီးရယ်"

"အဲဒီလို မခနဲ့ရဘူးလေ"

"ဒါ . . . ခနဲ့စကား မဟုတ်ဘူး၊ ရှင့်ကို သိဒ္ဓိတင်တဲ့စကား"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ စကားတတ်မလေးကို ကိုယ်ဘာမှမပြောလိုတော့ပါဘူး၊ အရှုံးပေးပါတယ်"

"ဒါဆို . . . ဘာမှမပြောတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်သေးတယ် တစ်ခုတော့ ပြောဦးမယ်"

"ဘာလဲ"

"ကိုယ် မင်းကို မနက်ဖြန် လာတောင်းတော့မယ်"

"အင်း . . . ဟုတ်နေတာပဲ"

အဲဒီလိုပြောပြီး သူ့ရင်ခွင်ထဲမှာ မျက်နှာလေးပစ်ဝှက်လျက် သူ့အနမ်းတွေကို ရှောင်ရှားလိုက်သည့် ချစ်သူလေးရဲ့ အပြုအမူလေးတွေက သူ့ကို ရင်ခုန်မြူးကြွကာ သံစဉ်ကမ္ဘာသစ်တစ်ခု ရသွားခဲ့ပြီလို့ ဝန်ခံလိုက်မည်ဆိုလျှင် ရွှေဖုန်းကလည်း ရင်ခုန်ကျေနပ်သွားမှာ သေချာပါလိမ့်မည်။

ပရိသတ်အတွက်
အမြဲတမ်း
ရှင်မီထယ်

BURMESE CLASSIC .com

## ရှင်မီထယ် ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ


၁။ မောင့်ကိုမုန်းတယ်
၂။ နှလုံးသားနှင့် အပ်နှင်းပါတယ်
၃။ ချစ်သောညီမ
၄။ ကိုကိုနားလည်ပေးပါ
၅။ စကားကြီးသုံးခွန်းသံယောဇဉ်
၆။ နှလုံးသားထဲကသွေးသစ္စာ
၇။ တို့နှစ်ယောက်ရင်ခုန်ရသောနေ့
၈။ ပဲကိုပဲချစ်တယ်
၉။ သဘောကျကျေနပ်ခြင်း
၁၀။ မင်္ဂလာဝတ်ဒ်ရုံ
၁၁။ နှလုံးသားတစ်ဖက်ရင်ခွင်
၁၂။ လက်ခုပ်ထဲကရေ
၁၃။ ဤဥပမာ
၁၄။ ဒီလိုမှပေါ့


www.burmeseclassic.com

www.burmeseclassic.com


၁၅။ သက်သေမရှိတဲ့ငါနှလုံးသား

၁၆။ ချစ်မိသည့်ရင်

၁၇။ မနွေးထွေးသောရင်ခွင်

၁၈။ ဖူးစာရွေးတဲ့နတ် (ဗွီဒီယို)

၁၉။ ၁၅၀၀ ထက်ပြင်းသော

၂၀။ မိုးပျံချစ်ခြင်း

၂၁။ နတ်သမီးကလေး

၂၂။ တွယ်တာစရာဇီတစ်ယောက်တည်း

၂၃။ ကြယ်တစ်ပွင့်ပုံပြင်

၂၄။ အချစ်ကို အချစ်နဲ့စားသော်


ပရိသတ်များအတွက်

ရွှေမင်းနီစာပေမှ စင်တင်ထုတ်ဝေလိုက်သည့်

စာရေးဆရာမ

# Tဇာ

ရဲ့

အချစ်ဟာသလုံးချင်းဝတ္ထုသစ်

## နတ်မိုက်

## ပေါ့နေတဲ့အချစ်

## အတို့အထောင်

## ကောင်လေးက ကောင်မလေးကို

## မှန်ပေါ်ရွေးတဲ့ဖူးစာ

မကြာမီ ထွက်ရှိလာပါတော့မည်။

www.burmeseclassic.com